မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃ ] ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် ( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၂)**

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်

( ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

### ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း၊ ပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ (၁၀) မိုင်၊ အောင်စေတီကျောင်းလမ်း၊ အမှတ် (၈၉၉) တွင် တည်ရှိသော ဇာတိမာန်ကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမြင့်သူ [၇/ဒဂန (နိုင်) ၀၀၁၇၂၁] အား ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ဒိုက်ဦးမြို့နယ်၊ ကောလိယကြိုးဝိုင်း၊ အကွက်အမှတ် (၃၈၊ ၃၉) အတွင်း ကျွန်းစိုက်ခင်း (၁၀၀) ဧကကို တစ်ဖက်ဇယားပါ စာတိုင် (၄) ရှိ

ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် (၃၀) အထိ လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်း | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ရမည့်ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ကောလိယကြိုးဝိုင်း | ၃၈၊ ၃၉ | ၆၀ | ၂၀၁၂-၂၀၁၃ |
| ၂။ | ကောလိယကြိုးဝိုင်း | ၃၈၊ ၃၉ | ၄၀ | ၂၀၁၃-၂၀၁၄ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

တင်မျိုးကြည်
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၂)

၁၃၇၄ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်
( ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

## ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့် ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်း၊ ပြည်ပရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင်ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဘားအံမြို့၊ သုခမိန်လမ်း၊ (၄) ရပ်ကွက်၊ အမှတ် (၂၆၂) နေ ဦးစောအောင်လွင် [၁၀/ဘလန (နိုင်) ၀၀၀၅၀၁] အား ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ လှိုင်းဘွဲ့မြို့နယ်၊ ထီလုံကြိုးဝိုင်း၊ အကွက်

အမှတ် (၁၄) အတွင်း ကွန်းစိုက်ခင်း (၁၀၀) ဧကကို တစ်ဖက်ဇယားပါစာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် (၄၀) အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်း | အကွက်အမှတ် | ဧရိယာ (ဧက) | လုပ်ငန်းစတင်ရမည့် ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ထီလုံကြိုးဝိုင်း | ၁၄ | ၁၀၀ | ၂၀၁၂-၂၀၁၃ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသော လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

တင်မျိုးကြည်
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၁၂)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

**နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ
# ( ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၂။ )

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်
( ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် )

## နိဒါန်း

နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုကို ပို၍ကောင်းမွန်စေရန်နှင့် နိုင်ငံတော်၏ လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကို ဖြစ်ပေါ်စေမည့် ပြည်ပစီးပွားဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **နိုင်ငံခြားငွေ**ဆိုရာတွင် နိုင်ငံခြားငွေသားဖြစ်သော ဒင်္ဂါးများ၊ ငွေစက္ကူများ၊ စာတိုက်ငွေလွှဲလွှာများ၊ ချက်လက်မှတ်များ၊ ငွေလွှဲလက်မှတ်များ၊ ခရီးသွားချက်လက်မှတ်များ၊ ငွေလွှဲစာတမ်းများ၊ ငွေပေးအမိန့်လက်မှတ်များနှင့် ငွေပေးကတိစာချုပ်များ ပါဝင်သည်။

(ဂ) **နိုင်ငံခြားသုံးငွေ**ဟူသော စကားရပ်တွင် အောက်ပါတို့ပါဝင်သည် -

(၁) နိုင်ငံခြားငွေ ငွေသား၊

(၂) နိုင်ငံခြားငွေ ငွေသားဖြင့်ပေးချေရမည့် သို့မဟုတ် ပြည်ပတွင် ပေးချေရမည့် စာချုပ်စာတမ်းများ၊

(၃) နိုင်ငံတကာအစိုးရ ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ နိုင်ငံခြားရှိဗဟိုဘဏ်များ၊ ငွေတိုက်များနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်များတွင် ထားရှိသော အပ်ငွေများ၊

(၄) ပြည်တွင်းဘဏ်များရှိ နိုင်ငံခြားငွေဖြင့် ဖွင့်လှစ်ထားရှိသည့် ငွေစာရင်းများ၊

(၅) နိုင်ငံခြားအစိုးရများ၊ နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာအစိုးရ ငွေရေးကြေးရေးအဖွဲ့အစည်းများက ထုတ်ဝေထားသည့် သို့မဟုတ် အာမခံထားသည့် နိုင်ငံခြားငွေဖြင့် သတ်မှတ်ထားသော ငွေချေးသက်သေခံလက်မှတ်များနှင့် စာချုပ်စာတမ်းများ။

(ဃ) **ပုဂ္ဂိုလ်**ဆိုရာတွင် ဥပဒေအရ ဖွဲ့စည်းထားသည်ဖြစ်စေ၊ မဖွဲ့စည်းထားသည်ဖြစ်စေ ကော်ပိုရေးရှင်း၊ တရားဝင်တည်ထောင်ထားသော အဖွဲ့၊ အဖွဲ့အစည်း၊ သမဝါယမအသင်း၊ အစုစပ်လုပ်ငန်းနှင့် အခြားအဖွဲ့အစည်းတစ်ခုခု၊ အစည်းအရုံး၊ အသင်းအဖွဲ့ သို့မဟုတ် လူတစ်စုနှင့် လူတစ်ဦးဦးတို့ ပါဝင်သည်။

(င) **ပြည်တွင်း၌နေထိုင်သူ**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) နိုင်ငံခြားတိုင်းပြည်များမှ သံရုံးဝန်ထမ်းများနှင့် အလားတူ တာဝန်ထမ်းဆောင်နေသော နိုင်ငံခြားသားဝန်ထမ်းများမှအပ လွန်ခဲ့သည့် ၁၂ လတာကာလအတွင်း နိုင်ငံတော်တွင် အနည်းဆုံးရက်ပေါင်း ၁၈၃ ရက် နေထိုင်ခဲ့သူများ သို့မဟုတ် ယင်းသို့ နေထိုင်ခြင်း မရှိသော်လည်း မိမိ၏အဓိကလုပ်ငန်းဌာနရှိသူများ၊

(၂) ပြည်တွင်း ဥပဒေတစ်ရပ်ရပ်အရ တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် ရုံးများ၊ နိုင်ငံခြားဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်တွင် တရားဝင်ဖွဲ့စည်းထားသော ကုမ္ပဏီ၊ အဖွဲ့အစည်း၊ ရုံးများနှင့် ယင်းတို့၏ရုံးခွဲများ၊

(၃) နိုင်ငံခြားတိုင်းပြည်များတွင် နိုင်ငံတော်က တာဝန်ပေးခန့်အပ်ထားသော သံရုံးဝန်ထမ်းများ သို့မဟုတ် အခြားဝန်ထမ်းများ။

(စ) **ပြည်ပတွင်နေထိုင်သူ**ဆိုသည်မှာ ပုဒ်မခွဲ (င) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးမဝင်သူများကို ဆိုသည်။

(ဆ) **ဗဟိုဘဏ်**ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုသည်။

(ဇ) **နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ**ဆိုသည်မှာ နိုင်ငံခြားသုံးငွေနှင့်စပ်လျဉ်း၍ လက်ခံခြင်း၊ လဲလှယ်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပနှင့် သော်လည်းကောင်း လွှဲပြောင်းခြင်း၊ ပေးချေခြင်း စသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက် လုပ်ကိုင်ရန် ဗဟိုဘဏ်က ထုတ်ပေးသော လိုင်စင်တစ်မျိုးမျိုးကို ရရှိသည့်ပုဂ္ဂိုလ်ကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရရှိသူ၊ နိုင်ငံခြား သုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူနှင့် ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းလိုင်စင်ရရှိသူများ ပါဝင်သည်။

(ဈ) **နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လိုင်စင်ရရှိသူ**ဆိုသည်မှာ နိုင်ငံခြားသုံးငွေ လုပ်ငန်း လုပ်ကိုင်ရာတွင် နိုင်ငံခြားငွေ ငွေသားနှင့် ခရီးသွားချက်လက်မှတ်များကိုသာ လက်ခံ ဝယ်ယူရောင်းချခွင့်ရှိသူကို ဆိုသည်။

(ည) **နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသူ**ဆိုသည်မှာ နိုင်ငံခြား သုံးငွေလုပ်ငန်း အပါအဝင် နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသည့်ဘဏ်ကို ဆိုသည်။

(ဋ) **ငွေချေးသက်သေခံလက်မှတ်**ဟူသော စကားရပ်တွင် အောက်ပါတို့ ပါဝင်သည် -

(၁) ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ အစိုးရဌာနကဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ထုတ်ဝေသည့် သို့မဟုတ် ထုတ်ဝေရန် တာဝန်ယူထားသည့် ငွေတိုက်လက်မှတ်များ၊ ငွေတိုက် စာချုပ်များ၊ ဒီဘင်ချာများ၊

(၂) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံခြားအစိုးရများက ထုတ်ဝေသည့် ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊

(၃) အများနှင့်သက်ဆိုင်သော ကုမ္ပဏီများက ထုတ်ဝေသည့် ရှယ်ယာများ၊ စတော့များ၊ ငွေချေး စာချုပ်များနှင့် ဒီဘင်ချာများ၊

(၄) ရှယ်ယာများ၊ စတော့များ၊ ငွေချေးစာချုပ်များ၊ ဒီဘင်ချာများနှင့်စပ်လျဉ်းသည့် ရပိုင်ခွင့် များနှင့် ငွေထုတ်ခွင့်များ။

(ဌ) **သာမန်စာရင်းပိုင်းဆိုင်ရာလွှဲပြောင်းပေးချေမှုများ** ဆိုသည်မှာ ငွေလုံးငွေရင်းစာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများ မဟုတ်သည့် ပေးချေမှုများဖြစ်ပြီး ယင်းစကားရပ်တွင် အောက်ပါတို့ ပါဝင်သည် -

(၁) ကုန်သွယ်မှု၊ ဝန်ဆောင်မှု အပါအဝင် သာမန်စာရင်းပိုင်းဆိုင်ရာလွှဲပြောင်းပေးချေမှုများနှင့် ကာလတိုဘဏ်ချေးငွေများအတွက် ပေးချေမှုများ၊

(၂) ချေးငွေအပေါ် ပေးရသည့်အတိုးများနှင့် ရင်းနှီးမြှုပ်နှံမှုမှ အသားတင်ဝင်ငွေများ၊

(၃) ချေးငွေအတွက် အရစ်ကျပြန်လည်ပေးဆပ်မှုများ သို့မဟုတ် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် တန်ဖိုးလျှော့ခြင်းများ၊

(၄) မိသားစုနေထိုင်မှုစရိတ်အတွက် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေလွှဲပေးပို့မှုများ။

(ဍ) **ငွေလုံးငွေရင်းစာရင်းပိုင်းဆိုင်ရာလွှဲပြောင်းပေးချေမှုများ**ဆိုသည်မှာ ပုဒ်မခွဲ (ဌ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် သာမန်စာရင်းပိုင်းဆိုင်ရာပေးချေမှုများမှအပ ငွေလုံးငွေရင်းလွှဲပြောင်းမှုအတွက် ပေးချေမှုများကို ဆိုသည်။

## အခန်း (၂)
## ဗဟိုဘဏ်၏လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များ

၃။ ဗဟိုဘဏ်သည် -

(က) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မူဝါဒများ ချမှတ်ဆောင်ရွက်ရမည်။

(ခ) ဈေးကွက်ငွေလဲလှယ်နှုန်းကို အခြေခံ၍ သတ်မှတ်သည့် ရည်ညွှန်းငွေလဲလှယ်နှုန်းအား နေ့စဉ်ထုတ်ပြန်ကြေညာရမည်။

၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံခြားသုံးငွေလုပ်ငန်းများနှင့်စပ်လျဉ်း၍ သုံးလထက်မပိုသော အရေးပေါ်ကာလတစ်ရပ်ကို သတ်မှတ်နိုင်သည်။ ထို့ပြင် လိုအပ်ပါက ယင်းကာလကို တစ်ကြိမ်လျှင် သုံးလထက်မပိုစေဘဲ ထပ်မံသတ်မှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ကာလ သတ်မှတ်ပါက ဗဟိုဘဏ်သည် အရေးပေါ်အခြေအနေကို ဖြေရှင်းရန် နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိသူတို့၏ လုပ်ငန်းများအပေါ် ယာယီကန့်သတ်ချက်များ သတ်မှတ်နိုင်သည်။

၅။ ဗဟိုဘဏ်သည် ဘဏ်များအကြား ငွေကြေးဈေးကွက်လုပ်ငန်းများ စနစ်တကျနှင့် ချောမွေ့စွာလုပ်ကိုင်နိုင်ရန် ပံ့ပိုးဆောင်ရွက်ရမည်။ ထို့ပြင် နိုင်ငံခြားသုံးငွေရောင်းဝယ်မှုတွင် ပါဝင်ဆောင်ရွက်နိုင်သည်။

## အခန်း (၃)
## နိုင်ငံခြားသုံးငွေလုပ်ငန်းများ

၆။ ဤဥပဒေနှင့်သက်ဆိုင်သော နိုင်ငံခြားသုံးငွေလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း၌ နိုင်ငံခြားငွေဖြင့် ပေးချေမှုများ၊

(ခ) နိုင်ငံတော်အတွင်း၌ နိုင်ငံခြားသုံးငွေဖြင့် အခြားသောပေးချေမှုများ၊

(ဂ) နိုင်ငံခြားသုံးငွေဖြင့် နိုင်ငံတကာပေးချေမှုနှင့် လွှဲပြောင်းမှုများ၊

(ဃ) နိုင်ငံတော်အတွင်း၌ နိုင်ငံခြားငွေနှင့် အခြားနိုင်ငံခြားသုံးငွေများ ဝယ်ယူ၊ ရောင်းချမှုများ။

၇။ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံများအကြား နိုင်ငံခြားငွေ ငွေသား၊ ပေးချေမှုစာချုပ်စာတမ်းများနှင့် ငွေချေးသက်သေခံလက်မှတ်များအား လက်ရောက်လွှဲပြောင်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၈။ ပုဒ်မ ၇ ပါ လက်ရောက်လွှဲပြောင်းခြင်းမှအပ နိုင်ငံခြားငွေဖြင့် ပေးချေခြင်းနှင့် လွှဲပြောင်းမှုများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူများမှတစ်ဆင့် ဆောင်ရွက်ရမည်။

၉။ နိုင်ငံတော်အတွင်း နိုင်ငံခြားသုံးငွေရောင်းဝယ်မှုလုပ်ငန်းများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူများကသာ ဆောင်ရွက်ခွင့်ရှိသည်။ နိုင်ငံခြားငွေများဝယ်ယူရောင်းချ လဲလှယ်ပေးခွင့်လိုင်စင်ရရှိသူများသည် နိုင်ငံခြားငွေ ငွေသားနှင့် ခရီးသွားချက်လက်မှတ်များကိုသာ ရောင်းဝယ်ခွင့်ရှိသည်။

## အခန်း (၄)

## နိုင်ငံခြားငွေကိုင်ဆောင်ခြင်း၊ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ခြင်းနှင့်အသုံးပြုခြင်း

၁၀။ ပြည်တွင်း၌ နေထိုင်သူများသည် သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားငွေပမာဏတစ်ရပ်ကို ကာလတစ်ခုအတွင်း ကိုင်ဆောင်ခွင့်ရှိသည်။ ယင်းသတ်မှတ်ချက်များအရ မိမိတို့ပိုင်ဆိုင်သော နိုင်ငံခြားငွေများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူတို့ထံ ဈေးကွက်ပေါက်ဈေးနှုန်းဖြင့် လဲလှယ်အပ်နှံနိုင်သည်။

၁၁။ နိုင်ငံခြားငွေ တရားဝင်ကိုင်ဆောင်ထားသော မည်သူမဆို မိမိပိုင်ဆိုင်သော နိုင်ငံခြားငွေအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ နိုင်ငံတော်အတွင်း နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူများထံတွင်သာ ဘဏ်ငွေစာရင်း ဖွင့်လှစ်အပ်နှံနိုင်သည်။

၁၂။ ပြည်တွင်း၌ နေထိုင်သူများသည် ပြည်ပတွင်ရရှိသော နိုင်ငံခြားသုံးငွေဖြင့် ဝင်ငွေများကို သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းသို့ ပြန်လည်ပေးပို့ရမည်။ ထိုဝင်ငွေများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူထံတွင် ဘဏ်ငွေစာရင်း ဖွင့်လှစ်အပ်နှံရမည်။

၁၃။ ပြည်တွင်း၌ နေထိုင်သူဖြစ်စေ၊ ပြည်ပ၌ နေထိုင်သူဖြစ်စေ နိုင်ငံတော်အတွင်း မိမိတို့၏ နိုင်ငံခြားသုံးငွေများ ရောင်းချခြင်းမှ ရရှိသည့်ကျပ်ငွေကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသူထံတွင် ကျပ်ငွေစာရင်း ဖွင့်လှစ်အပ်နှံနိုင်သည်။ ထိုကျပ်ငွေစာရင်းလက်ကျန်ကို နိုင်ငံခြားသုံးငွေပြန်လည်ဝယ်ယူရန် အသုံးပြုနိုင်သည်။

၁၄။ ပြည်တွင်း၌ နေထိုင်သူများသည် ပြည်ပနိုင်ငံတစ်ခုခုတွင် နိုင်ငံခြားငွေစာရင်း ဖွင့်လှစ်၍ အောက်ပါကိစ္စရပ်များအတွက် အသုံးပြုနိုင်သည် -

(က) ကုန်းကြောင်း၊ ရေကြောင်းနှင့်လေကြောင်းတို့ဖြင့် သယ်ယူပို့ဆောင်ခြင်း၊ အာမခံထားရှိခြင်း၊ နိုင်ငံခြားခရီးသွားလုပ်ငန်း ဆောင်ရွက်ခြင်း၊ အလုပ်သမားများ စေလွှတ်ခြင်းနှင့် ပြည်ပတွင် ဆောက်လုပ်ရေးစီမံကိန်းများ ကန်ထရိုက်ယူဆောင်ရွက်ခြင်း၊

(ခ) ပြည်ပချေးငွေများအတွက် ကြွေးမြီပေးဆပ်ခြင်း၊

(ဂ) ပြည်ပတွင် ရုံးခွဲ သို့မဟုတ် ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခြင်းနှင့် သက်ဆိုင်ရာအာဏာပိုင်များ၏ ခွင့်ပြုချက်အရ ပြည်ပတွင် နိုင်ငံခြားသုံးငွေလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဃ) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ဗဟိုဘဏ်က ခွင့်ပြုသည့် အခြားလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၁၅။ ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ပတွင် နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားရှိသော ပြည်တွင်း၌ နေထိုင်သူများသည် ယင်းနိုင်ငံခြားငွေစာရင်းအသုံးပြုမှုအား သတ်မှတ်ချက်များနှင့်အညီ ဗဟိုဘဏ်သို့ အစီရင်ခံတင်ပြရန် တာဝန်ရှိသည်။

၁၆။ နိုင်ငံခြားငွေဖြင့် ဘဏ်ငွေစာရင်း ဖွင့်လှစ်ထားသော ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများသည် ဗဟိုဘဏ်က တောင်းခံသည့် ယင်းငွေစာရင်းများ အသုံးပြုမှုနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို တင်ပြရမည်။

## အခန်း (၅)

## ကျပ်ငွေဖြင့် နိုင်ငံတကာပေးချေမှုများနှင့် လွှဲပြောင်းမှုများ

၁၇။ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံများအကြား ငွေသားဖြင့် လက်ရောက်လွှဲပြောင်းမှု၊ ပေးချေမှုနှင့် အခြားပေးချေမှု အပါအဝင် ကျပ်ငွေဖြင့် နိုင်ငံတကာပေးချေမှုများနှင့် လွှဲပြောင်းမှုများအား သတ်မှတ်ချက်များနှင့် အညီသာ ဆောင်ရွက်နိုင်သည်။

## အခန်း (၆)

## နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရသူများ

၁၈။ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူသည် -

(က) လုပ်ငန်းလိုင်စင်တွင် ပါရှိသည့် သတ်မှတ်လုပ်ငန်းများကိုသာ လုပ်ကိုင်ရမည်။

(ခ) ဤဥပဒေ၊ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသော ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ၊ နိုင်ငံခြားသုံးငွေနှင့်သက်ဆိုင်သော အခြားတည်ဆဲဥပဒေများကို လိုက်နာရမည်။

၁၉။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် ပြည်တွင်း၌နေထိုင်သူများအား သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားသုံးငွေဖြင့် ချေးငွေထုတ်ချေးနိုင်သည်။

၂၀။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူသည် အများပြည်သူထံမှ နိုင်ငံခြားသုံးငွေဖြင့် အပ်ငွေကို လက်ခံခြင်း၊ သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားသုံးငွေဖြင့် ငွေချေးစာချုပ်များနှင့် ကာလတိုငွေစုလက်မှတ်များ ထုတ်ဝေခြင်းဖြင့် အများပြည်သူထံမှငွေကြေးကို စုစည်းနိုင်သည်။

၂၁။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူများသည် ဘဏ်များအကြား ငွေကြေးဈေးကွက်တွင် ပါဝင်ဆောင်ရွက်နိုင်သည်။ ထို့ပြင် သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားသုံးငွေကို အများပြည်သူနှင့် ရောင်းဝယ်မှုပြုနိုင်သည်။

၂၂။ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများသည် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းလိုင်စင်စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၇)

## နိုင်ငံခြားသုံးငွေနှင့်လက်ဝတ်ရတနာများ ပြည်တွင်းပြည်ပသို့ ယူဆောင်ခြင်း

၂၃။ ပြည်တွင်း၌ နေထိုင်သူများနှင့် ပြည်ပ၌ နေထိုင်သူများသည် ကိုယ်ပိုင်သုံးရန်အတွက် နိုင်ငံခြားသုံးငွေနှင့် လက်ဝတ်ရတနာများကို နိုင်ငံတော်အတွင်းသို့ ယူဆောင်လာခြင်း၊ နိုင်ငံတော်အတွင်းမှ ပြည်ပသို့ ယူဆောင်သွားခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၈)

## သာမန်စာရင်းပိုင်းဆိုင်ရာလွှဲပြောင်းပေးချေမှုများ

၂၄။ သာမန်စာရင်းပိုင်းဆိုင်ရာလွှဲပြောင်းပေးချေမှုများအတွက် နိုင်ငံတကာမှ ပြည်တွင်းသို့ ပေးချေမှုများနှင့် လွှဲပြောင်းမှုများအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကန့်သတ်ချက်မပြုလုပ်ရ။

၂၅။ သာမန်စာရင်းပိုင်းဆိုင်ရာလွှဲပြောင်းပေးချေမှုများအတွက် ပြည်တွင်းမှ နိုင်ငံတကာသို့ ပေးချေမှုများနှင့် လွှဲပြောင်းမှုများပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကန့်သတ်ခြင်းမပြုလုပ်ရ။

## အခန်း (၉)
## ငွေလုံးငွေရင်းစာရင်းပိုင်းဆိုင်ရာလွှဲပြောင်းပေးချေမှုများ

၂၆။ ဗဟိုဘဏ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သော အရင်းငွေ၊ အတိုးငွေ၊ အမြတ်ခွဲဝေမှုများနှင့် အခြားရငွေများကို ပြည်ပသို့ ပြန်လည်လွှဲပြောင်းပေးပို့ခွင့်ပြုနိုင်ရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် သတ်မှတ်ထားသောရန်ပုံငွေများကို ပြည်တွင်းသို့ အမှန်တကယ်ယူဆောင်လာခြင်း ရှိ မရှိ စိစစ်သုံးသပ်ရမည်။

၂၇။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ရန်ပုံငွေများကို ယူဆောင်လာသည့်အခါတိုင်း ဗဟိုဘဏ်သို့ အထောက်အထားတို့ဖြင့် သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။ ယင်းအထောက်အထားများကို တင်ပြနိုင်ခြင်းမရှိပါက ပြည်ပသို့ ယင်းရန်ပုံငွေများ ပြန်လည်လွှဲပို့ခြင်းကို ခွင့်ပြုရန် ဗဟိုဘဏ်က ငြင်းပယ်နိုင်သည်။

၂၈။ ရင်းနှီးမြှုပ်နှံမှုကာလကုန်ဆုံးသည့်အခါဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်စိတ်တစ်ပိုင်း သို့မဟုတ် လုံးဝပိတ်သိမ်းသည့်အခါဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် မိမိရင်းနှီးမြှုပ်နှံငွေများအား မိခင်နိုင်ငံ သို့မဟုတ် တတိယနိုင်ငံသို့ လွှဲပြောင်းပေးပို့နိုင်သည်။

၂၉။ ပြည်တွင်း၌ နေထိုင်သူတစ်ဦးသည် ပြည်ပနိုင်ငံတစ်ခုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ရင်းနှီးမြှုပ်နှံလိုပါက သတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်ရမည်။

၃၀။ ဗဟိုဘဏ်သည် စည်းမျဉ်းများထုတ်ပြန်၍ ငွေလုံးငွေရင်းစာရင်းပိုင်းဆိုင်ရာ လွှဲပြောင်းပေးချေမှုများအပေါ် ကန့်သတ်ချက်များ သတ်မှတ်နိုင်သည်။ ယင်းကန့်သတ်ချက်များသည် အောက်ပါတို့နှင့် မသက်ဆိုင်စေရ -

(က) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော ချေးငွေများအတွက် အရင်းပြန်လည်ပေးဆပ်မှု၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော နိုင်ငံခြားသို့ကူညီထောက်ပံ့မှု၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော နိုင်ငံခြားတွင် ရင်းနှီးမြှုပ်နှံမှု။

၃၁။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကိုမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်များက ပယ်ဖျက်သည် သို့မဟုတ် ခြွင်းချက်ပြုသည်ဟု မှတ်ယူခြင်းမပြုရ။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက ယင်းပြဋ္ဌာန်းချက်သည် အကျိုးသက်ရောက်မှုမရှိစေရ။

## အခန်း (၁၀)
## ဗဟိုဘဏ်၏စီမံခန့်ခွဲပိုင်ခွင့်

၃၂။ ဗဟိုဘဏ်သည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည် -

(က) နိုင်ငံခြားသုံးငွေလုပ်ငန်းတစ်မျိုးမျိုးကို လုပ်ကိုင်ခွင့်ရရှိရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ဖောက်ဖျက်သူများအား လုပ်ငန်းလိုင်စင်ရုပ်သိမ်းခြင်း၊

(ခ) နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများအား ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊

(ဂ) နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများလက်ဝယ်တွင် ထားရှိနိုင်သည့် နိုင်ငံခြားသုံးငွေ ရရန်ပိုင်ခွင့်များ၏ပမာဏကို ကန့်သတ်သည့်စည်းမျဉ်းများ ချမှတ်ခြင်း၊

(ဃ) နိုင်ငံခြားသုံးငွေလုပ်ငန်းလုပ်ကိုင်သည့် ပုဂ္ဂိုလ်များ၏ အသားတင်နိုင်ငံခြားသုံးငွေပမာဏကို ကန့်သတ်မှုများ ပြုလုပ်ရာတွင် ငွေကြေးတစ်မျိုးချင်းသော်လည်းကောင်း၊ ငွေကြေးအားလုံး

စုပေါင်း၍သော်လည်းကောင်း သတ်မှတ်ခြင်း၊ ထို့ပြင် ယင်းတို့၏ ပြည်ပကြွေးမြီပမာဏနှင့် အခြား လိုအပ်ချက်များကို ကန့်သတ်ခြင်း။

၃၃။ ဗဟိုဘဏ်သည် ဤဥပဒေကို ကျင့်သုံးအကောင်အထည်ဖော်ရာတွင် လိုအပ်သော သတင်းအချက်အလက်များကို နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ရရှိသူများထံမှ တောင်းယူခွင့်ရှိသည်။ ဗဟိုဘဏ်မှ တာဝန်ရှိဝန်ထမ်းနှင့် ဗဟိုဘဏ်က တာဝန်ပေးအပ်ထားသည့် အရည်အချင်းပြည့်မီသော အခြားပြင်ပပုဂ္ဂိုလ်များအား နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူတစ်ဦးဦး၏ စာရင်းများ၊ စာရင်းစာအုပ်များ၊ အထောက်အထားများနှင့် ဗဟိုဘဏ်က လိုအပ်သည်ဟု ယူဆသော အခြားမှတ်တမ်းများကို စစ်ဆေးစေနိုင်သည်။

၃၄။ ဗဟိုဘဏ်သည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ထုတ်ပေးထားသော နိုင်ငံခြားသုံးငွေလုပ်ငန်းလိုင်စင်ကို ပြန်လည်ရုပ်သိမ်းနိုင်သည် -

(က) လျှောက်ထားသူသည် လုပ်ငန်းလိုင်စင်ရယူရန် တင်ပြခဲ့စဉ်က အဆိုပြုတင်ပြသည့် အရာရှိများ၊ ဒါရိုက်တာများနှင့် အဓိကရှယ်ယာပိုင်ဆိုင်သူများ၏ လုပ်ငန်းအတွေ့အကြုံ သို့မဟုတ် ဖြောင့်မတ်တည်ကြည်မှုနှင့်စပ်လျဉ်း၍ မမှန်ကန်သောသတင်းအချက်အလက်များ တင်ပြခဲ့ကြောင်း သို့မဟုတ် လုပ်ငန်းလိုင်စင်လျှောက်လွှာနှင့်စပ်လျဉ်း၍ မမှန်ကန်သောစာရွက်စာတမ်းများ တင်ပြခဲ့ကြောင်း ပေါ်ပေါက်ခြင်း၊

(ခ) လုပ်ငန်းလိုင်စင်ရရှိထားသူက လုပ်ငန်းလိုင်စင်ရုပ်သိမ်းပေးပါရန် တင်ပြတောင်းခံလာခြင်း၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ လိုက်နာရမည့်တာဝန်များကို ပျက်ကွက်ခြင်း၊

(ဃ) ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် ပုဒ်မ ၃၉ နှင့် ၄၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(င) ငွေကြေးခဝါချမှု၊ အကြွန်လိမ်လည်မှုနှင့် ငွေရေးကြေးရေးဆိုင်ရာပြစ်မှုတစ်ခုခုအတွက် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(စ) နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိထားသူများသည် မိမိနှင့်လုပ်ငန်းဆက်သွယ်ဆောင်ရွက်သူများ၏ လိုအပ်ချက်ကိုလည်းကောင်း၊ သာမန်လုပ်ငန်းဆောင်ရွက်မှုတွင် မိမိဖြည့်ဆည်းရန် တာဝန်များကိုလည်းကောင်း ပျက်ကွက်ပြီး လုပ်ငန်းတွင် အရှုံးပေါ်ပေါက်၍ လုပ်ငန်းဖျက်သိမ်းရဖွယ်ရှိသည်ဟု ခိုင်လုံသောအထောက်အထားများ တွေ့ရှိရခြင်း။

၃၅။ ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူက ဤဥပဒေ အခန်း (၆) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ကျခံစေနိုင်သည် -

(က) သတိပေးခြင်း၊

(ခ) နိုင်ငံခြားသုံးငွေလုပ်ငန်း ဆောင်ရွက်ချက်များကို ကန့်သတ်ချက် အပါအဝင်ဖြစ်သည့် အမိန့်များ ချမှတ်ခြင်း၊

(ဂ) ဒဏ်ကြေးပေးဆောင်စေခြင်း၊

(ဃ) တာဝန်ရှိသူ သို့မဟုတ် သက်ဆိုင်ရာဝန်ထမ်းအား လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းမှ ယာယီ သို့မဟုတ် အမြဲတမ်းရပ်စဲခြင်း၊

(င) လုပ်ငန်းလိုင်စင်ဖျက်သိမ်းခြင်း။

၃၆။ ဗဟိုဘဏ်က ပုဒ်မ ၃၅ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ကျေနပ်မှုမရှိသူသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၃၇။ ဤဥပဒေအရ အရေးယူသည့် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းအပေါ် ပိတ်ပင်ခြင်းမရှိစေရ။

## အခန်း (၁၁)
## တားမြစ်ချက်များ

၃၈။ မည်သူမျှ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်တစ်မျိုးမျိုးမရှိဘဲ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ။

၃၉။ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို ဗဟိုဘဏ်က ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်တွင် သတ်မှတ်ခွင့်ပြုခြင်းမရှိသော နိုင်ငံခြားသုံးငွေလုပ်ငန်းများအား လုပ်ကိုင်ခြင်းမပြုရ။

၄၀။ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူများသည် ဤဥပဒေပါ ပုဒ်မ ၂၀ အရ -

(က) ဗဟိုဘဏ်က တောင်းခံသော သတင်းအချက်အလက်များကို ပေးအပ်ရန် ပျက်ကွက်ခြင်း မရှိစေရ။

(ခ) မိမိ၏စာရင်းများ၊ စာရင်းစာအုပ်များ၊ အထောက်အထားများနှင့် အခြားမှတ်တမ်းများကို စစ်ဆေးမှုပြုရာတွင် စွက်ဖက်ခြင်း၊ ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း မပြုရ။

၄၁။ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်

၄၂။ မည်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်ပြင် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၄၃။ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်ပြင် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့် ချမှတ်ရမည်။

၄၄။ နိုင်ငံခြားသုံးငွေလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၄၀ သို့မဟုတ် ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၃)
## အထွေထွေ

၄၅။ ဤဥပဒေပါ ပြစ်မှုများဖြင့် တရားစွဲဆိုရာတွင် ဗဟိုဘဏ်၏ကြိုတင်ခွင့်ပြုချက် ရယူရမည်။

၄၆။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၇။ ရုပ်သိမ်းလိုက်သည့် ၁၉၄၇ ခုနှစ်၊ နိုင်ငံခြားသုံးငွေစည်းမျဉ်းသတ်မှတ်ရေးအက်ဥပဒေ (The Foreign Exchange Regulation Act, 1947) အရ ထုတ်ပြန်ခဲ့သည့် နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့်မဆန့်ကျင်သမျှ ကျင့်သုံးနိုင်သည်။

၄၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဤဥပဒေအရ ပေးအပ်သောတာဝန်ကို သဘောရိုးဖြင့် ဆောင်ရွက်သူကို ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း အရေးယူခြင်းမပြုရ။

၄၉။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဗဟိုဘဏ်သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုဘဏ်သည် လိုအပ်သော အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၀။ ဤဥပဒေဖြင့် The Foreign Exchange Regulation Act, 1947 ကို ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၂)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်
( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

## အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ
## ( ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၃။ )

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်
( ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ပြည်ထောင်စုအစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေအရ စီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ပေးအပ်ခြင်းခံရသော ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(ဂ) **အရေးကြီးကုန်စည်**ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနတစ်ခုခုက အခါအားလျော်စွာ သတ်မှတ်သော သက်ရှိကုန်စည် သို့မဟုတ် သက်မဲ့ကုန်စည်တစ်မျိုးမျိုးကို ဆိုသည်။

(ဃ) **အရေးကြီးဝန်ဆောင်မှု**ဆိုသည်မှာ ဤဥပဒေအရ ဝန်ကြီးဌာနတစ်ခုခုက အခါအားလျော်စွာ သတ်မှတ်သော ဝန်ဆောင်မှုတစ်မျိုးမျိုးကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံသားများ၏ အကျိုးစီးပွားကို အထောက်အကူပြုမည့် ကုန်စည်များနှင့် ဝန်ဆောင်မှုများကို အကာအကွယ်ပေးနိုင်ရန်၊

(ခ) နိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သော ကုန်စည်များနှင့် ဝန်ဆောင်မှုများကို ကန့်သတ်တားဆီးနိုင်ရန်၊

(ဂ) ဘေးအန္တရာယ်၊ ကူးစက်ရောဂါနှင့် အခြားမလိုလားအပ်သော ကိစ္စတစ်စုံတစ်ရာ ပေါ်ပေါက်နိုင်သည့် ကုန်စည်နှင့် တိရစ္ဆာန်များအား ပြည်တွင်းသယ်ဆောင်မှု၊ ပြည်တွင်းသို့ တင်သွင်းမှုနှင့် ပြည်ပသို့ တင်ပို့မှုတို့ကို တားဆီးနိုင်ရန်။

## အခန်း (၃)
## အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုများ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သလို ဆောင်ရွက်စေသည့် အမိန့်ထုတ်ပြန်နိုင်ခွင့်ကို သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုခုအား အပ်နှင်းနိုင်သည် -

(က) ကုန်စည်တစ်မျိုးမျိုးကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာပြီး ယင်းကုန်စည်နှင့်စပ်လျဉ်း၍ တင်သွင်းမှု၊ တင်ပို့မှု၊ ရောင်းဝယ်မှု၊ လက်ဝယ်ထားမှု၊ သိုလှောင်မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှု၊ စားသုံးမှုတို့နှင့်သက်ဆိုင်သည့်ကိစ္စရပ်များ၊

(ခ) တိရစ္ဆာန်တစ်မျိုးမျိုးကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်ကြေညာပြီး ယင်းတိရစ္ဆာန်နှင့်စပ်လျဉ်း၍ သတ်ဖြတ်မှု၊ ဖမ်းဆီးမှု၊ ခိုင်းစေမှု၊ မွေးမြူမှု၊ တင်သွင်းမှု၊ တင်ပို့မှု၊ ရောင်းဝယ်မှု၊ လက်ဝယ်ထားမှု၊ သိုလှောင်မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှု၊ စားသုံးမှုတို့နှင့်သက်ဆိုင်သည့် ကိစ္စရပ်များ၊

(ဂ) ဝန်ဆောင်မှုတစ်မျိုးမျိုးကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်ကြေညာပြီး ယင်းဝန်ဆောင်မှုနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ။

## အခန်း (၄)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၅။ မည်သူမဆို ပုဒ်မ ၄ အရ ထုတ်ပြန်သော အမိန့်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ရမည့်ပြင် ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်။

၆။ တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးစေရန်ဖြစ်စေ၊ နိုင်ငံတော် ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန်ဖြစ်စေ၊ အခြားနည်းစီမံခန့်ခွဲရန်ဖြစ်စေ အမိန့်ချမှတ်နိုင်သည်။

၇။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုများအဖြစ် သတ်မှတ်သည်။

## အခန်း (၅)
## အထွေထွေ

၈။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အခြားပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များအကြား လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရမည်။

၉။ ပုဒ်မ ၄ အရ တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ကြီးဌာနသည် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု တစ်ခုခုကို အရေးကြီးကုန်စည် သို့မဟုတ် အရေးကြီးဝန်ဆောင်မှုအဖြစ် အမိန့်ထုတ်ပြန်သတ်မှတ်၍ လိုအပ် သလို ဆောင်ရွက်ပြီးနောက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ခြင်းမရှိသည့်အခါ ယင်းအမိန့်ကို ဆောလျင်စွာ ပြန်လည်ပယ်ဖျက်ပေးရမည်။

၁၀။ The Essential Supplies and Services Act, 1947 အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့်မဆန့်ကျင်သမျှ ဆက်လက် ကျင့်သုံးနိုင်သည်။

၁၁။ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ပုဒ်မ ၄ အရ တာဝန်အပ်နှင်းခံရသည့် ဝန်ကြီးဌာနသည် သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

၁၂။ ဤဥပဒေဖြင့် The Essential Supplies and Services Act, 1947 ကို ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၁၂)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

**နိုင်ငံခြားဆက်ဆံရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော နိုင်ငံခြားဆက်ဆံရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

**နိုင်ငံခြားဆက်ဆံရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**

**( ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄။ )**

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်

( ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံခြားဆက်ဆံရေးအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံခြားဆက်ဆံရေးအက်ဥပဒေ၊ The Foreign Relations Act (၁၉၃၂ ခုနှစ်၊ အိန္ဒိယအက်ဥပဒေ အမှတ် ၁၂) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၁၂)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁၅ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် )

## ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေကို ပြည်ထောင်စု လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

## ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ
## ( ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၅။ )

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်

( ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။

(ဂ) ဤဥပဒေသည် ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေအရ အကျုံးဝင်သက်ဆိုင်ခဲ့သည့် အရပ်ဒေသများတွင် ဆက်လက်အကျုံးဝင်သက်ဆိုင်စေရမည်။ ဤဥပဒေ ထပ်မံအကျုံးဝင်သက်ဆိုင်စေရမည့် အရပ်ဒေသများကို အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့်ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အလုပ်သမား**ဆိုသည်မှာ လုပ်ငန်းဌာနတစ်ခုခုတွင် အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေ ကာယအားသို့မဟုတ် ဉာဏအားကို အသုံးပြုပြီး လုပ်ကိုင်၍ရရှိသော လုပ်ခဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုနေသူကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ခရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အလုပ်လုပ်ကိုင်လျက်ရှိသော အလုပ်သင်များ၊ ပညာသင်များလည်း ပါဝင်သည်။ သို့ရာတွင် အလုပ်ရှင်နှင့်အတူနေပြီး အလုပ်ရှင်အပေါ် မှီခိုနေသော အလုပ်ရှင်၏မိသားစု မပါဝင်။

(ခ) **အလုပ်ရှင်**ဆိုသည်မှာ အလုပ်သမားအား လုပ်ခပေးရန် တာဝန်ရှိသူ၊ အလုပ်ခန့်ထားမှု သဘောတူညီချက်ဖြင့် အလုပ်သမားအား ခန့်ထားသူ၊ အလုပ်ရှင်၏ကိုယ်စား စီမံအုပ်ချုပ်သူတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေ၌ အခြားနည်းဖြင့် သီးခြားပြဋ္ဌာန်းထားခြင်းမရှိလျှင် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် အကျိုးတူဖက်စပ်လုပ်ငန်းလုပ်ကိုင်သူနှင့် အလုပ်ရှင်သေဆုံးသည့်အခါ ယင်း၏အမွေဆက်ခံသူ၊ လုပ်ငန်းဆက်ခံသူ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်တို့လည်း ပါဝင်သည်။

(ဂ) **အာမခံထားသူ**ဆိုသည်မှာ ဤဥပဒေနှင့်သက်ဆိုင်သော လုပ်ငန်းဌာနတစ်ခုခုတွင် လုပ်ကိုင်လျက်ရှိပြီး လူမှုဖူလုံရေးစနစ်နှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့တွင် မှတ်ပုံတင်ပြီး အာမခံထားရှိသော အလုပ်သမားကိုသော်လည်းကောင်း၊ အာမခံထားရန် တာဝန်ရှိသော အလုပ်သမားကိုသော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သော လုပ်ငန်းဌာနတစ်ခုခုတွင် လုပ်ကိုင်ခြင်းမရှိစေကာမူ လူမှုဖူလုံရေးစနစ်နှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်တို့တွင် မိမိတို့ဆန္ဒအလျောက် အာမခံထားရှိသူကိုသော်လည်းကောင်း ဆိုသည်။

(ဃ) **လုပ်ငန်းဌာန**ဆိုသည်မှာ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ပါ အလုပ်ရုံနှင့် အဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါလုပ်ငန်းဌာန၏ အလုပ်ကို လုပ်ကိုင်သော အလုပ်နေရာတစ်ခုခုလည်း ပါဝင်သည်။

(င) **လူမှုဖူလုံရေးရန်ပုံငွေ**ဆိုသည်မှာ အာမခံထားသူများအတွက် နောင်ရေးစိတ်အေးပြီး ပူပင်သောကမရှိစေရန် စီမံထားရှိသော ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေ၊ မိသားစုထောက်ပံ့မှုရန်ပုံငွေ၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ရန်ပုံငွေ၊ အလုပ်လက်မဲ့ဖြစ်မှုအတွက် အကျိုးခံစားခွင့်ရန်ပုံငွေ၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းရန်ပုံငွေတို့ကိုလည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့်ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သော အခြားလူမှုဖူလုံရေးရန်ပုံငွေတို့ကိုလည်းကောင်း ဆိုသည်။

(စ) **အလုပ်တွင်ထိခိုက်မှု**ဆိုသည်မှာ အလုပ်သမားသည် အလုပ်ခွင်အတွင်းနှင့် အလုပ်ခွင်ပြင်ပတွင် အလုပ်ကို အကြောင်းပြု၍ဖြစ်စေ၊ အလုပ်တာဝန်နှင့်ဆက်စပ်၍ဖြစ်စေ၊ အလုပ်ရှင်၏အကျိုးငှာ အခြားလုပ်ငန်းများ ဆောင်ရွက်ရာတွင်ဖြစ်စေ၊ အလုပ်တာဝန်ထမ်းဆောင်ရန် အလုပ်ခွင်သို့အသွား သို့မဟုတ် အလုပ်ခွင်မှအပြန် လမ်းခရီးတွင်ဖြစ်စေ ဖြစ်ပေါ်သော မတော်တဆထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှု သို့မဟုတ် အလုပ်နှင့်ဆိုင်သည့်ရောဂါရရှိမှုကို ဆိုသည်။ ယင်းစကားရပ်တွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်းသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် တမင်ပျက်ကွက်ခြင်းကြောင့် ရရှိသည့် ထိခိုက်မှုသော်လည်းကောင်း၊ စီမံထားရှိသည့် ဘေးအန္တရာယ်အကာအကွယ်၊ အတားအဆီးပစ္စည်းကိရိယာများကို ဖယ်ရှားခြင်း သို့မဟုတ် အသုံးမပြုခြင်းကြောင့် ရရှိသည့် ထိခိုက်မှုသော်လည်းကောင်း၊ အရက်သေစာသောက်စားမှု သို့မဟုတ် မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ရရှိသည့် ထိခိုက်မှုသော်လည်းကောင်း မပါဝင်။

(ဆ) **အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု**ဆိုသည်မှာ အလုပ်တွင် ထိခိုက်မှုကြောင့်မဟုတ်ဘဲ မကျန်းမာမှုနှင့် မီးဖွားမှု အပါအဝင် အခြားအကြောင်းတစ်စုံတစ်ရာကြောင့် ရရှိသည့် ထိခိုက်မှု သို့မဟုတ် ရောဂါရရှိမှုဖြစ်ပေါ်ရာမှ အမြဲတမ်းအလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုကို ဆိုသည်။

(ဇ) **အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေ**ဆိုသည်မှာ အလုပ်ရှင်က မိမိ၏အလုပ်သမားများအတွက် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်များရရှိစေရန် ပေးသွင်းသည့် ထည့်ဝင်ကြေးငွေများဖြင့် ထူထောင်ထားရှိသောရန်ပုံငွေကို ဆိုသည်။

(ဈ) **လူမှုဖူလုံရေးနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်**ဆိုသည်မှာ အာမခံထားသူများအား လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့မှ ဤဥပဒေအရပေးသော အကျိုးခံစားခွင့်များကို ဆိုသည်။

(ည) **လုပ်ခ**ဆိုသည်မှာ အလုပ်ရှင်က ခိုင်းစေသောအလုပ်ကို အလုပ်သမားက လုပ်ကိုင်ဆောင်ရွက်ပေးသည့်အတွက် ရသင့်သော အခကြေးငွေအားလုံးကို ဆိုသည်။ ယင်းစကားရပ်တွင် အချိန်ပိုလုပ်ခနှင့် ဝင်ငွေအဖြစ် သတ်မှတ်နိုင်သော အခြားအခကြေးငွေများလည်း ပါဝင်သည်။ သို့ရာတွင် ခရီးစရိတ်၊ အငြိမ်းစားလုပ်သက်ဆုငွေ၊ အလုပ်သမားအား နှစ်စဉ်အပိုပေးသောဆုကြေးငွေနှင့် အလုပ်သမားဝန်ကြီးဌာနက လုပ်ခနှင့်မသက်ဆိုင်ဟု ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သောအခကြေးငွေတို့ မပါဝင်။

(ဋ) **ဆေးသက်သေခံလက်မှတ်**ဆိုသည်မှာ ဤဥပဒေပါ အကျိုးခံစားခွင့်ကိစ္စအလို့ငှာ လူမှုဖူလုံရေးအဖွဲ့က ခန့်ထားသည့် သို့မဟုတ် အသိအမှတ်ပြုသည့် ဆရာဝန်က အာမခံထားသူ သို့မဟုတ် အာမခံထားမည့်သူအား ကျန်းမာရေးစစ်ဆေးပြီး ထုတ်ပေးသော ကျန်းမာရေးစစ်ဆေးချက် ဆေးသက်သေခံလက်မှတ်ကို ဆိုသည်။

(ဌ) **မှီခိုသူ**ဆိုသည်မှာ အလုပ်သမားကို မှီခိုနေသော အလုပ်သမား၏ဇနီး သို့မဟုတ် ခင်ပွန်းကိုလည်းကောင်း၊ ထိုအလုပ်သမား၏ အသက် ၁၈ နှစ်အောက် သားသမီးနှင့် အချိန်ပြည့်ပညာသင်ကြားနေပြီး အိမ်ထောင်မပြုသေးသော အသက် ၂၁ နှစ်နှင့်အောက်ရှိသည့် သားသမီးတို့ကိုလည်းကောင်း၊ ထိုအလုပ်သမား၏မိဘကိုလည်းကောင်း ဆိုသည်။

(ဍ) **အလုပ်အမှုဆောင်ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော လူမှုဖူလုံရေးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီကို ဆိုသည်။

(ဎ) **အလုပ်သမားဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ အလုပ်သမားဝန်ကြီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းအာမခံပြီး နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊

(ခ) အများပြည်သူတို့က မိမိတို့၏ဆန္ဒအလျောက် အာမခံထားရှိနိုင်ပြီး လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုရရှိခံစားနိုင်စေရန်၊

(ဂ) လက်တွေ့ပကတိအခြေအနေနှင့်ကိုက်ညီသော အကျိုးခံစားခွင့်များပေးခြင်းဖြင့် လူမှုဖူလုံရေးစနစ်အပေါ် အများပြည်သူ ယုံကြည်ကိုးစားမှုများ ပိုမိုတိုးပွားလာစေရန်၊

(ဃ) အလုပ်ရှင်နှင့်အလုပ်သမားတို့က ပေးသွင်းထားသည့် အချို့သော ထည့်ဝင်ကြေးငွေများကို စုဆောင်းငွေကဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ထုတ်ယူခံစားခွင့်ရှိစေရန်၊

(င) အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့် အလုပ်တွင် ထိခိုက်မှုအတွက် ငွေကြေးအကျိုးခံစားခွင့်တို့အပြင် အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်၊ ကျန်ရစ်သူအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့်၊ အိမ်ရာနေထိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်များကိုပါ ရရှိစေရန်။

## အခန်း (၃)

## လူမှုဖူလုံရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) အလုပ်သမားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သောပုဂ္ဂိုလ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် အမျိုးသားအဆင့်လူမှုဖူလုံရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော လူမှုဖူလုံရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းခြင်း ပြုနိုင်သည်။

၅။ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုပြုခြင်း၊

(ခ) လူမှုဖူလုံရေးအဖွဲ့က လွှဲအပ်ပေးသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အလုပ်အမှုဆောင်ကော်မတီကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ယင်းကော်မတီ၏လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) လူမှုဖူလုံရေးအဖွဲ့လုပ်ငန်းကို သုတေသနနှင့်ဖွံ့ဖြိုးမှုအစီအစဉ်များ၊ စီမံချက်များ ချမှတ်ပြီး ဆောင်ရွက်စေခြင်းနှင့် တွေ့ရှိချက်ကို တင်ပြစေခြင်း၊

(ဃ) ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(င) ကျန်းမာမှုမြှင့်တင်ရေးလုပ်ငန်းများ၊ လုပ်ငန်းခွင်ကျန်းမာရေးပညာပေးလုပ်ငန်းများနှင့် ကျန်းမာရေးနှင့် ညီညွတ်သော ပတ်ဝန်းကျင်ဖြစ်ပေါ်ရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်စေခြင်း၊

(စ) အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်များကို သတ်မှတ်ရာ၌ အခြေခံရမည့် လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းများ ထုတ်ပြန်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်းပြီး အလုပ်သမားဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဆ) အလုပ်နှင့်သက်ဆိုင်သည့် ရောဂါများစာရင်းကို ထုတ်ပြန်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး အလုပ်သမားဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) အလုပ်တွင် ထိခိုက်မှုကြောင့် လုပ်အားဆုံးရှုံးသွားသူများအတွက် လစ်လပ်သောအလုပ်များကို ခန့်ထားရန် လုပ်ငန်းဌာနအမျိုးအစားအလိုက် အနည်းဆုံးထားရှိရမည့် အချိုးအစားကို သတ်မှတ်ခြင်း၊

(ဈ) လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်ရန် လိုအပ်ပါက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းပြီး သင့်လျော်သော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်တာဝန်ပေးခြင်း၊

(ည) လူမှုဖူလုံရေးရုံးချုပ်နှင့် ဒေသဆိုင်ရာလူမှုဖူလုံရေးရုံးအဆင့်ဆင့်တို့၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ပိုင် သို့မဟုတ် ယင်းအဖွဲ့နှင့် သဘောတူစာချုပ်ချုပ်ဆိုထားသော ဆေးရုံများ၊ ဆေးခန်းများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍လည်းကောင်း လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဋ) နိုင်ငံတော်က ခွင့်ပြုသော မြေကွက်များတွင်ဖြစ်စေ၊ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့မှ အလုပ်သမားဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဝယ်ယူသော မြေကွက်များတွင်ဖြစ်စေ စီမံကိန်းများ ချမှတ်၍ လူမှုဖူလုံရေးအိမ်ရာများ ထူထောင်ခြင်း၊

(ဌ) လူမှုဖူလုံရေးအိမ်ရာများနှင့်စပ်လျဉ်း၍ သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ နေထိုင်ခွင့်၊ ငှားရမ်းနေထိုင်ခွင့်၊ အသုံးပြုခွင့်၊ ပိုင်ဆိုင်ခွင့်၊ ဝယ်ယူခွင့်၊ ရောင်းချခွင့် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်ပြုခြင်းနှင့် ယင်းအိမ်ရာဝယ်ယူနိုင်ရေးအတွက် ငွေချေးခွင့်ပြုခြင်း၊

(ဍ) သတ်မှတ်ထားသော စည်းကမ်းချက်များကို ဖောက်ဖျက်သည့် ပုဒ်မခွဲ (ဌ) ပါ ခွင့်ပြုချက်ရရှိသူများအား အရေးယူဆောင်ရွက်ရေးနှင့် လိုအပ်ပါက ထိုသူတို့အား လူမှုဖူလုံရေးအိမ်ရာမှ သတ်မှတ်ချက်များနှင့်အညီ ဖယ်ရှားရေးတို့အတွက် သက်ဆိုင်ရာလူမှုဖူလုံရေးအရာရှိအား တာဝန်ပေးအပ်ခြင်း၊

(ဎ) လူမှုဖူလုံရေးနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်များ ပိုမိုထိရောက်စွာပေးနိုင်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဏ) လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုအစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(တ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အလုပ်သမားဝန်ကြီးဌာနတို့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ လူမှုဖူလုံရေးအဖွဲ့သည် -

(က) ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေအရ တည်ထောင်ခဲ့သော လူမှုဖူလုံရေးအဖွဲ့ပိုင် မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် ရန်ပုံငွေများကိုလည်းကောင်း၊ လူမှုဖူလုံရေးလုပ်ငန်းကိစ္စများကိုလည်းကောင်း၊ လူမှုဖူလုံရေးရန်ပုံငွေတိုးပွားရေးအတွက် လုပ်ကိုင်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများကိုလည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့၏ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီးဆက်ခံရမည်။

(ခ) ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခြင်းခံနိုင်ခွင့်တို့ ရှိစေရမည်။

၇။ လူမှုဖူလုံရေးအဖွဲ့၏ အစိုးရဝန်ထမ်းမဟုတ်သောအဖွဲ့ဝင်နှင့် အလုပ်အမှုဆောင်ကော်မတီဝင်တို့သည် ဤဥပဒေအရ လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သည့်နေ့ရက်များအတွက် သတ်မှတ်ထားသော စရိတ်နှင့်အခကြေးငွေများကို လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့မှ ကျခံသုံးစွဲရမည်။

## အခန်း (၄)

## လူမှုဖူလုံရေးရုံးများ၊ ဆေးရုံများ၊ ဆေးခန်းများ ဖွဲ့စည်းခြင်းနှင့် ဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်း

၈။ (က) အလုပ်သမားဝန်ကြီးဌာနသည် လူမှုဖူလုံရေးအဖွဲ့နှင့်ညှိနှိုင်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လိုအပ်သော လုပ်ငန်းတာဝန်များနှင့် လူမှုဖူလုံရေးအဖွဲ့၏ ရုံးလုပ်ငန်းဆိုင်ရာတာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ အောက်ဖော်ပြပါ လူမှုဖူလုံရေးရုံးများ၊ ဆေးရုံများနှင့် ဆေးခန်းများကို လိုအပ်ချက်အရ ဖွဲ့စည်းတည်ထောင်၍ လိုအပ်သောဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးနိုင်သည် -

(၁) လူမှုဖူလုံရေးရုံးချုပ်၊

(၂) တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဖူလုံရေးရုံးများ၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း လူမှုဖူလုံရေးရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဖူလုံရေးရုံးများ၊

(၄) ခရိုင်လူမှုဖူလုံရေးရုံးများ၊

(၅) မြို့နယ်လူမှုဖူလုံရေးရုံးများ၊

(၆) လူမှုဖူလုံရေးဆေးရုံများ၊

(၇) လူမှုဖူလုံရေးဆေးခန်းများ။

( ခ ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော လူမှုဖူလုံရေးရုံးများတွင် ခန့်အပ်တာဝန်ပေးခြင်းခံရသော ဝန်ထမ်းများသည် အစိုးရဝန်ထမ်းများနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ လစာ၊ စရိတ်နှင့်ချီးမြှင့်ငွေများကိုလည်းကောင်း၊ အခြားခံစားခွင့်များကိုလည်းကောင်း ခံစားခွင့်ရှိပြီး ဝန်ထမ်းရေးရာ စည်းမျဉ်းများ၊ စည်းကမ်းများနှင့် တာဝန်များကို လိုက်နာဆောင်ရွက်ရမည်။

( ဂ ) လူမှုဖူလုံရေးအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ လိုအပ်သော လုပ်ငန်းတာဝန်များနှင့် လူမှုဖူလုံရေးအဖွဲ့၏ ရုံးလုပ်ငန်းဆိုင်ရာတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် မိမိ၏ရန်ပုံငွေအခြေအနေပေါ်မူတည်၍ ပုဒ်မခွဲ (က) ပါ လူမှုဖူလုံရေးရုံးများ၊ ဆေးရုံများနှင့် ဆေးခန်းများကို ဖွဲ့စည်းတည်ထောင်ခြင်း၊ လိုအပ်သောဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ပုဒ်မခွဲ (ခ) ပါ ခံစားခွင့်များအစား လစာ၊ စရိတ်နှင့် ချီးမြှင့်ငွေများကိုလည်းကောင်း၊ အခြားခံစားခွင့်များကိုလည်းကောင်း မိမိရန်ပုံငွေဖြင့် ခံစားခွင့်ပြုနိုင်သည်။

၉။ (က) အလုပ်သမားဝန်ကြီးဌာနသည် ဤဥပဒေအရ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှု ပေးနိုင်ရန်အလို့ငှာ -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆေးကောင်စီ၊ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သူနာပြုနှင့်သားဖွားကောင်စီတို့က ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရရှိသည့် ဆရာဝန်များ၊ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များ၊ သူနာပြုများ၊ သားဖွားများ၊ နည်းပညာကျွမ်းကျင်သူများကိုလည်းကောင်း၊ တိုင်းရင်းဆေးကောင်စီက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်ရရှိသည့် တိုင်းရင်းဆေးဆရာများကိုလည်းကောင်း ကျန်းမာရေးဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ တွဲဖက်တာဝန်ပေးခြင်း၊ လွှဲပြောင်းတာဝန်ပေးခြင်း သို့မဟုတ် ခန့်အပ်တာဝန်ပေးခြင်း ပြုနိုင်သည်။

(၂) လိုအပ်ပါက အဆိုပါကောင်စီအသီးသီးက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ရရှိသော ဆရာဝန်များ၊ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များ၊ သူနာပြုများ၊ သားဖွားများ၊ နည်းပညာကျွမ်းကျင်သူများနှင့် တိုင်းရင်းဆေးဆရာများကိုလည်း ကာလကန့်သတ်ချက်ဖြင့် ငှားရမ်း၍ဖြစ်စေ၊ သဘောတူစာချုပ် ချုပ်ဆို၍ဖြစ်စေ ခန့်အပ်ပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်။

( ခ ) ပုဒ်မခွဲ (က) အရ ခန့်အပ်တာဝန်ပေးခြင်းခံရသူများသည် သီးခြားသဘောတူညီချက်မရှိလျှင် အစိုးရဝန်ထမ်းများနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့်အညီ လစာ၊ စရိတ်နှင့်ချီးမြှင့်ငွေများကိုလည်းကောင်း၊ လုပ်သက်ဆုငွေ၊ ပင်စင်နှင့် အခြားခံစားခွင့်များကိုလည်းကောင်း ခံစားခွင့်ရှိပြီး ဝန်ထမ်းရေးရာ စည်းမျဉ်းများ၊ စည်းကမ်းများနှင့် တာဝန်များကို လိုက်နာဆောင်ရွက်ရမည်။

၁၀။ လူမှုဖူလုံရေးရုံးချုပ် ညွှန်ကြားရေးမှူးချုပ်သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ လိုအပ်သော လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့၏ ရုံးလုပ်ငန်းဆိုင်ရာ တာဝန်များကိုလည်းကောင်း တာဝန်ခံ၍ ဆောင်ရွက်ရမည်။

(ခ) လူမှုဖူလုံရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ အောက်ဖော်ပြပါ လူမှုဖူလုံရေးရုံးများ၊ ဆေးရုံများနှင့် ဆေးခန်းများ၏ လုပ်ငန်းတာဝန်များဆောင်ရွက်မှုကို ကြီးကြပ်ရမည် -

(၁) လူမှုဖူလုံရေးရုံးချုပ်၊

(၂) တိုင်းဒေသကြီးနှင့်ပြည်နယ်လူမှုဖူလုံရေးရုံးများ၊

(၃) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း လူမှုဖူလုံရေးရုံးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူမှုဖူလုံရေးရုံးများ၊

(၄) ခရိုင်လူမှုဖူလုံရေးရုံးများ၊

(၅) မြို့နယ်လူမှုဖူလုံရေးရုံးများ၊

(၆) လူမှုဖူလုံရေးဆေးရုံများ၊

(၇) လူမှုဖူလုံရေးဆေးခန်းများ၊

(၈) လူမှုဖူလုံရေးအဖွဲ့နှင့် သဘောတူစာချုပ် ချုပ်ဆိုထားသည့် ဆေးရုံများနှင့်ဆေးခန်းများ။

## အခန်း (၅)

## လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များ

### သက်ဆိုင်သောလုပ်ငန်းဌာနများ

၁၁။ (က) အောက်ပါလုပ်ငန်းဌာနများသည် အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ သတ်မှတ်ထားသော အနည်းဆုံး အလုပ်သမားဦးရေနှင့်အထက် အလုပ်လုပ်ကိုင်ပါက ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည် -

(၁) စက်အား သို့မဟုတ် စွမ်းအားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ အသုံးမပြုဘဲဖြစ်စေ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော စက်မှုလက်မှုအလုပ်ဌာနများ၊ ပစ္စည်းထုတ်လုပ်မှု၊ ပြုပြင်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ သို့မဟုတ် အင်ဂျင်နီယာလုပ်ငန်းလုပ်ကိုင်သောလုပ်ငန်းများ၊ အလုပ်ရုံများ၊ သိုလှောင်ရုံများ၊ ဌာနများ၊

(၂) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊

(၃) စည်ပင်သာယာရေးအဖွဲ့အစည်းများ၊

(၄) ငွေရေးကြေးရေးအဖွဲ့အစည်းများ၊

(၅) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီ၊ အသင်း၊ အဖွဲ့အစည်းများနှင့် ယင်းတို့၏ လက်အောက်ခံ လုပ်ငန်းဌာနများနှင့် ရုံးခွဲများ၊

(၆) ဆိုင်များ၊ ကုန်သွယ်အလုပ်ဌာနများ၊ အများပြည်သူဖျော်ဖြေရေးအလုပ်ဌာနများ၊

(၇) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းပိုင် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် ယင်းဌာန၊ အဖွဲ့အစည်း၏

ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ ယင်းဌာန၊ အဖွဲ့အစည်းနှင့် ဖက်စပ်ဖြစ်စေ စီးပွားရေးအရ လုပ်ကိုင်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊

(၈) အလုပ်ခန့်ထားမှု သဘောတူညီချက်ဖြင့် တစ်နှစ်နှင့်အထက် လုပ်ကိုင်သော ဆောက်လုပ်ရေး လုပ်ငန်းများ၊

(၉) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ၊ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့်ဖြစ်စေ လုပ်ကိုင်သော လုပ်ငန်းများနှင့် ဖက်စပ်လုပ်ငန်းများ၊

(၁၀) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ သတ္တုတွင်းနှင့်ကျောက်မျက်ရတနာဆိုင်ရာလုပ်ငန်းများ၊

(၁၁) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာလုပ်ငန်းများ၊

(၁၂) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ဆိပ်ကမ်းများနှင့်ပြင်ပဆိပ်ကမ်းများ၊

(၁၃) ကုန်တင်ကုန်ချအလုပ်သမားများဖြင့် လုပ်ကိုင်သော လုပ်ငန်းအဖွဲ့အစည်းများ၊

(၁၄) အလုပ်သမားဝန်ကြီးဌာနနှင့် ယင်း၏လက်အောက်ခံ ဌာန၊ အဖွဲ့အစည်းများ၊

(၁၅) ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည်ဟု အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခါအားလျော်စွာ သတ်မှတ်သော လုပ်ငန်းဌာနများ။

(ခ) ပုဒ်မခွဲ (က) ပါ မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သော လုပ်ငန်းဌာနတစ်ခုခုသည် အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်သော်လည်း ထိုလုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေလျှင် သတ်မှတ်ချက်များနှင့် ဆန့်ကျင်ခြင်းမရှိပါက ဤဥပဒေနှင့် ဆက်လက်၍ သက်ဆိုင်စေရမည် -

(၁) သတ်မှတ်ထားသော အနည်းဆုံး အလုပ်သမားဦးရေအောက်လျော့နည်း၍ တစ်ဦးနှင့် အထက် လုပ်ကိုင်ခြင်း၊

(၂) အလုပ်ရှင်ပြောင်းလဲခြင်း သို့မဟုတ် လုပ်ငန်းအမျိုးအစားပြောင်းလဲခြင်း။

## သက်ဆိုင်ခြင်းမရှိသောလုပ်ငန်းဌာနနှင့်အလုပ်သမားများ

၁၂။ (က) အောက်ပါလုပ်ငန်းဌာနများသည် ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များ အတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(၁) စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊

(၂) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံခြားအစိုးရ၏သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများ၊

(၃) ရာသီအလိုက် လုပ်ကိုင်သော စိုက်ပျိုးရေးနှင့်ငါးဖမ်းလုပ်ငန်းများ၊

(၄) အမြတ်အစွန်းမရည်ရွယ်သော ကုမ္ပဏီ၊ အသင်း သို့မဟုတ် အဖွဲ့အစည်းများ၊

(၅) သုံးလအောက်နည်းသည့်ကာလအတွက်သာ အလုပ်လုပ်ကိုင်သည့် လုပ်ငန်းဌာနများ၊

(၆) အလုပ်သမားမပါရှိဘဲ မိမိ၏မိသားစုဖြင့်သာ လုပ်ကိုင်သော ကိုယ်ပိုင်လုပ်ငန်းဌာနများ၊

(၇) စီးပွားရေးလုပ်ငန်းအတွက်မဟုတ်သော အိမ်တွင်းဝန်ဆောင်မှုလုပ်ငန်းများ၊

(၈) ပုဒ်မ ၉၉ အရ ကင်းလွတ်ခွင့်ပြုထားသည့် လုပ်ငန်းဌာနများ။

(ခ) လုပ်ငန်းဌာနတစ်ခုခုတွင် အလုပ်လုပ်ကိုင်စေကာမူ အောက်ပါအလုပ်သမားများသည် ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ -

(၁) တည်ဆဲဥပဒေအရ အလုပ်လုပ်ကိုင်ခွင့်ရှိသော အသက်မပြည့်သေးသည့် အလုပ်သမားများနှင့် ပုဒ်မ ၃၄ အရ သက်ပြည့်အငြိမ်းစားယူခွင့်ရှိသည့် အသက်ပြည့်သည့် အလုပ်သမားများ၊

(၂) ပုံကျလမ်းဘေးဈေးသည်နှင့် စက်ဘီး၊ တွန်းလှည်း စသည်များဖြင့် လှည့်လည်ရောင်းချသူများ၊

(၃) ရံဖန်ရံခါအလုပ်လုပ်ခိုင်းသည့် နေ့စား၊ အချိန်ပိုင်း၊ ပုတ်ပြတ် သို့မဟုတ် ပြင်ပ အလုပ်သမားများ၊

(၄) ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိဟု အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခါအားလျော်စွာ သတ်မှတ်သည့် အခြားအလုပ်သမားများ။

(ဂ) ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိသော လုပ်ငန်းဌာနများမှ အလုပ်သမားများသည် မိမိတို့၏ဆန္ဒအလျောက် မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးပေးသွင်း၍ အာမခံထားလျှင် ဤဥပဒေပါ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိစေရမည်။

**လူမှုဖူလုံရေးစနစ်**

၁၃။ လူမှုဖူလုံရေးအဖွဲ့သည် အာမခံထားသူများက လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိခံစားနိုင်ရေးအတွက် အောက်ပါ လူမှုဖူလုံရေးစနစ်များကို သတ်မှတ်ချက်များနှင့်အညီ စီမံထားရှိရမည် -

(က) **ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုအာမခံစနစ် -**

(၁) မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊

(၂) ကိုယ်ဝန်ဆောင်မှုနှင့်မီးဖွားမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊

(၃) အာမခံထားသူများ အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်၊

(၄) မည်သည့်အကြောင်းကြောင့်မဆို သေဆုံးမှုအတွက် နာရေးစရိတ်ခံစားခွင့်။

(ခ) **မိသားစုထောက်ပံ့မှုအာမခံစနစ် -**

(၁) သတ်မှတ်ထားသော ဝင်ငွေပမာဏအောက်နည်းသည့် အာမခံထားသူ၏ ပညာသင်ကြားနေသော သားသမီးများအတွက် ပညာသင်စရိတ်ခံစားခွင့်၊

(၂) သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့်အခါ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်၊

(၃) မှီခိုသူမိသားစုအတွက် သင့်လျော်သော အကျိုးခံစားခွင့်။

(ဂ) **အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်အာမခံစနစ် -**

(၁) အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊

(၂) သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်၊

(၃) အလုပ်ကိုအကြောင်းပြု၍မဟုတ်ဘဲ သေဆုံးမှုအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်။

(ဃ) **အလုပ်လက်မဲ့အကျိုးခံစားခွင့်အာမခံစနစ် -**

(၁) အလုပ်လက်မဲ့ အကျိုးခံစားခွင့်ရှိသူများအား ကျန်းမာရေးစောင့်ရှောက်ခွင့်၊

(၂) လုပ်ငန်းခွင်မှ အလုပ်လက်မဲ့ဖြစ်မှုအတွက် ငွေကြေးအကျိုးခံစားခွင့်။

(င) **အခြားလူမှုဖူလုံရေးစနစ် -**

(၁) အိမ်ရာစီမံကိန်းများဖြင့် ထူထောင်ထားသည့် လူမှုဖူလုံရေးအိမ်ရာများတွင် အာမခံထားသူများအား သတ်မှတ်ချက်များနှင့်အညီ နေထိုင်ခွင့်၊ ငှားရမ်းနေထိုင်ခွင့်၊ ဝယ်ယူခွင့်၊ ပိုင်ဆိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့်၊

(၂) အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သော မှတ်ပုံမတင်မနေရ မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးငွေ ပေးသွင်းရမည့် လူမှုဖူလုံရေးစနစ် သို့မဟုတ် မိမိတို့၏ဆန္ဒအလျောက် ထည့်ဝင်နိုင်သည့် အခြားလူမှုဖူလုံရေးစနစ်များ။

၁၄။ အစိုးရဝန်ထမ်းများသည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ပါ အာမခံစနစ်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။ သို့ရာတွင် အစိုးရဝန်ထမ်းများသည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ) ပါ အာမခံစနစ်သို့ မိမိတို့၏ဆန္ဒအလျောက် မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးငွေ ပေးသွင်း၍ အာမခံထားလျှင် သက်ဆိုင်ရာအကျိုးခံစားခွင့်များကို သတ်မှတ်ချက်များနှင့်အညီ ရထိုက်ခွင့်ရှိစေရမည်။

## လူမှုဖူလုံရေးရန်ပုံငွေ

၁၅။ (က) လူမှုဖူလုံရေးရန်ပုံငွေတွင် အောက်ပါရန်ပုံငွေများ ပါဝင်သည် -

(၁) ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေ၊

(၂) မိသားစုထောက်ပံ့မှုရန်ပုံငွေ၊

(၃) အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ရန်ပုံငွေ၊

(၄) အလုပ်လက်မဲ့အကျိုးခံစားခွင့်ရန်ပုံငွေ၊

(၅) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၂) အရ အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ မှတ်ပုံမတင်မနေရ မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးငွေပေးသွင်းရမည်ဟု သတ်မှတ်သော လူမှုဖူလုံရေးစနစ်အတွက် အခြားလူမှုဖူလုံရေးရန်ပုံငွေများ၊

(၆) ပုဒ်မ ၁၃၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၂) အရ မိမိတို့၏ဆန္ဒအလျောက် မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးငွေ ပေးသွင်းနိုင်သည်ဟု သတ်မှတ်သော အခြားလူမှုဖူလုံရေးရန်ပုံငွေများ၊

(၇) လူမှုဖူလုံရေးအိမ်ရာစီမံကိန်းရန်ပုံငွေ။

(ခ) လုပ်ငန်းဌာနများ၏ အလုပ်ရှင်နှင့်အလုပ်သမားများတို့သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၃)၊ (၄) နှင့် (၅) တို့ပါ ရန်ပုံငွေများသို့ မှတ်ပုံမတင်မနေရ မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးငွေများ ပေးသွင်းရမည်။

(ဂ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) ပါ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ရန်ပုံငွေအတွက် ထည့်ဝင်ကြေးငွေကို သီးခြားသတ်မှတ်ခြင်းမပြုဘဲ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု ရန်ပုံငွေမှ သတ်မှတ်ထားသောအချိုးအစားဖြင့် လွှဲပြောင်းသုံးစွဲရမည်။

(ဃ) လုပ်ငန်းဌာနများ၏ အလုပ်ရှင်နှင့်အလုပ်သမားများတို့သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆) နှင့် (၇) ပါ ရန်ပုံငွေများသို့ မိမိတို့ဆန္ဒအလျောက် ထည့်ဝင်ကြေးငွေများ ပေးသွင်းနိုင်သည်။

## လူမှုဖူလုံရေးအတွက် မှတ်ပုံတင်ပြီး အာမခံထားရှိခြင်းနှင့် ထည့်ဝင်ကြေးများ

၁၆။ (က) အောက်ဖော်ပြပါ အလုပ်ရှင်များသည် မိမိတို့၏လုပ်ငန်းဌာနများရှိ အလုပ်သမားများအတွက် လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ရရှိခံစားနိုင်စေရန် သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံမတင်မနေရ မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးကို ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၃)၊ (၄) နှင့် (၅) တို့ပါ လူမှုဖူလုံရေးရန်ပုံငွေသို့ သတ်မှတ်ချက်များနှင့်အညီ ပေးသွင်း၍ အာမခံထားရှိရမည် -

(၁) လုပ်ငန်းဌာနများ၏အလုပ်ရှင်များ၊

(၂) အလုပ်သမား အနည်းဆုံးတစ်ဦးနှင့် အလုပ်ရှင်ကို မှီခိုနေသည့် ဇနီး၊ ခင်ပွန်း၊ သားသမီးနှင့် မိဘတို့မှအပ အလုပ်ရှင်၏ဆွေမျိုးများ အပါအဝင် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသော အလုပ်သမားဦးရေနှင့်အထက် အလုပ်လုပ်ကိုင်သော လုပ်ငန်းဌာနများ၏ အလုပ်ရှင်များ၊

(၃) လုပ်ခမရရှိသော အလုပ်သင်နှင့်ပညာသင်တို့၏ အလုပ်ရှင်များ။

(ခ) လူမှုဖူလုံရေးစနစ်နှင့် သက်ဆိုင်ခြင်းမရှိသော လုပ်ငန်းဌာနများ၏ အလုပ်ရှင်နှင့် အလုပ်သမားများသည်လည်းကောင်း၊ ပုဒ်မ ၂၀ ပါ ပုဂ္ဂိုလ်များသည်လည်းကောင်း ဤဥပဒေအရ လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို ရရှိခံစားလိုပါက အာမခံစနစ်တစ်ခုချင်းစီအလိုက် သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးတွင် မိမိတို့၏ဆန္ဒအလျောက် မှတ်ပုံတင်ပြီး ပုဒ်မ ၁၅ ပါ ရန်ပုံငွေများသို့ သတ်မှတ်ချက်များနှင့်အညီ ထည့်ဝင်ကြေးများကို ပေးသွင်းရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ မှတ်ပုံတင်ပြီး အာမခံထားရှိခြင်းမပြုမီ အာမခံထားမည့်သူသည် ကျန်းမာရေးစစ်ဆေးမှုကို သတ်မှတ်ချက်များနှင့်အညီ ခံယူပြီး အာမခံထားသူအဖြစ် မှတ်ပုံတင်သည့်အခါ ဆေးသက်သေခံလက်မှတ်ကို တင်ပြရမည်။

၁၇။ အာမခံထားသူများနှင့် ထိုသူတို့ သေဆုံးပြီးနောက် ကျန်ရစ်သောမှီခိုသူများအား ဤဥပဒေအရ ပေးသည့် အကျိုးခံစားခွင့်များအတွက်လည်းကောင်း၊ စီမံခန့်ခွဲမှုအတွက်လည်းကောင်း ကုန်ကျသည့် စရိတ်များကို ကျခံရန်အလို့ငှာ ပုဒ်မ ၁၅ ပါ လူမှုဖူလုံရေးရန်ပုံငွေအသီးသီးသို့ အလုပ်ရှင်နှင့် အလုပ်သမားတို့က အလုပ်သမား၏ တစ်လအတွက် လုပ်ခအပေါ် မူတည်၍ ပေးသွင်းရမည့် ထည့်ဝင်ကြေးနှုန်းထားများကို အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သတ်မှတ်ထားရမည်။

၁၈။ (က) လူမှုဖူလုံရေးစနစ်နှင့်သက်ဆိုင်သည့် လုပ်ငန်းဌာနအသီးသီးရှိ အလုပ်သမားများနှင့်ပတ်သက်၍ သက်ဆိုင်ရာအလုပ်သမား၏ လုပ်ခအလိုက် အလုပ်ရှင်နှင့် အလုပ်သမားတို့က ထည့်ဝင်ရမည့် ပုဒ်မ ၁၇ အရ သတ်မှတ်ထားသော နှုန်းထားများနှင့်အညီ ထည့်ဝင်ကြေးကို ပုဒ်မ ၃၄ အရ အငြိမ်းစားယူရမည့် အသက်ပြည့်သည်အထိ သို့မဟုတ် ထိုအငြိမ်းစားယူရမည့်အသက်ပြည့်သော်လည်း ဆက်လက်၍ အလုပ်လုပ်ကိုင်နေလျှင် ထိုသို့လုပ်ကိုင်နေသည့်ကာလအထိ သက်ဆိုင်ရာလူမှုဖူလုံရေးရန်ပုံငွေသို့ သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းကြရမည်။

(ခ) အလုပ်ရှင်သည် ဤဥပဒေအရ မိမိ၏အလုပ်သမားက ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေကို ယင်း၏လုပ်ခထဲမှ နုတ်ယူပြီး မိမိကပေးသွင်းရမည့် ထည့်ဝင်ကြေးငွေနှင့်အတူ သက်ဆိုင်ရာလူမှုဖူလုံရေးရန်ပုံငွေသို့ ပေးသွင်းရမည်။ ထိုသို့ပေးသွင်းရသည့် ကုန်ကျစရိတ်ကိုလည်း အလုပ်ရှင်က ကျခံရမည်။

(ဂ) လူမှုဖူလုံရေးအဖွဲ့သည် ထည့်ဝင်ကြေးငွေပေးသွင်းရန် ပျက်ကွက်သော အလုပ်ရှင်အား ထည့်ဝင်ကြေးငွေအပြင် ပုဒ်မ ၈၈ အရ သတ်မှတ်ထားသော ပျက်ကွက်ကြေးကို ထပ်ဆောင်း၍ ပေးသွင်းရန် ဆုံးဖြတ်နိုင်သည်။

**ဆေးရုံ၊ ဆေးခန်းများတည်ထောင်ဖွင့်လှစ်ခြင်းနှင့် ကျခံသုံးစွဲခြင်း**

၁၉။ လူမှုဖူလုံရေးအဖွဲ့သည် အာမခံထားသူများကို ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသပေးမှုအတွက် မိမိအဖွဲ့၏ရန်ပုံငွေဖြင့် လုံလောက်မှုမရှိပါက မိမိအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများ၊ ဆေးဝါးနှင့် ပစ္စည်းကိရိယာများအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုသော မတည်ငွေဖြင့်ဖြစ်စေ၊ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ဆေးရုံ၊ ဆေးခန်းများ တည်ထောင်ဖွင့်လှစ်ပေးခြင်း၊ ငှားရမ်းအသုံးပြုခြင်းနှင့် ကျခံသုံးစွဲခြင်းတို့ ပြုနိုင်သည်။

**လူမှုဖူလုံရေးအတွက် မိမိတို့၏ဆန္ဒအလျောက် အာမခံထားရှိခြင်း**

၂၀။ ဤဥပဒေအရ လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို ခံစားနိုင်ရန်အလို့ငှာ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မိမိတို့နှစ်သက်သည့် သက်ဆိုင်ရာလူမှုဖူလုံရေးရန်ပုံငွေသို့ သတ်မှတ်ထားသည့် ထည့်ဝင်ကြေးငွေကို မိမိတို့၏ဆန္ဒအလျောက် ထည့်ဝင်စုဆောင်းနိုင်ပြီး သက်ဆိုင်ရာလူမှုဖူလုံရေးအကျိုးခံစားခွင့်များကို သတ်မှတ်ချက်များနှင့်အညီ ခံစားနိုင်သည် -

(က) ဤဥပဒေပါ မှတ်ပုံမတင်မနေရပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိသည့် လုပ်ငန်းဌာနများရှိ အလုပ်ရှင်များနှင့် အလုပ်သမားများ၊

(ခ) လုပ်ငန်းဌာနများတွင် အလုပ်လုပ်ကိုင်ခြင်းမရှိသော အများပြည်သူများ၊

(ဂ) ကျောင်းသူကျောင်းသားများ၊ လုပ်ငန်းခွင်နှင့် ကင်းကွာနေသူများ၊ အိမ်ဖော်များနှင့် နိုင်ငံခြားသို့ သွားရောက်၍ အလုပ်လုပ်ကိုင်နေသူများ၊

(ဃ) ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများ၊ စုပေါင်းလုပ်ငန်း လုပ်ကိုင်သူများ၊ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာလုပ်ငန်းလုပ်ကိုင်သူများနှင့် တောင်သူလယ်သမားများ၊

(င) အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မိမိတို့၏ဆန္ဒအလျောက် မှတ်ပုံတင်၍ အာမခံထားနိုင်သည်ဟု အခါအားလျော်စွာ သတ်မှတ်ထားသည့် လုပ်ငန်းဌာနများမှပုဂ္ဂိုလ်များ။

**ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်အကျိုးခံစားခွင့်များ**

၂၁။ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုအာမခံစနစ် အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ -

(က) အာမခံထားသူသည် အောက်ပါအကျိုးခံစားခွင့်များကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(၁) ကိုယ်တိုင် မည်သည့်အကြောင်းကြောင့်မဆို မကျန်းမာမှုအတွက် ရောဂါအမျိုးအစားကို အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့်၊ ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊

(၂) အမျိုးသမီးဖြစ်ပါက ကိုယ်ဝန်ဆောင်ခြင်းနှင့် မီးဖွားခြင်းတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှု ခံယူခွင့်၊ ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊

(၃) ဇနီးဖြစ်သူ မီးဖွားသည့်အခါ မွေးကင်းစကလေးအား ပြုစုခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်၊

(၄) အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှုဆက်လက်ခံယူခွင့်။

(ခ) အာမခံထားသူ သေဆုံးသည့်အခါ ထိုသူက အမည်စာရင်းပေးသွင်းထားခြင်းခံရသူကဖြစ်စေ၊ ထိုသို့ အမည်စာရင်းပေးသွင်းခဲ့ခြင်းမရှိလျှင် ထိုသူအား မှီခိုသူ သို့မဟုတ် နာရေးစရိတ်ကို စိုက်ထုတ်ပေးသူကဖြစ်စေ တောင်းခံလာလျှင် ထိုသို့ တောင်းခံလာသူသည် ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက်နှင့်အညီ နာရေးစရိတ်ကို ခံစားခွင့်ရှိသည်။

## မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် ကုန်ကျစရိတ်ကျခံခြင်း

၂၂။ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေသို့ ထည့်ဝင်ကြေး ပေးသွင်းထားသော အာမခံထားသူ မကျန်းမာသည့်အခါ အာမခံထားသူသည် -

(က) ခွင့်ပြုထားသည့် ဆေးရုံ၊ ဆေးခန်း၌ ဆေးစတင်ကုသသည့်နေ့မှ ရက်သတ္တပတ် ၂၆ ပတ်အထိ ဆေးကုသမှုခံယူခွင့်ရှိသည်။ သို့ရာတွင် ထပ်တလဲလဲမကျန်းမာမှု၊ နာတာရှည်ရောဂါနှင့် ရောဂါ တစ်မျိုးထက်ပို၍ ဖြစ်ပွားမှု သို့မဟုတ် အထူးအရေးကြီးသော မကျန်းမာမှုအတွက် ရက်သတ္တပတ် ၅၂ ပတ် သို့မဟုတ် လူမှုဖူလုံရေးအဖွဲ့က သီးခြားသတ်မှတ်ပေးသည့်ကာလအထိ ဆေးကုသမှု ခံယူခွင့်ရှိသည်။

(ခ) လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများတွင်လည်းကောင်း၊ ယင်းအဖွဲ့နှင့် သဘောတူစာချုပ် ချုပ်ဆိုထားသည့် နိုင်ငံတော်ပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်ဆေးရုံ၊ ဆေးခန်းများတွင်လည်းကောင်း၊ အလုပ်ရှင်က စီမံထားရှိသော ဆေးရုံ၊ ဆေးခန်းများတွင်လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှု ခံယူခွင့်နှင့် ဆေးကုသမှုခံယူခွင့်ရှိသည်။

(ဂ) လူမှုဖူလုံရေးအဖွဲ့ပိုင် သို့မဟုတ် ယင်းအဖွဲ့နှင့် သဘောတူစာချုပ်ချုပ်ဆိုထားသည့် ဆေးရုံ၊ ဆေးခန်း များသို့ မလာရောက်နိုင်ပါက လူမှုဖူလုံရေးအဖွဲ့၏ စီစဉ်ပေးချက်အရ အာမခံထားသူ၏ အလုပ် လုပ်ကိုင်ရာလုပ်ငန်းဌာနသို့ လာရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုပေးခြင်းကို ခံယူခွင့်ရှိသည်။

(ဃ) ပုဒ်မ ၂၁ နှင့် ဤပုဒ်မတို့အရ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုခံယူရာတွင် ကုန်ကျ စရိတ်များနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေမှ သတ်မှတ်ချက်များနှင့် အညီ ခံစားပိုင်ခွင့်ရှိသည်။

## မကျန်းမာမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်

၂၃။ အာခံထားသူသည် -

(က) မကျန်းမာမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်ကို မကျန်းမာမှုစတင်ဖြစ်သည့်နေ့မတိုင်မီ အနည်းဆုံး ခြောက်လမစတင်၍ လုပ်ငန်းဌာနတွင် လုပ်ကိုင်ခဲ့ပြီး အဆိုပါခြောက်လအတွင်း အနည်းဆုံး လေးလအတွက် ထည့်ဝင်ကြေးငွေပေးသွင်းပြီးမှသာ မကျန်းမာမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ရှိသည်။

(ခ) မကျန်းမာကြောင်း ဆေးသက်သေခံလက်မှတ်တင်ပြနိုင်ပြီး အလုပ်မလုပ်နိုင်သဖြင့် ဝင်ငွေ လျော့နည်းခြင်း သို့မဟုတ် ဝင်ငွေရပ်စဲခြင်းဖြစ်လျှင် အလုပ်မလုပ်နိုင်သည့်ကာလအတွက် ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ လွန်ခဲ့သောလေးလအတွင်း ပျမ်းမျှလုပ်ခ၏ ၆၀ ရာခိုင်နှုန်းကို မကျန်းမာမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်အဖြစ် ရက်သတ္တပတ် ၂၆ ပတ်အထိ ခံစားခွင့် ရှိသည်။

၂၄။ မကျန်းမာမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်ကို ခံစားနေသော အာမခံထားသူက အောက်ပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ လူမှုဖူလုံရေးအဖွဲ့သည် အဆိုပါအကျိုးခံစားခွင့်ကို လုံးဝဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ မပေးဘဲ ရပ်ဆိုင်းထားနိုင်သည် -

(က) မိမိကိုယ်ကိုမိမိ တမင်မကျန်းမာမှုဖြစ်အောင်ပြုခြင်း၊

(ခ) ပြစ်ဒဏ်ထိုက်သင့်သည့် မိမိ၏ပြုလုပ်မှုကြောင့် မကျန်းမာခြင်း၊

(ဂ) ဆေးကုသမှုခံယူရန် သို့မဟုတ် ဆေးကုသပေးသောဆရာဝန်၏ ညွှန်ကြားချက်ကို လိုက်နာရန် ခိုင်လုံသော အကြောင်းမရှိဘဲ တမင်ပျက်ကွက်ခြင်း၊

(ဃ) မကျန်းမာမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်ရရှိရန် လိမ်လည်၍ တောင်းဆိုခဲ့ခြင်း၊

(င) ပြန်လည်ထူထောင်ရေးကိစ္စများဆောင်ရွက်ရန် ခိုင်လုံသောအကြောင်းမရှိဘဲ တမင်ပျက်ကွက်ခြင်း၊

(စ) ပြည်ပသို့ အပြီးအပိုင်ထွက်ခွာသွားခြင်း၊

(ဆ) အလုပ်သမားဝန်ကြီးဌာနက သတ်မှတ်ထားသော အခြားစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

**အာမခံထားသူအမျိုးသမီး၏ ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွားမှုအတွက် ဆေးကုသမှုခံယူခွင့်**

၂၅။ အစိုးရဝန်ထမ်းများနှင့်သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များတွင် မည်သို့ပင်ပါရှိစေကာမူ အာမခံထားသူ အမျိုးသမီးအလုပ်သမားသည် သတ်မှတ်ချက်များနှင့်အညီ အောက်ပါအကျိုးခံစားခွင့်များကို ခံစားခွင့်ရှိသည် -

(က) ကိုယ်ဝန်ဆောင်နေစဉ်နှင့် မီးဖွားသည့်အခါ ခွင့်ပြုထားသည့် ဆေးရုံ၊ ဆေးခန်း၌ အခမဲ့ဆေးကုသမှု ခံယူခွင့်၊

(ခ) မီးဖွားပြီး တစ်နှစ်အထိ မိမိ၏ကလေးကို ဆေးကုသမှုခံယူခွင့်၊

(ဂ) မီးမဖွားမီ ရက်သတ္တပတ်ခြောက်ပတ်နှင့် မီးဖွားပြီးနောက် အနည်းဆုံး ရက်သတ္တပတ်ရှစ်ပတ်၊ စုစုပေါင်း အနည်းဆုံး ရက်သတ္တပတ် ၁၄ ပတ်အထိ မီးဖွားခွင့်ကို ခံစားခွင့်ရှိသည်။ ထို့အပြင် အမွှာကလေးမွေးပါက မီးဖွားခွင့်ခံစားပြီးနောက် ကလေးစောင့်ရှောက်ရန် ရက်သတ္တပတ် လေးပတ်ကို ဆက်လက်ခံစားခွင့်၊

(ဃ) ပြစ်ဒဏ်ထိုက်သင့်သည့် ကိုယ်ဝန်ပျက်စေခြင်းမဟုတ်ဘဲ ကိုယ်ဝန်ပျက်သည့်ကိစ္စတွင် အများဆုံး ရက်သတ္တပတ်ခြောက်ပတ်အထိ မီးဖွားခွင့်အဖြစ် ခံစားခွင့်၊

(င) ကိုယ်ဝန်ဆောင်စဉ် ခွင့်ပြုထားသည့် ဆေးရုံ၊ ဆေးခန်း၌ စမ်းသပ်စစ်ဆေးပြသနိုင်ရန်အတွက် တစ်ကြိမ်လျှင် တစ်ရက်နှုန်းဖြင့် အများဆုံး ခုနစ်ကြိမ်အထိ လုပ်ခအပြည့်ခံစားခွင့်၊

(စ) တစ်နှစ်အောက်ကလေးကို တည်ဆဲဥပဒေနှင့်အညီ မှတ်ပုံတင်၍ မွေးစားပါက ထိုကလေး တစ်နှစ်ပြည့်သည်အထိ ပြုစုစောင့်ရှောက်ရေးအတွက် ရက်သတ္တပတ် ရှစ်ပတ်ထက်မကျော်သောခွင့်ကို မွေးစားကလေးတစ်ဦးအတွက်သာ ခံစားခွင့်ရှိသည်။ အဆိုပါခံစားခွင့်ကာလအတွင်း ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်ကို အထောက်အထားပြုလျက် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (က) ပါ ငွေကြေး အကျိုးခံစားခွင့်ကို ခံစားခွင့်။

**မီးဖွားမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်များ**

၂၆။ အာမခံထားသူအမျိုးသမီးနှင့် အမျိုးသားတို့သည် ပုဒ်မ ၂၇ နှင့် ၂၈ တို့အရ မီးဖွားမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်ကို ခွင့်စတင်ခံစားသည့်နေ့မတိုင်မီ သက်ဆိုင်ရာလုပ်ငန်းဌာနတွင် အနည်းဆုံး တစ်နှစ်လုပ်ကိုင်ခဲ့သူဖြစ်ရမည့်အပြင် အဆိုပါတစ်နှစ်အတွင်း အနည်းဆုံး ခြောက်လအတွက် ထည့်ဝင်ကြေး ပေးသွင်းပြီးသူဖြစ်မှသာ ခံစားခွင့်ရှိစေရမည်။

၂၇။ အာမခံထားသူအမျိုးသမီးအလုပ်သမားသည် အောက်ပါတို့ကို ဆေးသက်သေခံလက်မှတ်အရ သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(က) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဂ) အရ ခံစားခွင့်ရှိသော မီးဖွားခွင့်ကာလအတွက် မီးဖွားမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်အဖြစ် တစ်နှစ်အတွင်း ပျမ်းမျှလုပ်ခ၏ ၇၀ ရာခိုင်နှုန်း၊

(ခ) ကလေးတစ်ဦးမွေးဖွားပါက မီးဖွားစရိတ်အဖြစ် ပျမ်းမျှလုပ်ခတစ်လစာ၏ ၅၀ ရာခိုင်နှုန်း၊ အမြွာကလေးနှစ်ဦးမွေးပါက မီးဖွားစရိတ်အဖြစ် ပျမ်းမျှလုပ်ခတစ်လစာ၏ ၇၅ ရာခိုင်နှုန်း၊ အမြွာကလေးသုံးဦးနှင့်အထက် မွေးပါက မီးဖွားစရိတ်အဖြစ် ပျမ်းမျှလုပ်ခတစ်လစာ၏ ၁၀၀ ရာခိုင်နှုန်း၊

(ဂ) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဃ) ပါ ကိုယ်ဝန်ပျက်မှုကြောင့် ခံစားခွင့်ရှိသော မီးဖွားခွင့်ကာလအတွင်း ပျမ်းမျှလုပ်ခ၏ ၇၀ ရာခိုင်နှုန်း။

၂၈။ အာမခံထားသူအမျိုးသားသည် ဇနီးမီးဖွားမှုအတွက် ဆေးသက်သေခံလက်မှတ်အရ သတ်မှတ်ချက်များနှင့်အညီ အောက်ပါ ဖခင်ဘဝ အကျိုးခံစားခွင့်ရှိသည် -

(က) အာမခံထားသူဖြစ်သောဇနီး မီးဖွားသည့်အခါ မွေးကင်းစကလေးအား ပြုစုခွင့် ၁၅ ရက် ခံစားခွင့်၊

(ခ) အာမခံထားသူဖြစ်သောဇနီး မီးဖွားသည့်အခါ ပုဒ်မခွဲ (က) ပါ ခွင့်ကာလအတွက် မီးဖွားမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်အဖြစ် လွန်ခဲ့သောတစ်နှစ်အတွင်း ပျမ်းမျှလုပ်ခ၏ ၇၀ ရာခိုင်နှုန်းကို ခံစားခွင့်၊

(ဂ) အာမခံထားသူမဟုတ်သောဇနီးဖြစ်သူ မီးဖွားသည့်အခါ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အကျိုးခံစားခွင့်များအပြင် ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ) ပါ မီးဖွားစရိတ်ခံစားခွင့်၏ ထက်ဝက်ခံစားခွင့်။

## အငြိမ်းစားယူသူများ ဆေးဝါးကုသခွင့်

၂၉။ အာမခံထားသော အစိုးရဝန်ထမ်းများသည် အငြိမ်းစားယူပြီးနောက်တွင်သော်လည်းကောင်း၊ အာမခံထားသူသည် ပုဒ်မ ၃၃ နှင့် ၃၅ တို့အရ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်နှင့် သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့် ရရှိပြီးနောက်တွင်သော်လည်းကောင်း အောက်ပါအချက်များနှင့် အကျုံးဝင်လျှင် ဆေးဝါးကုသမှုကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(က) ထည့်ဝင်ကြေးကို လပေါင်း ၁၈၀ နှင့်အထက် ပေးသွင်းခဲ့သူဖြစ်ခြင်း၊

(ခ) အငြိမ်းစားယူပြီးနောက် မြို့နယ်လူမှုဖူလုံရေးရုံးက ထုတ်ပေးထားသော အငြိမ်းစားစိစစ်ရေးသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူဖြစ်ခြင်း။

## နာရေးစရိတ်ခံစားခွင့်

၃၀။ အလုပ်တွင်ထိခိုက်မှု သို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် အာမခံထားသူ သေဆုံးလျှင် နာရေးစရိတ်ကို အာမခံထားသူက အမည်စာရင်းပေးသွင်းခဲ့ခြင်းခံရသူကဖြစ်စေ၊ ထိုသို့ အမည်စာရင်းပေးသွင်းခဲ့ခြင်းမရှိလျှင် ထိုသူအား မှီခိုသူ သို့မဟုတ် နာရေးစရိတ် စိုက်ထုတ်ပေးထားသူက တောင်းခံလာလျှင်ဖြစ်စေ ထိုသေဆုံးသူ၏ နောက်ဆုံးလေးလအတွင်း ပျမ်းမျှလုပ်ခ တစ်လစာ၏ အများဆုံး ငါးဆအထိ သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။

## မိသားစုထောက်ပံ့မှုအာမခံစနစ် အကျိုးခံစားခွင့်များ

၃၁။ (က) ပညာသင်ကြားနေသောသားသမီးအတွက် ပညာသင်စရိတ် ခံစားခွင့်နှင့်စပ်လျဉ်း၍ -

(၁) ထည့်ဝင်ကြေးငွေကို အနည်းဆုံး ၃၆ လ ပေးသွင်းထားပြီး သတ်မှတ်ထားသော ဝင်ငွေပမာဏအောက်နည်းသည့် အာမခံထားသူသည် အချိန်ပြည့် ပညာသင်ကြားနေသော သားသမီးများရှိပါက ပညာသင်စရိတ်ကို မိသားစုထောက်ပံ့မှုရန်ပုံငွေမှ သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။

(၂) သတ်မှတ်ထားသော ဝင်ငွေပမာဏအောက်နည်းသည့် အာမခံထားသူဇနီးမောင်နှံတို့က မွေးဖွားသော သားသမီးအတွက် ပုဒ်မခွဲငယ် (၁) ပါ ပညာသင်စရိတ်ကို အာမခံထားသူ တစ်ဦးကသာ ခံစားခွင့်ရှိစေရမည်။

(ခ) အာမခံထားသူနှင့် မိသားစုတို့သည် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရသည့်အခါ အောက်ပါ ကျန်းမာရေးစောင့်ရှောက်မှု၊ ကယ်ဆယ်ရေးပစ္စည်းနှင့် ငွေကြေးထောက်ပံ့ကူညီမှုများကို မိသားစုထောက်ပံ့မှုရန်ပုံငွေမှ သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(၁) သဘာဝဘေးအန္တရာယ် ကြုံတွေ့ခံစားရသည့်အတွက် ကိုယ်နှင့်စိတ်ကို ထိခိုက်ဒဏ်ရာ ရရှိလျှင်ဖြစ်စေ၊ ရောဂါရရှိလျှင်ဖြစ်စေ ဆေးကုသမှုခံယူခွင့်၊

(၂) သဘာဝဘေးအန္တရာယ်မကြုံတွေ့မီ ထည့်ဝင်ကြေးငွေကို အနည်းဆုံး ၃၆ လ ပေးသွင်း ပြီးနောက် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရသည့်အတွက် မိမိပိုင်ပစ္စည်းဥစ္စာများဆုံးရှုံးလျှင် ထိုသို့ကြုံတွေ့ရသောနေ့မတိုင်မီ တစ်နှစ်အတွင်း ပျမ်းမျှလုပ်ခတစ်လစာ၏ ၄၀ ရာခိုင်နှုန်း ငွေကြေးထောက်ပံ့မှုခံစားခွင့်နှင့် လူမှုဖူလုံရေးအဖွဲ့က ထောက်ပံ့သည့် ကယ်ဆယ်ရေး ပစ္စည်းများ ခံစားခွင့်။

(ဂ) အာမခံထားသူသည် မိမိအား မှီခိုသူမိသားစုအတွက် လူမှုဖူလုံရေးအဖွဲ့က ခွင့်ပြုသည့် သင့်လျော်သော အကျိုး ခံစားခွင့်များကို မိသားစုထောက်ပံ့မှုရန်ပုံငွေမှ သတ်မှတ်ချက်များနှင့် အညီ ခံစားခွင့်ရှိသည်။

## အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုအကျိုးခံစားခွင့်

၃၂။ အာမခံထားသူသည် အလုပ်တွင် ထိခိုက်မှုကြောင့်မဟုတ်ဘဲ မကျန်းမာမှုနှင့် မီးဖွားမှု အပါအဝင် အကြောင်းတစ်ခုခုကြောင့် အလုပ်ကို လုံးဝလုပ်ကိုင်နိုင်စွမ်းမရှိတော့လျှင် ဆေးသက်သေခံလက်မှတ်အရ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုအကျိုးခံစားခွင့်ကို ပုဒ်မ ၃၃ နှင့်အညီ ခံစားခွင့်ရှိသည်။

## အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုအတွက် ငွေကြေးအကျိုးခံစားခွင့်

၃၃။ (က) အာမခံထားသူသည် ပုဒ်မ ၃၂ နှင့်အညီ အမြဲတမ်းအလုပ်လုပ်ကိုင်နိုင်စွမ်းမရှိသည့်အခါ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ရန်ပုံငွေမှ သတ်မှတ်ချက်များနှင့်အညီ အောက်ပါအကျိုးခံစားခွင့် များကို ခံစားခွင့်ရှိသည် -

(၁) အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိကြောင်း ဆေးသက်သေခံလက်မှတ်ဖြင့် ခွင့်ပြုသည့်နေ့မတိုင်မီ ထည့်ဝင်ကြေးငွေကို လပေါင်း ၁၈၀ ပေးသွင်းပြီးဖြစ်လျှင် ထိုအာမခံထားသူ ထည့်ဝင် ကြေးငွေ ပေးသွင်းခဲ့သောကာလတွင် ရရှိခဲ့သည့် ပျမ်းမျှလုပ်ခတစ်လစာ၏ ၁၅ ဆကို ထိုသူ၏ဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ ခံစားခွင့်၊

(၂) ထည့်ဝင်ကြေးငွေကို လပေါင်း ၁၈၀ ထက်ပို၍ ပေးသွင်းထားပါက ထိုသို့ ပို၍ပေးသွင်း ထားသည့်ကာလနှင့်စပ်လျဉ်း၍ ပုဒ်မခွဲငယ် (၁) ပါ ခံစားခွင့်တွင် သတ်မှတ်ချက်များနှင့် အညီ ထပ်ပေါင်း၍ခံစားခွင့်၊

(၃) ထည့်ဝင်ကြေးငွေကို ၁၂ လနှင့်အထက်မှ လပေါင်း ၁၈၀ အောက် ထည့်ဝင်ထားသည့်ကိစ္စ တွင်မူ အလုပ်ရှင်က ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေ၏ ၄၀ ရာခိုင်နှုန်းနှင့် ထိုအာမခံ ထားသူက ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့် တကွ ခံစားခွင့်၊

(၄) ထည့်ဝင်ကြေးငွေကို ၁၂ လအောက်နည်း၍ ပေးသွင်းထားသည့်ကိစ္စတွင် ထိုအာမခံထားသူ ပေးသွင်းထားပြီးသောငွေများကို တစ်လုံးတစ်ခဲတည်း ပြန်လည်ထုတ်ယူခွင့်။

(ခ) အလုပ်ရှင်သည် အာမခံထားသူက အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်ရရှိသည့်အခါ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃) ပါ ရန်ပုံငွေသို့ မိမိက ၁၂ လနှင့်အထက် ပေးသွင်း

ထားသည့် ထည့်ဝင်ကြေးငွေ၏ ၂၅ ရာခိုင်နှုန်းကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ရထိုက်ခွင့်ရှိသည်။

## သက်ပြည့်အငြိမ်းစားယူရမည့်အသက်နှင့် ငွေကြေးအကျိုးခံစားခွင့်

၃၄။ အာမခံထားသူ၏ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်ရရှိမည့်အသက်သည် အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့်ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၃၅။ (က) အာမခံထားသူ သက်ပြည့်ငြိမ်းစားယူသည့်အခါ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ရန်ပုံငွေမှ အောက်ပါအကျိုးခံစားခွင့်များကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(၁) သက်ပြည့်အငြိမ်းစား ခံစားခွင့်ရသည့်နေ့မတိုင်မီ ထည့်ဝင်ကြေးငွေကို လပေါင်း ၁၈၀ ပေးသွင်းပြီးဖြစ်လျှင် ထိုအာမခံထားသူ ထည့်ဝင်ကြေးငွေ ပေးသွင်းခဲ့သောကာလများတွင် ရရှိခဲ့သည့် ပျမ်းမျှလုပ်ခတစ်လစာ၏ ၁၅ ဆကို ထိုသူ၏ဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ ခံစားခွင့်၊

(၂) ထည့်ဝင်ကြေးငွေကို လပေါင်း ၁၈၀ ထက်ပို၍ ပေးသွင်းထားပါက ထိုသို့ ပို၍ပေးသွင်းထားသည့်ကာလနှင့်စပ်လျဉ်း၍ ပုဒ်မခွဲငယ် (၁) ပါ ခံစားခွင့်တွင် သတ်မှတ်ချက်များနှင့်အညီ ထပ်ပေါင်း၍ ခံစားခွင့်၊

(၃) ထည့်ဝင်ကြေးငွေကို ၁၂ လနှင့်အထက်မှ လပေါင်း ၁၈၀ အောက် ပေးသွင်းထားသည့်ကိစ္စတွင် အလုပ်ရှင်က ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေ၏ ၄၀ ရာခိုင်နှုန်းနှင့် ထိုအာမခံထားသူက ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ခံစားခွင့်၊

(၄) ထည့်ဝင်ကြေးငွေကို ၁၂ လအောက်နည်း၍ ပေးသွင်းထားသည့်ကိစ္စတွင် ထိုအာမခံထားသူ ပေးသွင်းထားပြီးသောငွေများကို တစ်လုံးတစ်ခဲတည်းပြန်လည်ထုတ်ယူခွင့်။

(ခ) အလုပ်ရှင်သည် အာမခံထားသူက သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်ရရှိသည့်အခါ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ပါ ရန်ပုံငွေသို့ မိမိက ၁၂ လနှင့်အထက် ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေ၏ ၂၅ ရာခိုင်နှုန်းကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ရထိုက်ခွင့်ရှိသည်။

## အလုပ်တွင် ထိခိုက်မှုကြောင့်မဟုတ်ဘဲ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်

၃၆။ အလုပ်တွင် ထိခိုက်မှုကြောင့်မဟုတ်ဘဲ အခြားအကြောင်းတစ်ခုခုကြောင့် သက်ပြည့်အငြိမ်းစားယူရမည့်အသက် မပြည့်မီ အာမခံထားသူ သေဆုံးသည့်အခါ -

(က) အာမခံထားသူက အမည်စာရင်းပေးသွင်းထားခြင်းခံရသူသည် ကျန်ရစ်သူအကျိုးခံစားခွင့်ကို ပုဒ်မ ၃၃ ပါ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်များအတိုင်း ထိုသူ၏ဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ အမည်စာရင်း ပေးသွင်းထားခြင်းခံရသူ မရှိလျှင် ထိုအာမခံထားသူ၏ လုပ်ခကို မှီခိုနေထိုင်သူများသည် အောက်ပါအစီအစဉ်အလိုက် ကျန်ရစ်သူအကျိုးခံစားခွင့်ကို ပုဒ်မ ၃၃ ပါ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်အတိုင်း ထိုသူ၏ဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(၁) သေဆုံးသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၊

(၂) သေဆုံးသူ၏ဇနီး သို့မဟုတ် ခင်ပွန်းမရှိလျှင် ထိုသူ၏သားသမီးများ၊

(၃) သေဆုံးသူ၏ဇနီး၊ ခင်ပွန်းနှင့် သားသမီးများမရှိလျှင် ထိုသူ၏မိခင်နှင့်ဖခင်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အကျိုးခံစားခွင့်များကို ရထိုက်သူရှိလျှင် အလုပ်ရှင်သည် အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ရန်ပုံငွေသို့ မိမိက ၁၂ လနှင့်အထက် ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေ၏ ၂၅ ရာခိုင်နှုန်းကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ရထိုက်ခွင့်ရှိသည်။

(ဃ) ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အကျိုးခံစားခွင့်များကို ရထိုက်သူမရှိလျှင် အလုပ်ရှင်သည် အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုအကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ရန်ပုံငွေသို့ မိမိက ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

## အလုပ်လက်မဲ့အကျိုးခံစားခွင့်အတွက် လိုအပ်ချက်များ

၃၇။ အာမခံထားသူသည် ထည့်ဝင်ကြေးငွေကို အနည်းဆုံး ၃၆ လ ပေးသွင်းပြီးသူဖြစ်သည့်ပြင် အောက်ပါအချက်များနှင့် အကျုံးဝင်လျှင် အလုပ်လက်မဲ့အကျိုးခံစားခွင့် ရထိုက်စေရမည် -

(က) မိမိသဘောအလျောက် နုတ်ထွက်ခြင်းမဟုတ်ဘဲ အလုပ်ထုတ်ခံရခြင်းကြောင့်ဖြစ်စေ၊ အလုပ်အမြဲပိတ်သိမ်း၍ အလုပ်ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ အလုပ်လက်မဲ့ဖြစ်ခြင်း၊

(ခ) အလုပ်နှင့်စပ်လျဉ်း၍ ပြစ်မှုပြစ်ဒဏ်ထိုက်သင့်သဖြင့် အလုပ်ထုတ်ခံရသူသော်လည်းကောင်း၊ အလွဲသုံးစားပြုမှုကြောင့်ဖြစ်စေ၊ ဝန်ထမ်းစည်းကမ်းဖောက်ဖျက်မှုကြောင့်ဖြစ်စေ၊ အလုပ်ခွင်စည်းကမ်းများကို လိုက်နာရန် တမင်ပျက်ကွက်မှုကြောင့်ဖြစ်စေ အလုပ်မှထုတ်ပစ်ခြင်း သို့မဟုတ် အလုပ်မှထုတ်ပယ်ခြင်းခံရသူသော်လည်းကောင်း မဟုတ်ခြင်း၊

(ဂ) ကျန်းမာရေးကောင်းမွန်၍ အလုပ်လုပ်ကိုင်နိုင်သူဖြစ်ရမည့်အပြင် အလုပ် လုပ်ကိုင်လိုစိတ်ရှိသူဖြစ်ခြင်း၊

(ဃ) သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားသူဖြစ်ပြီး အလုပ်လက်မဲ့ဖြစ်ကြောင်း ထိုရုံးနှင့် မြို့နယ်လူမှုဖူလုံရေးရုံးသို့ တစ်လတစ်ကြိမ် သတင်းပို့ထားသူဖြစ်ခြင်း။

## အလုပ်လက်မဲ့အကျိုးခံစားခွင့်ကာလနှင့် အကျိုးခံစားခွင့်များ

၃၈။ အာမခံထားသူသည် ပုဒ်မ ၃၇ နှင့်အညီ အလုပ်လက်မဲ့ အကျိုးခံစားခွင့်ရသည့်အခါ -

(က) ထည့်ဝင်ကြေးငွေကို ၃၆ လအထိ ထည့်ဝင်ပြီးသူဖြစ်ပါက နောက်ဆုံးတစ်နှစ်အတွင်း ပျမ်းမျှလုပ်ခတစ်လစာ၏ ၅၀ ရာခိုင်နှုန်းကို အလုပ်လက်မဲ့အကျိုးခံစားခွင့်အဖြစ် နှစ်လအထိ လစဉ်ခံစားခွင့်ရှိသည်။ ထည့်ဝင်ကြေးငွေကို ၃၆ လအထက် ထည့်ဝင်ထားသူဖြစ်ပါက ထည့်ဝင်ကြေးငွေ ၁၂ လတိုးတိုင်း အလုပ်လက်မဲ့အကျိုးခံစားခွင့်ကို တစ်လစီတိုး၍ ခံစားခွင့်ရှိသည်။ သို့ရာတွင် အလုပ်လက်မဲ့အကျိုးခံစားခွင့်ကာလစုစုပေါင်းသည် ခြောက်လအထိသာ ခံစားခွင့်ရှိသည်။

(ခ) အလုပ်လက်မဲ့ဖြစ်ချိန်တွင် အိမ်ထောင်ရှိသူဖြစ်ပါက ထိုသူအား မှီခိုသူများ၏အခြေအနေကို မူတည်၍ လူမှုဖူလုံရေးအဖွဲ့က ထပ်ဆောင်း၍ချီးမြှင့်သော ပုဒ်မခွဲ (က) ပါ အလုပ်လက်မဲ့အကျိုးခံစားခွင့်၏ ၁၀ ရာခိုင်နှုန်းထက် မပိုသည့်ငွေကြေးကို အထက်ဖော်ပြပါ သက်ဆိုင်ရာကာလအတွင်း လစဉ်ခံစားခွင့်ရှိသည်။

(ဂ) မကျန်းမာမှုဖြစ်လျှင် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ ခံစားခွင့်များကို ဤပုဒ်မ၏ ပုဒ်မခွဲ (က) နှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့်၊ ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်တို့ ရှိသည်။

(ဃ) ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွားမှုအတွက် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၈ တို့ပါ ခံစားခွင့်များကို ဤပုဒ်မ၏ ပုဒ်မခွဲ (က) နှင့်အညီ အနည်းဆုံး နှစ်လမှ အများဆုံး ခြောက်လအထိ ကျန်းမာရေးစောင့်ရှောက်မှုခံယူခွင့်၊ ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်တို့ ရှိသည်။

(င) လူမှုဖူလုံရေးအဖွဲ့က ခွင့်ပြုသည့် ကျွမ်းကျင်မှုသင်တန်းများသို့ တက်ရောက်သင်ကြားခွင့်ရှိသည်။

(စ) ပုဒ်မခွဲ (က) ပါ အလုပ်လက်မဲ့အကျိုးခံစားခွင့်ကို ခံစားနေစဉ်ကာလအတွင်း အာမခံထားသူ သေဆုံးပါက နာရေးစရိတ်ကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။

## အလုပ်လက်မဲ့ အကျိုးခံစားခွင့် ကန့်သတ်ချက်

၃၉။ (က) အာမခံထားသူသည် -

(၁) ပုဒ်မ ၃၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ပါ အလုပ်လက်မဲ့အကျိုးခံစားခွင့်ကို လုပ်ငန်းဌာန တစ်ခုတွင် တစ်ကြိမ်သာ ခံစားခွင့်ရှိသည်။

(၂) အလုပ်လက်မဲ့အကျိုးခံစားခွင့်ကို ပုဒ်မခွဲငယ် (၁) အရ တစ်ကြိမ်ခံစားပြီးနောက် ထိုလုပ်ငန်းဌာနတွင်ပင် အလုပ်ပြန်လည်ဝင်ရောက်လုပ်ကိုင်ပြီး တစ်ဖန် အလုပ်လက်မဲ့ဖြစ်ပါက ထည့်ဝင်ကြေးကို ၃၆ လ ထပ်မံပေးသွင်းပြီးမှသာ အလုပ်လက်မဲ့အကျိုးခံစားခွင့်ကို သတ်မှတ်ချက်နှင့်အညီ ခံစားခွင့်ရှိသည်။

(ခ) အလုပ်ရှင်သည် အလုပ်လက်မဲ့ဖြစ်သော အာမခံထားသူအတွက် တည်ဆဲအလုပ်သမားဆိုင်ရာ ဥပဒေများအရဖြစ်စေ၊ အလုပ်ခန့်ထားမှု သဘောတူညီချက်အရဖြစ်စေ ထိုအာမခံထားသူသို့ ပေးရန်ရှိသည့် နစ်နာကြေးငွေများထဲမှ ဤဥပဒေအရ ထိုအာမခံထားသူ ရထိုက်ခွင့်ရှိသော အလုပ်လက်မဲ့အကျိုးခံစားခွင့်ကို သတ်မှတ်ချက်များနှင့်အညီ နုတ်ယူနိုင်သည်။

## အလုပ်လက်မဲ့ အကျိုးခံစားခွင့် ရပ်စဲခြင်း

၄၀။ အလုပ်လက်မဲ့အကျိုးခံစားခွင့်ရရှိနေသူသည် အောက်ပါ အခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လျှင် ထိုခံစားခွင့်ရပ်စဲစေရမည် -

(က) သက်ဆိုင်ရာမြို့နယ် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးကဖြစ်စေ၊ သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးကဖြစ်စေ အလုပ်လုပ်ရန် အကြောင်းကြားသောအလုပ်ကို ခိုင်လုံသောအကြောင်း မရှိဘဲ ငြင်းဆိုခြင်း၊

(ခ) လူမှုဖူလုံရေးအဖွဲ့က ညွှန်ကြားသော အသက်မွေးဝမ်းကျောင်းပညာသင်တန်းကို တက်ရောက်ရန် ခိုင်လုံသောအကြောင်းမရှိဘဲ ငြင်းဆိုခြင်း၊

(ဂ) အလုပ်အကိုင်အသစ် ပြန်လည်ရရှိခြင်း၊

(ဃ) ပြစ်မှုဆိုင်ရာဥပဒေတစ်ရပ်ရပ်အရ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် ချမှတ်ခံရခြင်း၊

(င) နိုင်ငံခြားသို့ အပြီးအပိုင်ထွက်ခွာသွားခြင်း သို့မဟုတ် နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်း။

## အလုပ်လက်မဲ့ အကျိုးခံစားခွင့် ရရှိပြီးနောက် လူမှုဖူလုံရေးရန်ပုံငွေမှပြန်လည်ထုတ်ယူခွင့်

၄၁။ အလုပ်လက်မဲ့အကျိုးခံစားခွင့်ရရှိသည့် အာမခံထားသူက အလုပ်လက်မဲ့အကျိုးခံစားခွင့်ကာလ ကုန်ဆုံးသော်လည်း မိမိ၏မူလအလုပ်ကိုဖြစ်စေ၊ ဤဥပဒေအရ လူမှုဖူလုံရေးစနစ်နှင့်သက်ဆိုင်သည့် အခြား အလုပ်တစ်ခုခုကိုဖြစ်စေ ဝင်ရောက်လုပ်ကိုင်နိုင်ခြင်းမရှိပါက -

(က) အာမခံထားသူသည် အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေကို ၃၆ လနှင့်အထက်

မိမိအတွက် အလုပ်ရှင်က ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေ၏ ၄၀ ရာခိုင်နှုန်းနှင့် မိမိက ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ပြန်လည် ထုတ်ယူပိုင်ခွင့်ရှိသည်။

(ခ) အလုပ်ရှင်သည် ပုဒ်မခွဲ (က) ပါ ရန်ပုံငွေသို့ ၃၆ လနှင့်အထက် ပေးသွင်းထားသော မိမိ ထည့်ဝင်ကြေးငွေ၏ ၂၅ ရာခိုင်နှုန်းကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ပြန်လည် ထုတ်ယူပိုင်ခွင့်ရှိသည်။

**အခြားလူမှုဖူလုံရေးစနစ်များအတွက် အကျိုးခံစားခွင့်များနှင့်တာဝန်**

၄၂။ (က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၇) ပါ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းရန်ပုံငွေသို့ မိမိ၏ ဆန္ဒအလျောက် ထည့်ဝင်ကြေးငွေပေးသွင်းထားသူသည် လူမှုဖူလုံရေးအိမ်ရာများနှင့် စပ်လျဉ်း၍ သတ်မှတ်သောစည်းကမ်းချက်များနှင့်အညီ နေထိုင်ခွင့်၊ ငှားရမ်းနေထိုင်ခွင့်၊ အသုံးပြုခွင့်၊ ပိုင်ဆိုင်ခွင့်၊ ဝယ်ယူခွင့်၊ ရောင်းချခွင့် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်နှင့် ယင်းအိမ်ရာဝယ်ယူနိုင်ရေးအတွက် ငွေချေးခွင့်တို့ကို ဦးစားပေးရထိုက်ခွင့် ရှိသည်။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၇) ပါ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေ ပေးသွင်းထားခြင်းမရှိသော အာမခံထားသူသည် သတ်မှတ်ချက်များနှင့် ကိုက်ညီလျှင် လူမှုဖူလုံရေးအိမ်ရာများနှင့်စပ်လျဉ်း၍ နေထိုင်ခွင့်၊ ငှားရမ်းနေထိုင်ခွင့်၊ အသုံးပြုခွင့်၊ ပိုင်ဆိုင်ခွင့်၊ ဝယ်ယူခွင့်၊ ရောင်းချခွင့် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်နှင့် ယင်းအိမ်ရာဝယ်ယူနိုင်ရေးအတွက် ငွေချေးခွင့်တို့ကို ခံစားခွင့်ရှိသည်။

၄၃။ လူမှုဖူလုံရေးအိမ်ရာများတွင် ပုဒ်မ ၄၂ ပါ ခံစားခွင့်ရှိသူသည် -

(က) သတ်မှတ်ထားသောစည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) အဆိုပါစည်းကမ်းချက်များကို ဖောက်ဖျက်ပါက သတ်မှတ်ချက်များနှင့်အညီ အရေးယူဆောင်ရွက်ခြင်း ခံရမည့်အပြင် လူမှုဖူလုံရေးအိမ်ရာမှ ဖယ်ရှားခြင်းခံရမည်။

၄၄။ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) နှင့် (၆) တို့ပါ လူမှုဖူလုံရေးရန်ပုံငွေအသီးသီးသို့ ထည့်ဝင်ကြေးငွေ ပေးသွင်းထားသူများသည် အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထားသောအကျိုးခံစားခွင့်များကို ရရှိစေရမည်။

## အခန်း (၆)

## အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်နှင့်သက်ဆိုင်ခြင်း၊ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေနှင့်အကျိုးခံစားခွင့်များ

**သက်ဆိုင်ခြင်း**

၄၅။ ဤဥပဒေပါ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက် များသည် အောက်ပါအလုပ်သမားများနှင့် သက်ဆိုင်စေရမည် -

(က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) နှင့်အညီ မှတ်ပုံမတင်မနေရ မှတ်ပုံတင်ပြီး ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ (၃)၊ (၄) နှင့် (၅) တို့ပါ လူမှုဖူလုံရေးရန်ပုံငွေများသို့ ထည့်ဝင်ကြေးငွေ ပေးသွင်း ထားသည့် လူမှုဖူလုံရေးစနစ်နှင့်သက်ဆိုင်သော လုပ်ငန်းဌာနများရှိ အလုပ်သမားများ၊

(ခ) အလုပ်သမားဝန်ကြီးဌာနက လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံ

စနစ်ဆိုင်ရာ မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည်ဟု သတ်မှတ်ထားသော အလုပ်သမားများ။

၄၆။ လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိသော ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) ပါ လုပ်ငန်းဌာနများမှ အလုပ်ရှင်များသည် ယင်းတို့၏ အလုပ်သမားများအတွက် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ခံစားနိုင်ရန် မိမိတို့၏ဆန္ဒအလျောက် မှတ်ပုံတင်ပြီး ထည့်ဝင်ကြေးငွေ ပေးသွင်းထားခြင်းမရှိလျှင် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်နှင့် မှတ်ပုံတင်ခြင်း

၄၇။ လူမှုဖူလုံရေးအဖွဲ့သည် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ကို အလုပ်ရှင်က တစ်ကြိမ်တည်း၊ တစ်လုံးတစ်ခဲတည်းပေးရခြင်းမှ ရှောင်ရှားနိုင်စေရန်နှင့် အောက်ဖော်ပြပါ အကျိုးခံစားခွင့်များကို အလုပ်သမားက ရရှိခံစားနိုင်စေရန်အလို့ငှာ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံစနစ်ကို သတ်မှတ်ချက်များနှင့်အညီ စီမံထားရှိရမည် -

(က) ဆေးကုသမှုခံယူခွင့်၊

(ခ) ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့်၊

(ဂ) အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်၊

(ဃ) အလုပ်ကိုအကြောင်းပြု၍ သေဆုံးမှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့်။

၄၈။ (က) အလုပ်ရှင်သည် ပုဒ်မ ၄၅ ပါ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်အတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော အလုပ်သမားများက အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်များရရှိစေရန် သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ပြီး အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေကို သတ်မှတ်ချက်များနှင့် အညီ ထည့်ဝင်၍ အာမခံထားရှိရမည်။

(ခ) အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံစနစ်အတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ခြင်းမရှိသော အလုပ်သမားများအတွက် အလုပ်ရှင်များသည် မိမိတို့၏ဆန္ဒအလျောက် မှတ်ပုံတင်ပြီး အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ သတ်မှတ်ထားသော ထည့်ဝင်ကြေးငွေကို ပေးသွင်းပြီး အာမခံထားရှိနိုင်သည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အာမခံထားရှိရေးအတွက် မှတ်ပုံတင်သည့်အခါ အလုပ်သမားသည် ဆေးသက်သေခံလက်မှတ်ကို တင်ပြရမည်။

## အလုပ်သမားလျော်ကြေးအက်ဥပဒေနှင့်မသက်ဆိုင်ခြင်း

၄၉။ (က) ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) အရ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ အလုပ်ရှင်က မှတ်ပုံမတင်မနေရ မှတ်ပုံတင်၍ဖြစ်စေ၊ ပုဒ်မ ၄၈၊ ပုဒ်မခွဲ (ခ) အရ အလုပ်ရှင်၏ဆန္ဒအရ မှတ်ပုံတင်၍ဖြစ်စေ ထည့်ဝင်ကြေးငွေ ပေးသွင်းထားသော လုပ်ငန်းဌာနများ၏ အလုပ်ရှင်နှင့် အာမခံထားသူများသည် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ အလုပ်သမား လျော်ကြေးအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(ခ) ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အတွက် အာမခံထားသူတို့သည် ဤဥပဒေပါ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်များကိုသာ ခံစားခွင့် ရှိစေရမည်။

**အလုပ်တွင် ထိခိုက်မှုအာမခံစနစ်အတွက် ထည့်ဝင်ကြေးငွေများ**

၅၀။ အလုပ်သမားက အလုပ်တွင် ထိခိုက်မှုအတွက် ပုဒ်မ ၄၇ ပါ အကျိုးခံစားခွင့်များကို ခံစားနိုင်ရန် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ အလုပ်ရှင်က ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေနှင့်စပ်လျဉ်း၍ အလုပ်သမား၏လုပ်ခအလိုက် လုပ်ငန်းဌာနများ၏ ဘေးအန္တရာယ်ရှိနိုင်မှုအနည်းအများအပေါ် မူတည်ပြီး ထည့်ဝင်ရမည့်နှုန်းထားများကို အလုပ်သမားဝန်ကြီးဌာနသည် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ထားရမည်။

၅၁။ အလုပ်ရှင်သည် -

(က) ပုဒ်မ ၅၀ အရ သတ်မှတ်ထားသောနှုန်းထားဖြင့် ထည့်ဝင်ကြေးငွေကို အလုပ်တွင် ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေသို့ လစဉ်ပေးသွင်းရမည်။ ထို့ပြင် ထိုသို့ပေးသွင်းသည့်အတွက် ကုန်ကျ စရိတ်များကိုလည်း ကျခံရမည်။

(ခ) အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် အာမခံထားပြီးနောက် ထည့်ဝင်ကြေးငွေပေးသွင်းရန် ပျက်ကွက်ပါက ထည့်ဝင်ကြေးငွေအပြင် ပုဒ်မ ၈၈ အရ သတ်မှတ်သည့် ပျက်ကွက်ကြေးကို ထပ်ဆောင်း၍ ပေးသွင်းရမည်။

**အလုပ်တွင် ထိခိုက်မှုအတွက် ဆေးကုသမှုခံယူခွင့်နှင့် အခြားအကျိုးခံစားခွင့်များ**

၅၂။ (က) အာမခံထားသူသည် အလုပ်တွင် ထိခိုက်မှုဖြစ်ပေါ်လျှင် သတ်မှတ်ချက်များနှင့်အညီ ဆေးကုသ ခံယူခွင့်ရှိသည့်အပြင် ဤအခန်းပါ အခြားအကျိုးခံစားခွင့်လည်း ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ အလုပ်ကိုအကြောင်းပြု၍ဖြစ်သော ရောဂါအမျိုးအစားသည် နည်းဥပဒေများ၊ စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့်အတိုင်း ဖြစ်စေရမည်။

**လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး**

၅၃။ (က) အလုပ်ရှင်နှင့် အလုပ်သမားတို့သည် လုပ်ငန်းဌာနများ၌ အလုပ်သမားများ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပညာပေးလုပ်ငန်းများအပြင် အလုပ်တွင် မတော်တဆဖြစ်ပွားမှုများကို လည်းကောင်း၊ အလုပ်တွင် ထိခိုက်မှုကြောင့် ဒဏ်ရာရရှိမှု၊ ရောဂါရရှိမှုနှင့် သေဆုံးမှု ဖြစ်ပွား ခြင်းတို့ကိုလည်းကောင်း ကာကွယ်ရန်အလို့ငှာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာစီမံချက်များ ထားရှိခြင်းတို့နှင့်စပ်လျဉ်း၍ လူမှုဖူလုံရေးအဖွဲ့နှင့်ဖြစ်စေ၊ အာမခံ ကိုယ်စားလှယ်ဌာနများနှင့်ဖြစ်စေ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်။

(ခ) အလုပ်ရှင်၏ ပြစ်မှုပြစ်ဒဏ်ထိုက်သင့်သောပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ၊ အလုပ်ရှင်က လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအစီအမံများနှင့် အကာအကွယ်များ ပြုလုပ်မထားခြင်းကြောင့်ဖြစ်စေ ဖြစ်ပေါ်လာသော အလုပ်တွင် ထိခိုက်မှုအတွက် ဆေးကုသမှု ကုန်ကျစရိတ်များနှင့် ဤဥပဒေအရ ခံစားခွင့်ရှိသည့် အခြားအကျိုးခံစားခွင့်များကို အလုပ်ရှင်က သတ်မှတ်ချက်များနှင့်အညီ ကျခံရမည်ဖြစ်ပြီး ပျက်ကွက်ခြင်းမရှိစေရ။

၅၄။ (က) အလုပ်ရှင်သည် မိမိ၏အာမခံထားသူ အလုပ်သမား ပြင်းထန်သည့် မတော်တဆ ထိခိုက် ဒဏ်ရာရမှု ဖြစ်ပွားပါက သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ ချက်ချင်းအစီရင်ခံရမည်။ ထိုသို့ အစီရင်ခံရန် ခိုင်လုံသောအကြောင်းမရှိဘဲ နှောင့်နှေးကြန့်ကြာခြင်း မရှိစေရ။

(ခ) လုပ်ငန်းဌာနများအား ကြည့်ရှုစစ်ဆေးသော အရာထမ်း၊ အမှုထမ်းအဖွဲ့သည် အလုပ်နှင့် သက်ဆိုင်သော မတော်တဆ ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုနှင့် ရောဂါရမှုများ ဖြစ်ပွားကြောင်း တွေ့ရှိပါက သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည်။

## ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်

၅၅။ အာမခံထားသူသည် အလုပ်တွင် ထိခိုက်မှုကြောင့် အလုပ်မလုပ်နိုင်၍ ဝင်ငွေလျော့နည်းခြင်း သို့မဟုတ် ဝင်ငွေရပ်စဲခြင်းဖြစ်လျှင် အခမဲ့ဆေးကုသမှုခံယူခွင့်ရှိသည့်အပြင် ဆေးသက်သေခံလက်မှတ်အရ ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်အဖြစ် အလုပ်တွင် ထိခိုက်မှုမဖြစ်မီ လေးလအတွင်း ပျမ်းမျှ လုပ်ခ၏ ၇၀ ရာခိုင်နှုန်းကို အလုပ်စတင်မလုပ်နိုင်သည့်နေ့မှ အများဆုံး ၁၂ လအထိ ခံစားခွင့်ရှိသည်။

၅၆။ (က) ပုဒ်မ ၅၅ အရ ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်သည် ၁၂ လအတွင်း ထိုအာမခံထားသူ ပြန်လည်အလုပ်လုပ်နိုင်သည့်နေ့ရက်မှစ၍ ရပ်စဲရမည်။

(ခ) အာမခံထားသူသည် ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့် ၁၂ လ ကုန်ဆုံးသော်လည်း ဆက်လက်၍ အလုပ်မလုပ်နိုင်လျှင် အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို ပြောင်းလဲပြီး ခံစားခွင့်ရှိသည်။

(ဂ) အာမခံထားသူသည် အလုပ်တွင် ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့် ခံစားနေစဉ် ၁၂ လ အတွင်းမှာပင် ဆေးသက်သေခံလက်မှတ်အရ အမြဲတမ်းမသန်စွမ်းမှုဖြစ်မည်ဟု ကြိုတင်မှန်းဆ၍ရပါက ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို ရပ်စဲပြီး အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို ပြောင်းလဲ၍ ခံစားခွင့်ရှိသည်။

## အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်

၅၇။ အာမခံထားသူသည် အလုပ်တွင် ထိခိုက်မှုကြောင့် အလုပ်လုပ်နိုင်သည့်အင်အား တစ်စိတ်တစ်ဒေသ အမြဲတမ်းဆုံးရှုံးနိုင်ဖွယ်ရာအကြောင်းရှိလျှင် အမြဲတမ်းတစ်စိတ်တစ်ဒေသမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်ကိုလည်းကောင်း၊ အလုပ်လုပ်နိုင်သည့်အင်အား လုံးဝအမြဲတမ်းဆုံးရှုံးနိုင်ဖွယ်ရာအကြောင်းရှိလျှင် အမြဲတမ်းလုံးဝမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့်ကိုလည်းကောင်း ခံစားခွင့်ရှိသည်။ ထိုခံစားခွင့်အတွက် အလုပ်တွင် ထိခိုက်မှုမဖြစ်မီ လေးလအတွင်း ပျမ်းမျှလုပ်ခတစ်လစာ၏ ၇၀ ရာခိုင်နှုန်းကို ဆေးဘက်ဆိုင်ရာအဖွဲ့၏ အမြဲတမ်းလုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းဆုံးဖြတ်ချက်အပေါ် အခြေပြု၍ တွက်ချက်ရရှိမည့် ငွေကြေးအကျိုးခံစားခွင့်ကို တစ်လအတွက် ခံစားခွင့်ဟု သတ်မှတ်၍ ပုဒ်မ ၅၈ နှင့်အညီ ခံစားခွင့်ရှိသည်။

၅၈။ လုပ်အားဆုံးရှုံးသူသည် ပုဒ်မ ၅၇ ပါ ပျမ်းမျှလုပ်ခတစ်လစာ၏ ၇၀ ရာခိုင်နှုန်းအပေါ် လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းကိုအခြေပြု၍ တွက်ချက်ရရှိသော အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ကို အောက်ပါအတိုင်း သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(က) လုပ်အားဆုံးရှုံးမှုမှာ ၂၀ ရာခိုင်နှုန်းနှင့်အောက်ဖြစ်ပါက ထိုသူခံစားခွင့်ရှိသော လစဉ် အကျိုးခံစားခွင့်၏ ငါးနှစ်အတွက် ရထိုက်ခွင့်ရှိသောငွေကြေးကို တစ်လုံးတစ်ခဲတည်းခံစားခွင့်၊

(ခ) လုပ်အားဆုံးရှုံးမှုမှာ ၂၀ ရာခိုင်နှုန်းအထက်မှ ၇၅ ရာခိုင်နှုန်းအထိဖြစ်ပါက ထိုသူ ခံစားခွင့်ရှိသော လစဉ် အကျိုးခံစားခွင့်၏ ခုနစ်နှစ်အတွက် ရထိုက်ခွင့်ရှိသောငွေကြေးကို ထိုသူ၏ဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ ခံစားခွင့်၊

(ဂ) လုပ်အားဆုံးရှုံးမှုမှာ ၇၅ ရာခိုင်နှုန်းအထက်ဖြစ်ပါက ထိုသူခံစားခွင့်ရှိသော လစဉ် အကျိုးခံစားခွင့်၏ ကိုးနှစ်အတွက် ရထိုက်ခွင့်ရှိသောငွေကြေးကို ထိုသူ၏ဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်း သို့မဟုတ် လစဉ် အသက်ထက်ဆုံးအထိဖြစ်စေ ခံစားခွင့်၊

(ဃ) ပုဒ်မခွဲ (ဂ) ပါ အမြဲတမ်းလုံးဝမသန်စွမ်းသူကို အခြားသူတစ်ဦးတစ်ယောက်က အမြဲမပြတ် ပြုစုရန်လိုအပ်ကြောင်း ဆေးသက်သေခံလက်မှတ် တင်ပြလျှင် ပုဒ်မခွဲ (ဂ) ပါ ခံစားခွင့်အပြင်

ထိုသူ ခံစားခွင့်ရှိသော အကျိုးခံစားခွင့်၏ ၁၀ ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ထိုသူ၏ဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်း သို့မဟုတ် လစဉ် အသက်ထက်ဆုံးအထိဖြစ်စေ ထပ်ဆောင်း၍ ခံစားခွင့်။

၅၉။ (က) အမြဲတမ်းတစ်စိတ်တစ်ဒေသမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်နှင့် အမြဲတမ်းလုံးဝ မသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်တို့၏အချိုးအစားသည် အလုပ်တွင် ထိခိုက်ဒဏ်ရာရမှုကြောင့် အလုပ်လုပ်နိုင်သောအင်အား ဆုံးရှုံးမှု၏အချိုးအစားနှင့် ညီမျှရမည်။

(ခ) အမြဲတမ်းတစ်စိတ်တစ်ဒေသမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ရရှိခဲ့သော အာမခံထားသူသည် အလုပ်တွင် အခြားဒဏ်ရာရမှုတစ်ရပ်ရပ်ဖြစ်ပွားလျှင် ယခင်သတ်မှတ်ထားသည့် လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းကို ထည့်သွင်းစဉ်းစားပြီး ထိုသူ၏ လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းကို အသစ်ထပ်မံသတ်မှတ်ရမည်။ ထိုသို့ နှစ်ကြိမ်သတ်မှတ်ထားသော လုပ်အားဆုံးရှုံးမှုနှစ်ရပ်ပေါင်းသည် ထိုသူဆုံးရှုံးခဲ့သော စုစုပေါင်းလုပ်အားဆုံးရှုံးမှု တန်ဖိုးဖြတ်ရာခိုင်နှုန်းထက် မကျော်စေရ။ ထိုသို့ အသစ်ထပ်မံသတ်မှတ်ခြင်းကြောင့် တိုးလာသော လုပ်အားဆုံးရှုံးမှုရာခိုင်နှုန်းအတွက် ထိုက်သင့်သော ငွေကြေးအကျိုးခံစားခွင့်ကို သတ်မှတ်ချက်များနှင့်အညီ ရထိုက်ခွင့်ရှိသည်။

## ပြန်လည်ထူထောင်ပေးခြင်းနှင့် အလုပ်နေရာများ စီစဉ်ထားရှိခြင်း

၆၀။ လူမှုဖူလုံရေးအဖွဲ့သည် အလုပ်တွင် ထိခိုက်မှုကြောင့် ကိုယ်အင်္ဂါဆုံးရှုံးသူများအား ပြန်လည်ထူထောင်ပေးရန် သို့မဟုတ် ထိုသူတို့ အလုပ်လုပ်ရန် မစွမ်းဆောင်နိုင်သည်ကို စွမ်းဆောင်လာနိုင်စေရေးအတွက် ပြုလုပ်ပေးရန် လိုအပ်သည့်အခါ -

(က) ဆေးသက်သေခံလက်မှတ်အရ ခွဲစိတ်ကုသရန် ကိရိယာတန်ဆာပလာများ၊ ဖြည့်စွက်ကုသရန်နှင့် တပ်ဆင်ရန် ကိရိယာတန်ဆာပလာများကို ပြုလုပ်ခြင်း၊ တပ်ဆင်ခြင်းနှင့် ထောက်ပံ့ခြင်းများ ပြုလုပ်ပေးရမည်။

(ခ) လုပ်ငန်းနှင့်ဆိုင်သော လေ့ကျင့်မှုသင်တန်းများပေးခြင်းနှင့် လူမှုအသိုက်အဝန်းတွင် ပြန်လည်ဝင်ဆံ့လာစေရေးအတွက် ပြုစုပျိုးထောင်ပေးခြင်းများ ပြုလုပ်ပေးရမည်။

၆၁။ သတ်မှတ်သော အလုပ်သမားအရေအတွက်ထက် ပိုမိုသည့်အပြင် ဤဥပဒေနှင့်သက်ဆိုင်သော လုပ်ငန်းဌာနများအား အလုပ်တွင် ထိခိုက်မှုကြောင့် ကိုယ်အင်္ဂါပျက်ယွင်း၍ မသန်စွမ်းဖြစ်ပြီး လုပ်အားဆုံးရှုံးယုတ်လျော့သွားသော အလုပ်သမားများအတွက် ခန့်ပေးရမည့် လုပ်ငန်းဌာနအမျိုးအစားအလိုက် အနည်းဆုံးထားရှိရမည့်အချိုးအစားကို လူမှုဖူလုံရေးအဖွဲ့က အလုပ်သမားဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ သတ်မှတ်နိုင်သည်။

## အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်

၆၂။ အလုပ်တွင် ထိခိုက်မှုကြောင့် အာမခံထားသူ သေဆုံးသည့်အခါ -

(က) အာမခံထားသူက အမည်စာရင်းပေးသွင်းထားခြင်းခံရသူသည် ထိုအာမခံထားသူ မသေဆုံးမီ လေးလအတွင်း ရရှိသော ပျမ်းမျှလုပ်ခအရ ထည့်ဝင်ကြေးငွေ ပေးသွင်းထားသည့်ကာလကို အခြေပြု၍ အောက်ပါအတိုင်း ကျန်ရစ်သူအကျိုးခံစားခွင့်များကို ထိုသူ၏ဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ ရထိုက်ခွင့်ရှိသည် -

(၁) ထည့်ဝင်ကြေးငွေကို လပေါင်း ၆၀ နှင့်အောက် ပေးသွင်းပြီးဖြစ်ပါက ပျမ်းမျှလုပ်ခ တစ်လစာ၏ ၃၀ ဆ၊

(၂) ထည့်ဝင်ကြေးငွေကို လပေါင်း ၆၀ အထက်မှ လပေါင်း ၁၂၀ နှင့်အောက် ပေးသွင်းပြီးဖြစ်ပါက ပျမ်းမျှလုပ်ခတစ်လစာ၏ ၅၀ ဆ၊

(၃) ထည့်ဝင်ကြေးငွေကို လပေါင်း ၁၂၀ အထက်မှ လပေါင်း ၂၄၀ နှင့်အောက် ပေးသွင်းပြီး ဖြစ်ပါက ပျမ်းမျှလုပ်ခတစ်လစာ၏ ၆၀ ဆ၊

(၄) ထည့်ဝင်ကြေးငွေကို လပေါင်း ၂၄၀ အထက် ပေးသွင်းပြီးဖြစ်ပါက ပျမ်းမျှလုပ်ခတစ်လစာ၏ ၈၀ ဆ။

( ခ ) ပုဒ်မခွဲ (က) ပါ အမည်စာရင်းပေးသွင်းထားခြင်းခံရသူမရှိလျှင် ထိုအာမခံထားသူ၏လုပ်ခကို မှီခိုနေထိုင်သူများသည် အောက်ပါအစီအစဉ်အလိုက် ပုဒ်မခွဲ (က) ပါ ကျန်ရစ်သူအကျိုးခံစားခွင့်ကို ထိုသူ၏ဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည် -

(၁) သေဆုံးသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၊

(၂) သေဆုံးသူ၏ဇနီး သို့မဟုတ် ခင်ပွန်းမရှိလျှင် ထိုသူ၏သားသမီးများ၊

(၃) သေဆုံးသူ၏ဇနီး၊ ခင်ပွန်းနှင့် သားသမီးများမရှိလျှင် ထိုသူ၏မိခင်နှင့်ဖခင်။

## အခန်း (၇)

## လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေ နှစ်ရပ်လုံးနှင့်သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ

### တစ်ပြိုင်တည်းမပေးရသောအကျိုးခံစားခွင့်များ

၆၃။ (က) အောက်ပါငွေကြေးအကျိုးခံစားခွင့်များကို အာမခံထားသူအား တစ်ပြိုင်တည်းမပေးရ -

(၁) မကျန်းမာမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်နှင့် မီးဖွားမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်၊

(၂) မကျန်းမာမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်နှင့် ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်၊

(၃) မီးဖွားမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်နှင့် ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့်အကျိုးခံစားခွင့်၊

(၄) မကျန်းမာမှု၊ မီးဖွားမှု၊ ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့်များနှင့် အလုပ်လက်မဲ့ အကျိုးခံစားခွင့်။

( ခ ) ပုဒ်မခွဲ (က) ပါ အကျိုးခံစားခွင့်များအနက် အကျိုးခံစားခွင့်နှစ်မျိုးကို ပေးရမည့်ကိစ္စများတွင် ထိုနှစ်မျိုးမှာ ငွေပမာဏမတူလျှင် အကျိုးခံစားခွင့်ရသူအား ထိုအကျိုးခံစားခွင့်များ၏ ငွေပမာဏနှစ်ရပ်အနက် များရာငွေပမာဏကို ပေးရမည်။

### အကျိုးခံစားခွင့်များရပ်ဆိုင်းခြင်း

၆၄။ မကျန်းမာမှု၊ မီးဖွားမှုနှင့် ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့် တစ်ခုခုခံစားနေသော အာမခံထားသူ တစ်ဦးဦးသည် အလုပ်မလုပ်နိုင်ကြောင်း ဆေးသက်သေခံလက်မှတ် ထုတ်ပေးထားသည့်လုပ်ငန်းဌာနတွင် ဖြစ်စေ၊ အခြားလုပ်ငန်းဌာနတစ်ခုခုတွင်ဖြစ်စေ လုပ်ခဖြင့် ဝင်ရောက်လုပ်ကိုင်နေလျှင် ထိုသူအား အဆိုပါ အကျိုးခံစားခွင့်များကို ရပ်ဆိုင်းရမည်။

### စိုက်ထုတ်ကုန်ကျစရိတ်များပြန်လည်ရထိုက်ခွင့်

၆၅။ အလုပ်ရှင်သည် -

(က) အာမခံထားသူအား ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသမှုနှင့် အခြား အကျိုးခံစားခွင့်ရှိသော ကိစ္စများအတွက် လူမှုရေးအရ စိုက်ထုတ်ကုန်ကျထားသည့် စရိတ်များကို ဤဥပဒေအရ ခွင့်ပြုသော အကျိုးခံစားခွင့်ငွေများအနက်မှ ပြန်လည်ရထိုက်ခွင့်ရှိသည်။

(ခ) အာမခံထားသူအား ဤဥပဒေအရ မကျန်းမာမှု၊ မီးဖွားမှုနှင့် ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့် တစ်ခုခုပေးနေသည့်ကာလအတွင်း ယင်းအား ထုတ်ပေးထားသောလုပ်ခနှင့် ငွေလက်ငင်းအကျိုးခံစားခွင့်တို့၏စုစုပေါင်းမှာ ထိုအာမခံထားသူ သာမန်အားဖြင့် ရရှိသည့်လုပ်ခထက်ပိုလျှင် ထိုပိုငွေကို ဤဥပဒေအရ ခွင့်ပြုသည့် ငွေလက်ငင်းအကျိုးခံစားခွင့်များအနက်မှ နုတ်ယူနိုင်သည်။ ထိုသို့ပို၍ထုတ်ပေးထားကြောင်း သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ အကြောင်းကြားရမည်။

## အလုပ်နှင့်စပ်လျဉ်း၍တားမြစ်ချက်

၆၆။ (က) အလုပ်ရှင်သည် ပုဒ်မ ၆၇ နှင့် ၆၈ တို့အရ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုများကို အထောက်အထားပြုလျက် -

(၁) ဤဥပဒေအရ မကျန်းမာမှုအကျိုးခံစားခွင့်၊ မီးဖွားခွင့်အကျိုးခံစားခွင့်၊ အလုပ်တွင်ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းမှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်တစ်ခုခုခံစားနေသော အာမခံထားသူအား ထိုသို့ခံစားနေသည့်ကာလအပိုင်းအခြားအတွင်း အလုပ်မှ ထုတ်ပယ်ခြင်း၊ ရပ်စဲခြင်းကိုသော်လည်းကောင်း၊ ထိုသူ၏လုပ်ခထက် လျော့နည်းသည့်အဆင့်သို့ လျှော့ချခြင်းကိုသော်လည်းကောင်း မပြုရ။

(၂) ဤဥပဒေအရ ထည့်ဝင်ကြေးငွေများ ပေးသွင်းရမည့်တာဝန်ကြောင့် မိမိအလုပ်သမား၏ လုပ်ခနှင့် အခကြေးငွေများကို လျှော့ချခြင်း၊ ဖြတ်တောက်ခြင်း မပြုရ။

(ခ) အာမခံထားသူသည် ပုဒ်မခွဲ (က) ပါ တားမြစ်ချက်များကို အလုပ်ရှင်က ဖောက်ဖျက်ကျူးလွန်သည့်အတွက် ထိခိုက်နစ်နာမှုနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ တင်ပြနိုင်သည်။

## ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုပေးခြင်း

၆၇။ (က) အလုပ်ရှင်သည် အာမခံထားသူ မိမိ၏အလုပ်သမားများအား ဆေးကုသပေးနိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့၏ ခွင့်ပြုချက်နှင့် စည်းကမ်းချက်များ ရယူပြီးနောက် တည်ဆဲဥပဒေနှင့်အညီ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း တည်ထောင်ဖွင့်လှစ်၍ မိမိခန့်ထားသော ဆရာဝန်များ၊ သူနာပြုများဖြင့် သတ်မှတ်ချက်များနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုပေးနိုင်သည်။

(ခ) လူမှုဖူလုံရေးအဖွဲ့သည် အာမခံထားသူအများအပြားရှိပြီး သတ်မှတ်ထားသည့်ဦးရေနှင့် အထက်ရှိသော လုပ်ငန်းဌာနများတွင် လုပ်သားအင်အားအချိုးအစားအလိုက် ဆေးခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်။

(ဂ) လူမှုဖူလုံရေးအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ ဖွင့်လှစ်သော ဆေးရုံ၊ ဆေးခန်းများတွင် လိုအပ်သော ဆေးဝါးပစ္စည်းများနှင့် ဆရာဝန်များ၊ သူနာပြုများအတွက် ကုန်ကျစရိတ်များကို သတ်မှတ်ချက်များနှင့်အညီ ထောက်ပံ့ရမည်။

၆၈။ လူမှုဖူလုံရေးအဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုတို့နှင့်စပ်လျဉ်း၍ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ -

(က) ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့နှင့် ညှိနှိုင်းပြီး လူမှုဖူလုံရေးဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုဆိုင်ရာလုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

(ခ) ဤဥပဒေနှင့်သက်ဆိုင်သော လုပ်ငန်းဌာနများရှိ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်း၍ ပညာပေးခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းများ ပြုရမည်။

(ဂ) လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများသို့ ဆေးကုသမှုခံယူရန် လာရောက်သော အာမခံထားသူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုများပေးရန် ကြပ်မတ်စီစဉ်ဆောင်ရွက်ပေးရမည်။

(ဃ) လိုအပ်ပါက ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး သဘောတူစာချုပ်များ ချုပ်ဆို၍ နိုင်ငံပိုင်ဆေးရုံ၊ ဆေးခန်းများတွင် ဆေးကုသပေးခြင်း သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုအတွက် ကုန်ကျစရိတ်ကို သတ်မှတ်ချက်များနှင့်အညီ ကျခံခြင်းပြုနိုင်သည်။

(င) ဌာနဆိုင်ရာ ဆေးရုံ၊ ဆေးခန်းများ၏ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ပုဂ္ဂလိကပိုင်ဆေးရုံ၊ ဆေးခန်းများ၏ လုပ်ငန်းရှင်များနှင့်လည်းကောင်း သဘောတူစာချုပ်များ ချုပ်ဆို၍ သတ်မှတ်ချက်များနှင့်အညီ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးကုသမှုပေးခြင်းကို ခွင့်ပြုနိုင်သည်။

(စ) ကျန်းမာရေးအဆင့်မြှင့်တင်ရေး၊ ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို စီမံချက်များ ချမှတ်၍ ဆောင်ရွက်ရမည်။

## ထည့်ဝင်ကြေးငွေပေးသွင်းရန် ပျက်ကွက်သော်လည်း အကျိုးခံစားခွင့်ဆုံးရှုံးမှုမရှိခြင်း

၆၉။ (က) ပုဒ်မ ၁၆ နှင့် ပုဒ်မ ၄၈ တို့အရ မှတ်ပုံတင်ခဲ့သော အလုပ်ရှင်ကသော်လည်းကောင်း၊ မှတ်ပုံတင်ရန် တာဝန်ရှိသော အလုပ်ရှင်ကသော်လည်းကောင်း၊ ထည့်ဝင်ကြေးငွေများ ပေးသွင်းခြင်း မပြုစေကာမူ သို့မဟုတ် အလုပ်သမား၏လုပ်ခထဲမှ ထည့်ဝင်ကြေးငွေကို နုတ်ယူပေးသွင်းခြင်း မပြုစေကာမူ အာမခံထားသူသည်လည်းကောင်း၊ အာမခံထားသူ သေဆုံးပြီးနောက် ထိုသူက အမည်စာရင်းပေးသွင်းခြင်းခံရသူ သို့မဟုတ် ထိုသို့ အမည်စာရင်းပေးသွင်းခြင်းမရှိခဲ့လျှင် ထိုသူအား မှီခိုသူသည်လည်းကောင်း ဤဥပဒေပါ အကျိုးခံစားခွင့်များကို ရထိုက်ခွင့် ရှိစေရမည်။

(ခ) ထည့်ဝင်ကြေးငွေပေးသွင်းရန် ပျက်ကွက်သည့် အလုပ်ရှင်သည် ပုဒ်မ ၁၇ နှင့် ပုဒ်မ ၅၀ တို့အရ ပေးသွင်းရမည့် ထည့်ဝင်ကြေးငွေများနှင့် ပုဒ်မ ၈၈ အရ သတ်မှတ်ထားသော ပျက်ကွက်ကြေးကိုပါ ပေးသွင်းရမည့်အပြင် အာမခံထားသူအား ပေးရမည့် အကျိုးခံစားခွင့်များနှင့် ကုန်ကျစရိတ်အားလုံးကိုလည်း ကျခံရမည်။

## သက်ဆိုင်ရာလူမှုဖူလုံရေးရန်ပုံငွေမှ ပြန်လည်ထုတ်ယူခွင့်

၇၀။ (က) ပုဒ်မ ၃၄ အရ သတ်မှတ်သော သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်ရရှိမည့် အသက်မပြည့်မီ အာမခံထားသူက မိမိဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ခြင်း သို့မဟုတ် ဤဥပဒေနှင့် မသက်ဆိုင်သည့် အခြားလုပ်ငန်းဌာနတစ်ခုခုသို့ ပြောင်းရွှေ့ခြင်းပြုသောအခါ -

(၁) အာမခံထားသူသည် အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူအကျိုးခံစားခွင့် ရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေကို လပေါင်း ၁၈၀ အထိပေးသွင်းပြီးဖြစ်လျှင် ထိုအာမခံထားသူ ထည့်ဝင်ကြေးပေးသွင်းခဲ့သောကာလတွင် ရရှိခဲ့သည့် ပျမ်းမျှလုပ်ခတစ်လစာ၏ ၁၂ ဆကို ထိုသူ၏ဆန္ဒအရ အရစ်ကျဖြစ်စေ၊ တစ်လုံးတစ်ခဲတည်းဖြစ်စေ ခံစားခွင့်ရှိသည်။

(၂) အာမခံထားသူသည် ထည့်ဝင်ကြေးငွေကို လပေါင်း ၁၈၀ ထက်ပို၍ ပေးသွင်းထားလျှင် ပုဒ်မခွဲငယ် (၁) ပါ ခံစားခွင့်များအပြင် ထိုကာလအတွင်း အလုပ်ရှင်က ထည့်ဝင်ခဲ့သည့် ထည့်ဝင်ကြေးငွေ၏ ၄၀ ရာခိုင်နှုန်းနှင့် ထိုသို့ မိမိက ပို၍ပေးသွင်းထားသည့်ထည့်ဝင်ကြေးငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ထိုရန်ပုံငွေမှ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

(၃) အာမခံထားသူသည် ပုဒ်မခွဲငယ် (၁) ပါ ရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေကို ၃၆ လအထက်မှ လပေါင်း ၁၈၀ အောက်ပေးသွင်းထားပါက အလုပ်ရှင်က မိမိအတွက် အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုအကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုး

ခံစားခွင့်ရန်ပုံငွေသို့ ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေ၏ ၄၀ ရာခိုင်နှုန်းနှင့် ထိုကာလအတွင်း မိမိကထည့်ဝင်ခဲ့သည့် ထည့်ဝင်ကြေးငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ထိုရန်ပုံငွေမှ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

(၄) အလုပ်ရှင်သည် အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ရန်ပုံငွေသို့ အာမခံထားသူအတွက် မိမိက ၃၆ လနှင့်အထက်ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေများ၏ ၂၅ ရာခိုင်နှုန်းကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ထိုရန်ပုံငွေမှ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

( ခ ) အလုပ်တွင် ထိခိုက်ဒဏ်ရာရမှုကြောင့် အာမခံထားသူ အမြဲတမ်းလုံးဝမသန်စွမ်းခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်သည့်အခါ -

(၁) အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုအကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ရန်ပုံငွေသို့ ၃၆ လနှင့်အထက် အာမခံထားသူက ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေကိုလည်းကောင်း၊ အလုပ်ရှင်ကပေးသွင်းထားသည့်ထည့်ဝင်ကြေးငွေ၏ ၄၀ ရာခိုင်နှုန်းကိုလည်းကောင်း အာမခံထားသူကဖြစ်စေ၊ ထိုသူမသေဆုံးမီ အမည်စာရင်းပေးသွင်းခြင်းခံရသူကဖြစ်စေ၊ ထိုသို့ အမည်စာရင်းပေးသွင်းခြင်းမရှိခဲ့လျှင် အာမခံထားသူအား မှီခိုသူကဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

(၂) အလုပ်ရှင်သည် အာမခံထားသူအတွက် ပုဒ်မခွဲငယ် (၁) ပါ ရန်ပုံငွေသို့ မိမိက ၃၆ လနှင့်အထက် ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေ၏ ၂၅ ရာခိုင်နှုန်းကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ထိုရန်ပုံငွေမှ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

( ဂ ) အာမခံထားသူက မိမိဆန္ဒအလျောက် အလုပ်မှနုတ်ထွက်ခြင်း၊ ဤဥပဒေနှင့်မသက်ဆိုင်သည့် အခြားလုပ်ငန်းဌာနတစ်ခုခုသို့ ပြောင်းရွှေ့ခြင်း၊ သက်ပြည့်အငြိမ်းစားယူခြင်း၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိခြင်း၊ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းလုံးဝမသန်စွမ်းခြင်း သို့မဟုတ် မည်သည့်အကြောင်းကြောင့်မဆို သေဆုံးခြင်းဖြစ်သည့်အခါ -

(၁) ထိုအာမခံထားသူသည်လည်းကောင်း၊ အာမခံထားသူ သေဆုံးပြီးနောက် ထိုသူက အမည်စာရင်းပေးသွင်းခြင်းခံရသူ သို့မဟုတ် ထိုသို့ အမည်စာရင်းပေးသွင်းခြင်းမရှိခဲ့လျှင် ထိုသူအား မှီခိုသူသည်လည်းကောင်း အလုပ်လက်မဲ့အကျိုးခံစားခွင့်ရန်ပုံငွေသို့ အာမခံထားသူက ၃၆ လနှင့်အထက် ပေးသွင်းထားသည့်ထည့်ဝင်ကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

(၂) အလုပ်ရှင်သည် ထိုအာမခံထားသူအတွက် အလုပ်လက်မဲ့ အကျိုးခံစားခွင့်ရန်ပုံငွေသို့ မိမိက ၃၆ လနှင့်အထက် ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

(ဃ) လူမှုဖူလုံရေးအိမ်ရာစီမံကိန်းရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေပေးသွင်းထားသူသည် အိမ်ရာနှင့် စပ်လျဉ်းသည့် အကျိုးခံစားခွင့်တစ်စုံတစ်ရာမရရှိမီ အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက အာမခံထားသူကဖြစ်စေ၊ ထိုအာမခံထားသူသေဆုံးပါက ထိုသူမသေဆုံးမီ အမည်စာရင်းပေးသွင်းခြင်းခံရသူကဖြစ်စေ၊ ထိုသို့ အမည်စာရင်းပေးသွင်းခဲ့ခြင်းမရှိခဲ့လျှင် အာမခံထားသူအား မှီခိုသူကဖြစ်စေ ထိုအာမခံထားသူက လူမှုဖူလုံရေးအိမ်ရာ စီမံကိန်းရန်ပုံငွေသို့ ပေးသွင်းခဲ့သော ထည့်ဝင်ကြေးငွေအားလုံးကို သတ်မှတ်ချက်များနှင့်အညီ အတိုးနှင့်တကွ ပြန်လည်ထုတ်ယူခွင့်ရှိသည် -

(၁) သက်ပြည့်အငြိမ်းစားယူခြင်း၊

(၂) အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုဖြစ်ခြင်း၊

(၃) အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းလုံးဝမသန်စွမ်းခြင်း၊

(၄) အလုပ်မှနုတ်ထွက်ခြင်း၊ အလုပ်မှထုတ်ပယ်ခံရခြင်း သို့မဟုတ် သေဆုံးခြင်း။

**အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍တားမြစ်ချက်**

၇၁။ မည်သူမျှ -

(က) ဤဥပဒေနှင့်အညီ ပေးသည့် အကျိုးခံစားခွင့်များကို ဝရမ်းကပ်ခြင်းသော်လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်းခြင်း သို့မဟုတ် လက်ခံခြင်းသော်လည်းကောင်း မပြုရ။

(ခ) လူမှုဖူလုံရေးနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်တစ်ရပ်ရပ်ကို မရိုးမဖြောင့်သော သဘောဖြင့် တောင်းဆိုခြင်းမပြုရ။

**ကျန်ရစ်သူအကျိုးခံစားခွင့်**

၇၂။ အကျိုးခံစားခွင့်ရထိုက်ခွင့်ရှိသောအာမခံထားသူ သေဆုံးလျှင် ထိုသေဆုံးသည့်နေ့ရက်အထိ မပေးရသေးသောအကျိုးခံစားခွင့်ကို အာမခံထားသူက အမည်စာရင်းပေးသွင်းခြင်းခံရသူသည်လည်းကောင်း၊ ထိုသို့ အမည်စာရင်းပေးသွင်းခြင်းမရှိခဲ့လျှင် ထိုသူအား မှီခိုသူသည်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိသည်။

**အကျိုးခံစားခွင့်များ တောင်းဆိုရမည့်ကာလကန့်သတ်ချက်**

၇၃။ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့မှ ခံစားခွင့်ရှိသူအား ပေးသည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ -

(က) တောင်းဆိုပိုင်ခွင့်ရှိသူသည် အကျိုးခံစားခွင့်အတွက် အရစ်ကျဖြစ်စေ၊ လစဉ်ဖြစ်စေ ပေးရန်ခွင့်ပြုပါက ထုတ်ယူခွင့်ရှိသည့်နေ့မှစ၍ အောက်ပါကာလအတွင်း သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ အထောက်အထားများ ပူးတွဲ၍တောင်းဆိုရမည် -

(၁) သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်ကို အာမခံထားသူ ပုဒ်မ ၃၄ အရ သတ်မှတ်သော အငြိမ်းစားယူရန် အသက်ပြည့်သည့်နေ့မှစ၍ တစ်နှစ်၊

(၂) အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုအကျိုးခံစားခွင့်ကို ဆေးသက်သေခံလက်မှတ် ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်၊

(၃) အလုပ်ကိုအကြောင်းပြု၍မဟုတ်ဘဲ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ကို အာမခံထားသူ သေဆုံးသည့်နေ့မှစ၍ တစ်နှစ်၊

(၄) အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့်ကို အာမခံထားသူ ထိခိုက်သည့်နေ့ သို့မဟုတ် ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့်ကာလကုန်ဆုံးသည့်နေ့မှစ၍ တစ်နှစ်၊

(၅) အလုပ်ကိုအကြောင်းပြု၍ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ကို အာမခံထားသူ သေဆုံးသည့်နေ့မှစ၍ တစ်နှစ်။

(ခ) ပုဒ်မခွဲ (က) ပါ အကျိုးခံစားခွင့်များမှအပ ဤဥပဒေပါ ကျန်အကျိုးခံစားခွင့်များအတွက် တောင်းဆိုသင့်သည့်နေ့မှစ၍ သုံးလအတွင်း သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ အထောက်အထားများ ပူးတွဲ၍ တောင်းဆိုရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ သတ်မှတ်ထားသည့်ကာလ ကျော်လွန်သော်လည်း ခိုင်လုံသော အကြောင်းပြချက်ဖြင့် တင်ပြတောင်းဆိုနိုင်သည်။ ခိုင်လုံသော အကြောင်းပြချက်မရှိပါက တောင်းဆိုခွင့်မရှိစေရ။

**ထည့်ဝင်ကြေးငွေနှင့် အကျိုးခံစားခွင့်မှတ်တမ်းများထားရှိခြင်းနှင့်တင်ပြခြင်း**

၇၄။ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းဌာနအသီးသီး၏ အလုပ်ရှင်သည် မိမိနှင့်မိမိ၏ အာမခံထားသူ အလုပ်သမားများအတွက် လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေများသို့ ထည့်ဝင်ကြေးငွေများ ပေးသွင်းသော မှတ်တမ်းထားရှိခြင်း၊ အာမခံထားသူတစ်ဦးချင်းအလိုက် ရရှိသော အကျိုးခံစားခွင့်များကို မှတ်တမ်းထားရှိခြင်းနှင့် အာမခံထားသူတစ်ဦးချင်းစီအတွက် ငွေစာရင်းဖွင့်လှစ်ထားရှိခြင်းတို့ကို ပြုလုပ်ရမည်။ ထိုမှတ်တမ်းနှင့်စာရင်းများကို သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

**အလုပ်မှတ်တမ်းနှင့်စာရင်းများထားရှိခြင်း**

၇၅။ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းဌာနများ၏အလုပ်ရှင်သည် -

(က) အောက်ပါမှတ်တမ်းနှင့်စာရင်းများကို မှန်ကန်စွာပြုစုထားရှိပြီး သက်ဆိုင်ရာလူမှုဖူလုံရေးရုံးသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည် -

(၁) အလုပ်သမားများ နေ့စဉ်အလုပ်တက်ဆင်းမှတ်တမ်းနှင့်စာရင်းများ၊

(၂) အလုပ်သမားအသစ်ခန့်ထားခြင်း၊ အလုပ်သမားအား အလုပ်ပြောင်းလဲ၍ အလုပ်လုပ်စေခြင်း၊ အလုပ်ရပ်စဲခြင်း၊ အလုပ်မှထုတ်ပယ်ခြင်းနှင့် အလုပ်မှနုတ်ထွက်ခြင်းမှတ်တမ်းများ၊

(၃) အလုပ်သမားအား ရာထူးတိုးမြှင့်ပေးခြင်းနှင့် လုပ်ခပေးခြင်းမှတ်တမ်းများ၊

(၄) အလုပ်ရှင်၊ မန်နေဂျာနှင့် အုပ်ချုပ်သူတို့၏ မှတ်တမ်းနှင့်စာရင်းများ၊ ယင်းတို့ အပြောင်းအလဲမှတ်တမ်းများ။

( ခ ) အောက်ပါကိစ္စများပေါ်ပေါက်ပါက သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ အကြောင်းကြားရမည် -

(၁) အလုပ်သမားဦးရေပြောင်းလဲခြင်းနှင့် လုပ်ငန်းဌာန နေရပ်လိပ်စာပြောင်းလဲခြင်းများ၊

(၂) အလုပ်ရှင်ပြောင်းလဲခြင်း၊ လုပ်ငန်းပြောင်းလဲခြင်း၊ အလုပ်ရပ်ဆိုင်းခြင်းနှင့် အလုပ်ပိတ်သိမ်းခြင်းများ၊

(၃) အလုပ်တွင် ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းနှင့် ရောဂါရခြင်းများ။

( ဂ ) အလုပ်မှတ်တမ်းနှင့်စာရင်းများကို ဤဥပဒေအရ လူမှုဖူလုံရေးရုံးချုပ်နှင့် ဒေသဆိုင်ရာလူမှုဖူလုံရေးရုံးအဆင့်ဆင့်တို့က တာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့ သို့မဟုတ် အရာရှိက တောင်းဆိုသည့်အခါ တင်ပြရမည်။

**စုံစမ်းစစ်ဆေးခြင်း**

၇၆။ လူမှုဖူလုံရေးနှင့် အလုပ်တွင် ထိခိုက်မှုအာမခံအကျိုးခံစားခွင့်နှင့်စပ်လျဉ်း၍ -

(က) လူမှုဖူလုံရေးအဖွဲ့သည် အလုပ်ရှင်များက ဤဥပဒေအရ ထားရှိရမည့် အလုပ်မှတ်တမ်းနှင့် စာရင်းများကို စနစ်တကျထားရှိခြင်း ရှိ မရှိ၊ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေများသို့ ထည့်ဝင်ကြေးပေးသွင်းသော မှတ်တမ်းများထားရှိခြင်း ရှိ မရှိ၊ မှန်ကန်စွာပေးသွင်းခြင်း ရှိ မရှိ၊ အာမခံထားသူတစ်ဦးချင်းအလိုက် ငွေစာရင်းများ ဖွင့်လှစ်ထားခြင်းရှိ မရှိ၊ အာမခံထားသူ အလုပ်သမားများက လူမှုဖူလုံရေးနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်များကို မှန်ကန်စွာထုတ်ယူရရှိခြင်း ရှိ မရှိနှင့် သတ်မှတ်ထားသော အစီရင်ခံစာများ တင်ပြခြင်း ရှိ မရှိတို့ကို သိရှိနိုင်ရန်နှင့် ဖြေရှင်းဆုံးဖြတ်နိုင်ရန်အလို့ငှာ သက်ဆိုင်ရာလုပ်ငန်းဌာနသို့ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် သင့်လျော်သောပုဂ္ဂိုလ်ကိုဖြစ်စေ၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ စုံစမ်းစစ်ဆေးစေခြင်း ပြုနိုင်သည်။

(ခ) လူမှုဖူလုံရေးအဖွဲ့ကဖြစ်စေ၊ ယင်းအဖွဲ့က တာဝန်ပေးခြင်းခံရသည့်ပုဂ္ဂိုလ် သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ကဖြစ်စေ လိုအပ်ပါက သက်ဆိုင်ရာအလုပ်ရှင်နှင့် အလုပ်သမားများကိုလည်းကောင်း၊ စုံစမ်းစစ်ဆေးရာတွင် လိုအပ်သော အခြားပုဂ္ဂိုလ်များကိုလည်းကောင်း ဆင့်ဆိုစစ်မေးခြင်းနှင့် သက်သေခံစာတမ်းအမှတ်အသားများကို တင်ပြစေခြင်းတို့ ပြုနိုင်သည်။

(ဂ) လူမှုဖူလုံရေးအဖွဲ့ကဖြစ်စေ၊ ယင်းအဖွဲ့က တာဝန်ပေးခြင်းခံရသည့်ပုဂ္ဂိုလ် သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ကဖြစ်စေ လိုအပ်ပါက လုပ်ငန်းဌာနအတွင်း ဝင်ရောက်စစ်ဆေးခြင်းပြုနိုင်သည်။

## အလုပ်ရှင်များ၏တာဝန်နှင့်စပ်လျဉ်း၍ တားမြစ်ချက်များ

၇၇။ လူမှုဖူလုံရေးနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်နှင့်သက်ဆိုင်သော လုပ်ငန်းဌာန၏ မည်သည့်အလုပ်ရှင်မျှ -

(က) ပုဒ်မ ၇၄ နှင့် ပုဒ်မ ၇၅၊ ပုဒ်မခွဲ (က) တို့ပါ မှတ်တမ်းများကို မမှန်မကန် ပြုစုထားရှိခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းမပြုရ။

(ခ) သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးသို့ အလုပ်သမားဦးရေနှင့် ထည့်ဝင်ကြေးငွေတို့နှင့်စပ်လျဉ်း၍ မမှန်မကန် တင်ပြအစီရင်ခံခြင်းမပြုရ။

(ဂ) ဤဥပဒေအရဖြစ်စေ၊ လူမှုဖူလုံရေးအဖွဲ့၏ တာဝန်ပေးအပ်ချက်အရဖြစ်စေ စစ်ဆေးရေးအဖွဲ့ သို့မဟုတ် အရာရှိက ထိုမှတ်တမ်းများ၊ အစီရင်ခံစာများနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများကို တင်ပြရန် တောင်းဆိုသည့်အခါ ငြင်းဆိုခြင်းမပြုရ။

(ဃ) ဤဥပဒေအရဖြစ်စေ၊ လူမှုဖူလုံရေးအဖွဲ့၏တာဝန်ပေးချက်အရဖြစ်စေ၊ ဒေသဆိုင်ရာလူမှုဖူလုံရေးရုံးအဆင့်ဆင့်၏တာဝန်ပေးအပ်ချက်အရဖြစ်စေ စစ်ဆေးရေးအဖွဲ့ သို့မဟုတ် အရာရှိက ဆင့်ခေါ်သည့်အခါ လာရောက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

## ထည့်ဝင်ကြေးငွေနှင့်ပျက်ကွက်ကြေးများကို အရကောက်ခံခြင်း

၇၈။ (က) လူမှုဖူလုံရေးအဖွဲ့က တာဝန်ပေးအပ်သောအရာရှိသည် ပုဒ်မ ၁၇၊ ၅၀ နှင့် ၈၈ တို့အရ ပေးသွင်းရန် ပျက်ကွက်သည့် ထည့်ဝင်ကြေးငွေနှင့် ပျက်ကွက်ကြေးများကို ပေးသွင်းရန် ပျက်ကွက်လျှင်ဖြစ်စေ၊ ပုဒ်မ ၆၉၊ ပုဒ်မခွဲ (ခ) အရ ကျခံရမည့် အကျိုးခံစားခွင့်များနှင့် ကုန်ကျစရိတ်များကို ပေးသွင်းရန် ပျက်ကွက်လျှင်ဖြစ်စေ မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့လည်းကောင်း၊ တရားမမှုတွင် ဒီကရီကို အတည်ပြုသကဲ့သို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ လိုအပ်သောလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အရကောက်ခံရမည်။

(ခ) ပုဒ်မခွဲ (က) အရ ကောက်ခံရရှိမှုကို စီမံခန့်ခွဲရာတွင် လူမွဲအဖြစ်ခံယူခြင်းအက်ဥပဒေအရဖြစ်စေ၊ မြန်မာကုမ္ပဏီများအက်ဥပဒေအရ ကုမ္ပဏီကိုလည်းကောင်း၊ အစုစပ်လုပ်ငန်းအက်ဥပဒေအရ အစုစပ်လုပ်ငန်းကိုလည်းကောင်း ဖျက်သိမ်းသည့်အခါတွင်ဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ရရန်ရှိသည့်ကြွေးမြီများထက် လူမှုဖူလုံရေးနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေအတွက် ဦးစားပေး၍ ရထိုက်ခွင့်ရှိစေရမည်။

(ဂ) ပုဒ်မခွဲ (က) နှင့်အညီ ကောက်ခံခြင်းခံရသည့် ငွေပေးသွင်းရန် ပျက်ကွက်သူသည် ထိုသို့အရကောက်ခံနေသည့်ကာလအတွင်း မိမိပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းတို့ကို ဖျောက်ဖျက်ခြင်းကိုသော်လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ သို့မဟုတ် ယင်းအဖွဲ့က တာဝန်ပေးအပ်သော အရာရှိ၏ခွင့်ပြုချက်မရှိဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းကိုသော်လည်းကောင်း မပြုရ။

## အခန်း (၈)

## လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ကို ထူထောင်ထိန်းသိမ်းခြင်း

၇၉။ (က) လူမှုဖူလုံရေးအဖွဲ့သည် ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ကို ထူထောင်၍ ထိန်းသိမ်းထားရှိရမည်။

(ခ) လူမှုဖူလုံရေးအဖွဲ့သည် မိမိ၏လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ဖြင့် ရပ်တည်ရမည်။

(ဂ) လူမှုဖူလုံရေးရန်ပုံငွေကို အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ထည့်ဝင်ကြေးငွေများဖြင့်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသည့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများဖြင့်လည်းကောင်း ထူထောင်ရမည်။

(ဃ) အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေကို အလုပ်ရှင်များ၏ ထည့်ဝင်ကြေးငွေများဖြင့်လည်းကောင်း၊ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေများဖြင့်လည်းကောင်း ထူထောင်ရမည်။

(င) ထူထောင်ထားသည့် လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ကို နိုင်ငံတော်ဘဏ်တစ်ခုခုတွင်ဖြစ်စေ၊ လူမှုဖူလုံရေးအဖွဲ့က ညွှန်ကြားသည့် အခြားဘဏ်တစ်ခုခုတွင်ဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ ဘဏ်စာရင်းဖွင့်၍ အပ်နှံထားရမည်။

(စ) လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့တွင် ပုဒ်မခွဲ (ဂ) နှင့် (ဃ) တို့ပါ ထည့်ဝင်ကြေးငွေနှင့် ထောက်ပံ့ငွေများအပြင် အောက်ပါတို့လည်း ပါဝင်သည် -

(၁) ရန်ပုံငွေမှငွေစုဆောင်းမှု၊ အပ်နှံမှုနှင့် ချေးငှားမှုများမှ ရရှိသောအတိုးငွေများ၊

(၂) ဤဥပဒေအရ ချမှတ်သည့် ပျက်ကွက်ကြေးများ၊

(၃) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ တိုးပွားငွေများ၊

(၄) ပြည်တွင်းပြည်ပမှ စေတနာရှင်များ၏ ထည့်ဝင်လှူဒါန်းသည့်ငွေများ။

၈၀။ လူမှုဖူလုံရေးအဖွဲ့၏ငွေစာရင်းတွင် အောက်ဖော်ပြပါ အဓိကရန်ပုံငွေနှစ်ရပ် ပါဝင်ရမည် -

(က) **လူမှုဖူလုံရေးရန်ပုံငွေ -**

(၁) ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေ၊

(၂) မိသားစုထောက်ပံ့မှုရန်ပုံငွေ၊

(၃) အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှုအကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့်ရန်ပုံငွေ၊

(၄) အလုပ်လက်မဲ့ အကျိုးခံစားခွင့်ရန်ပုံငွေ၊

(၅) လူမှုဖူလုံရေးအိမ်ရာစီမံကိန်းရန်ပုံငွေ၊

(၆) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၅) နှင့် (၆) တို့အရ သတ်မှတ်သော အခြားလူမှုဖူလုံရေးရန်ပုံငွေ။

(ခ) **အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေ။**

၈၁။ လူမှုဖူလုံရေးအဖွဲ့သည် ပုဒ်မ ၈၀ အရ ဘဏ်ငွေစာရင်း ဖွင့်လှစ်ထိန်းသိမ်းထားသောရန်ပုံငွေများကို အာမခံထားသူများအကျိုးအတွက် လိုအပ်ပါက ရန်ပုံငွေခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းပြုနိုင်သည်။

၈၂။ (က) လူမှုဖူလုံရေးအဖွဲ့သည် သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ -

(၁) မိမိ၏ရန်ပုံငွေကို ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အလုပ်တွင် ထိခိုက်မှုအာမခံစနစ်တို့နှင့် သက်ဆိုင်ရာအကျိုးခံစားခွင့်များနှင့် စီမံခန့်ခွဲရေးကိစ္စများအတွက်သာ သုံးစွဲခွင့်ရှိသည်။

(၂) နိုင်ငံခြားသုံးငွေရရှိပါက ထိုနိုင်ငံခြားသုံးငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ ဤဥပဒေပါ လူမှုဖူလုံရေးစနစ်နှင့် အလုပ်တွင်ထိခိုက်မှုအာမခံစနစ်တို့နှင့် သက်ဆိုင်ရာ အကျိုးခံစားခွင့်များနှင့် စီမံခန့်ခွဲရေးကိစ္စများအတွက်သာ သုံးစွဲခွင့်ရှိသည်။

(ခ) လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့သည် အာမခံထားသူ အလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အတွက် ထည့်ဝင် စုဆောင်းထားသောငွေဖြစ်သဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ရငွေအဖြစ် လွှဲပြောင်း ပေးသွင်းခြင်း မပြုရ။

၈၃။ လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ကို နည်းလမ်းတကျထိန်းသိမ်းထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန်အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း၍ ရေးဆွဲပြီး ယင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများကို ပြုစုထိန်းသိမ်းထားရှိရမည်။

၈၄။ လူမှုဖူလုံရေးအဖွဲ့သည် ပုဒ်မ ၇၉ နှင့် ပုဒ်မ ၈၀ တို့အရ ထူထောင်ထားသည့် လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ကို တိုးပွားစေရေးအတွက် လတ်တလောအသုံးပြုရန် မလိုသေး သည့်ရန်ပုံငွေဖြင့် တည်ဆဲဥပဒေနှင့်ညီညွတ်ပြီး အကျိုးအမြတ်ရရှိနိုင်မည့် အောက်ပါလုပ်ငန်းကိစ္စတို့ကို ဆောင်ရွက်နိုင်သည် -

(က) နိုင်ငံတော်ဘဏ်တစ်ခုခုတွင်ဖြစ်စေ၊ အခြားဘဏ်တစ်ခုခုတွင်ဖြစ်စေ ငွေအပ်နှံခြင်း၊ စုဆောင်းခြင်း၊ ငွေစုလက်မှတ် ဝယ်ယူခြင်းနှင့် ငွေချေးသက်သေခံလက်မှတ် ဝယ်ယူခြင်း၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်းနှင့် အရင်းအနှီးထည့်ဝင်ခြင်း၊

(ဂ) ထည့်ဝင်ကြေးငွေပေးသွင်းထားသူများအား သင့်လျော်သော စည်းကမ်းချက်များဖြင့် အတိုး သတ်မှတ်၍ ချေးငွေများ ထုတ်ချေးခြင်း၊

(ဃ) စီမံကိန်းများချမှတ်၍ လူမှုဖူလုံရေးအိမ်ရာများ တည်ထောင်ပြီး ရင်းနှီးမြှုပ်နှံခြင်း၊

(င) လူမှုဖူလုံရေးအဖွဲ့ပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ငှားရမ်းခြင်း၊ အသုံးမလိုသည့် ထိုပစ္စည်းတစ်ခုခုကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(စ) လူမှုဖူလုံရေးအဖွဲ့၏အကျိုးအတွက် အခြားလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်း။

၈၅။ လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့နှင့် စပ်လျဉ်း၍ လာမည့် ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းခြေရငွေနှင့် သုံးငွေများကို ဖော်ပြသည့် ရသုံးမှန်းခြေ ငွေစာရင်းကို ပြုစုပြီး အလုပ်သမားဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

## အခန်း (၉)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ထောက်ပံ့ခြင်း

၈၆။ အလုပ်သမားဝန်ကြီးဌာနသည် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ လူမှုဖူလုံရေးရုံးများ၊ ဆေးရုံများနှင့် ဆေးခန်းများတွင် ဝန်ထမ်းများကို

ခန့်အပ်တာဝန်ပေးပြီး ၎င်းတို့၏ လစာ၊ စရိတ်၊ ပင်စင်လစာနှင့် အခြားခံစားခွင့်များကို အစိုးရဝန်ထမ်းများနှင့် သက်ဆိုင်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် အညီ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲခွင့်ပြုရမည်။

၈၇။ (က) လူမှုဖူလုံရေးအဖွဲ့သည် လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ဖြင့် ရပ်တည်၍ ထိုရန်ပုံငွေတို့မှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိပါက အကျိုးအကြောင်းဖော်ပြ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်း သို့မဟုတ် ချေးငွေများ ထုတ်ချေးခြင်းပြုနိုင်ရန် အလုပ်သမားဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြတောင်းခံနိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ တင်ပြတောင်းခံချက်နှင့်စပ်လျဉ်း၍ စိစစ်ပြီး သင့်လျော်သောငွေပမာဏကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်း သို့မဟုတ် သင့်လျော်သည့်စည်းကမ်းချက်များဖြင့် ချေးငွေများ ထုတ်ချေးခြင်းပြုနိုင်သည်။

(ဂ) အလုပ်သမားဝန်ကြီးဌာနသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲသည့်ငွေ၊ ထည့်ဝင်ငွေ၊ ထောက်ပံ့ငွေတို့နှင့်စပ်လျဉ်း၍ နှစ်စဉ် ရသုံးမှန်းခြေငွေစာရင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး လူမှုဖူလုံရေးအဖွဲ့အား စီမံခန့်ခွဲစေရမည်။

(ဃ) လူမှုဖူလုံရေးအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲသည့်ငွေ၊ ထည့်ဝင်ငွေ၊ ထောက်ပံ့ငွေတို့နှင့်စပ်လျဉ်း၍ ပုံမှန်စာရင်းစစ်ဆေးမှုပြုလုပ်ရမည့်အပြင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကိုလည်း ခံယူရမည်။ ထို့ပြင် နှစ်စဉ် စာရင်းစစ်ဆေးချက်အစီရင်ခံစာကို အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြရမည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မ ၈၄၊ ပုဒ်မခွဲ (ဃ) တို့အရ အကောင်အထည်ဖော်ဆောင်ရွက်မည့် လူမှုဖူလုံရေးအိမ်ရာစီမံကိန်းများအတွက် မြေနေရာနှင့်စပ်လျဉ်း၍ လူမှုဖူလုံရေးအဖွဲ့၏ တင်ပြတောင်းခံချက်အပေါ် အစိုးရက စီမံခန့်ခွဲသောမြေများမှ သင့်လျော်သည့်မြေကွက်များကို စည်းကမ်းချက်များသတ်မှတ်၍ သုံးစွဲခွင့်ပြုနိုင်သည်။ ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ လိုအပ်သလိုထောက်ပံ့ပေးနိုင်သည်။

## အခန်း (၁၀)

## စီမံခန့်ခွဲရေးဆိုင်ရာအရေးယူခြင်း၊ အငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်ခြင်းနှင့်အယူခံခြင်း ထည့်ဝင်ကြေးငွေပေးသွင်းရန် ပျက်ကွက်မှုအတွက်ပျက်ကွက်ကြေး

၈၈။ (က) ဤဥပဒေအရ ထည့်ဝင်ကြေးငွေပေးရန် တာဝန်ရှိသောအလုပ်ရှင်သည် -

(၁) သက်ဆိုင်ရာလူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေပေးသွင်းရန် ပျက်ကွက်လျှင် ပျက်ကွက်သည့်လအတွက် ထည့်ဝင်ကြေးငွေအပြင် ထည့်ဝင်ကြေးငွေ၏ ၁၀ ရာခိုင်နှုန်းကို ပျက်ကွက်ကြေးအဖြစ် ထပ်ဆောင်း၍ သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းရမည်။ ထို့ပြင် ထည့်ဝင်ကြေးငွေပေးသွင်းရန် ဆက်လက်၍ ပျက်ကွက်နေလျှင် ပျက်ကွက်သည့်လအသီးသီးအတွက် ဖော်ပြပါ ပျက်ကွက်ကြေးကို ထပ်ဆောင်း၍ပေးသွင်းရမည်။

(၂) သက်ဆိုင်ရာလူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ အာမခံထားသူအလုပ်သမား၏ လုပ်ခကို လျှော့ပြပြီး ပေးသွင်းရမည့်ထည့်ဝင်ကြေးငွေကို လျှော့၍ပေးသွင်းလျှင်သော်လည်းကောင်း၊ အလုပ်သမားဦးရေကို ထိမ်ချန်၍ ထည့်ဝင်ကြေးငွေ

ပေးသွင်းလျှင်သော်လည်းကောင်း၊ အလုပ်သမား၏ လုပ်ခထဲမှနုတ်ယူထားသည့် ထည့်ဝင်ကြေးငွေကို ပေးသွင်းရန် ပျက်ကွက်လျှင်သော်လည်းကောင်း ပုဒ်မခွဲငယ် (၁) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပျက်ကွက်သည့်လအတွက် လျော့နည်းသည့် ထည့်ဝင်ကြေးငွေ သို့မဟုတ် နုတ်ယူထားသည့် ထည့်ဝင်ကြေးငွေတို့အပြင် လျော့နည်း၍ပေးသွင်းထားသည့် ထည့်ဝင်ကြေးငွေ၏ ၁၀ ရာခိုင်နှုန်းကို ပျက်ကွက်ကြေးအဖြစ် သက်ဆိုင်ရာရန်ပုံငွေသို့ သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းရမည်။ ထိုသို့ပေးသွင်းရန် ဆက်လက်၍ပျက်ကွက်နေလျှင် ပျက်ကွက်သည့်လအသီးသီးအတွက် ဖော်ပြပါပျက်ကွက်ကြေးကို ထပ်ဆောင်း၍ ပေးသွင်းရမည်။

( ခ ) သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးသည် ပုဒ်မခွဲ (က) အရပေးသွင်းရန်ရှိသော ထည့်ဝင်ကြေးငွေနှင့် ပျက်ကွက်ကြေးတို့ကို တွက်ချက်ပြီး သတ်မှတ်သည့်နေ့ရက်အတွင်း ပေးသွင်းရန် သက်ဆိုင်ရာအလုပ်ရှင်ထံသို့ အကြောင်းကြားရမည်။ ထို့ပြင် ပေးသွင်းသည့်ငွေကြေးများကို သက်ဆိုင်ရာရန်ပုံငွေသို့ ပေးသွင်းစေရမည်။

## အငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်ခြင်း

၈၉။ (က) အောက်ဖော်ပြပါ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော အငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်ပေးရန် သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသို့ တင်ပြနိုင်သည် -

(၁) လုပ်ငန်းဌာနတစ်ခုခုသည် ဤဥပဒေနှင့်သက်ဆိုင်ခြင်း ရှိ မရှိကိစ္စ၊

(၂) အလုပ်ရှင်နှင့်အလုပ်သမားတို့သည် ဤဥပဒေနှင့်သက်ဆိုင်ခြင်း ရှိ မရှိကိစ္စ၊

(၃) ဤဥပဒေအရ ထည့်ဝင်ကြေးပေးရန်တာဝန်နှင့် ထည့်ဝင်ကြေးငွေ၊ ပျက်ကွက်ကြေးငွေ ပမာဏနှင့်စပ်လျဉ်းသည့်ကိစ္စ၊

(၄) အကျိုးခံစားခွင့်များ ရထိုက်ခွင့် ရှိ မရှိကိစ္စ၊

(၅) အကျိုးခံစားခွင့် အပြည့်အဝ ရ မရနှင့် ငွေကြေးအကျိုးခံစားခွင့်ပမာဏ သို့မဟုတ် ယင်းအကျိုးခံစားခွင့်ပေးသည့် နည်းလမ်းတို့နှင့်စပ်လျဉ်းသည့်ကိစ္စ၊

(၆) အလုပ်ရှင်က ပုဒ်မ ၆၆၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်သည့်အတွက် ထိခိုက်နစ်နာမှုနှင့်စပ်လျဉ်း၍ အာမခံထားသူက တင်ပြသည့်ကိစ္စ။

( ခ ) ပုဒ်မခွဲ (က) ပါ အငြင်းပွားမှုများအနက် လူမှုဖူလုံရေးနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်တစ်ရပ်ရပ်နှင့်သက်ဆိုင်သော အငြင်းပွားမှုကိုလည်းကောင်း၊ အလုပ်ရှင်က ပုဒ်မ ၆၆၊ ပုဒ်မခွဲ (က) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်သည့်အတွက် ထိခိုက်နစ်နာမှုနှင့် သက်ဆိုင်သော အငြင်းပွားမှုကိုလည်းကောင်း မြို့နယ်လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိသည် အငြင်းပွားသူများကို ဆင့်ခေါ်၍ သတ်မှတ်ချက်များနှင့်အညီ ဦးစွာစေ့စပ်ညှိနှိုင်းပြီး နှစ်ဖက်သဘောတူ ဖြေရှင်းပေးရမည်။

( ဂ ) မြို့နယ်လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိသည် ပုဒ်မခွဲ (ခ) အရ စေ့စပ်ညှိနှိုင်းပြီး နှစ်ဖက်သဘောတူဖြေရှင်းပေးသော်လည်း ပြေလည်မှုမရရှိသည့်ကိစ္စကိုလည်းကောင်း၊ ပုဒ်မခွဲ (က) ပါ အငြင်းပွားမှုကိစ္စတစ်ရပ်ရပ်ကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီး သင့်လျော်သည့်ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်ရန် ထိုစုံစမ်းစစ်ဆေးချက်များကို သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဖူလုံရေးရုံးသို့ တင်ပြရမည်။

(ဃ) ပုဒ်မခွဲ (က) ပါ အငြင်းပွားသည့်ကိစ္စများနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားမကြောင်းအရ တရားစွဲဆိုခွင့် မရှိစေရ။ သို့ရာတွင် ကျန်ရစ်သောမှီခိုသူများမှ တရားဝင်

အမွေဆက်ခံသူများ ဟုတ် မဟုတ်ကိုလည်းကောင်း၊ ထိုသူတို့က တရားဝင်အကျိုးဆက်ခံခွင့်ရှိ မရှိကိုလည်းကောင်း အငြင်းပွားမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်အတိုင်း ဖြစ်စေရမည်။

၉၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဖူလုံရေးရုံးသည် -

(က) ပုဒ်မ ၈၉၊ ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကို စိစစ်ပြီး လိုအပ်ပါက စုံစမ်းစစ်ဆေးမှုများ ထပ်မံပြုလုပ်ခြင်း သို့မဟုတ် ထပ်မံပြုလုပ်စေခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဆောင်ရွက်ပြီးနောက် သက်ဆိုင်ရာအငြင်းပွားသူများအား ထုချေဖြေရှင်းခွင့်ပေးခြင်းနှင့် နှစ်ဖက်ကြားနာခြင်းများပြုပြီး အငြင်းပွားမှုနှင့်စပ်လျဉ်း၍ သင့်လျော်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

## လူမှုဖူလုံရေးအယူခံခုံအဖွဲ့ ဖွဲ့စည်းခြင်းနှင့်အယူခံခြင်း

၉၁။ (က) လူမှုဖူလုံရေးအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဖူလုံရေးရုံး၏ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို ကြားနာနိုင်ရန် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် လူမှုဖူလုံရေးအယူခံခုံအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မ ၉၀၊ ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လူမှုဖူလုံရေးရုံး၏ ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် လူမှုဖူလုံရေးအယူခံခုံအဖွဲ့သို့ ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်များနှင့်အညီ အယူခံနိုင်သည်။

(ဂ) လူမှုဖူလုံရေးအယူခံခုံအဖွဲ့သည် ပုဒ်မခွဲ (ခ) အရ အယူခံမှုကို စိစစ်ကြားနာပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဖူလုံရေးရုံး၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ထပ်မံပြုလုပ်စေပြီး ပြန်လည်တင်ပြစေကာ ဆုံးဖြတ်ခြင်းပြုနိုင်သည်။

## ထည့်ဝင်ကြေးငွေနှင့်ပျက်ကွက်ကြေးပေးသွင်းရန် တမင်ပျက်ကွက်မှုအတွက် တရားစွဲဆိုခြင်း

၉၂။ သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသည် အလုပ်ရှင်က ထည့်ဝင်ကြေးငွေနှင့် ပျက်ကွက်ကြေးများကို ပေးသွင်းရန် တမင်ပျက်ကွက်ကြောင်း တွေ့ရှိရသည့်အခါ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ပါက ထိုပျက်ကွက်သည့်အလုပ်ရှင်အား သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုနိုင်သည် -

(က) ထည့်ဝင်ကြေးငွေနှင့် ပျက်ကွက်ကြေးများပေးသွင်းရန် ပျက်ကွက်သည့်အတွက် မြို့နယ်လူမှုဖူလုံရေးရုံးက နောက်ဆုံးထား၍ ပေးသွင်းရန် သတ်မှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အလုပ်ရှင်က ပေးသွင်းမှုမရှိခြင်း၊

(ခ) ပုဒ်မ ၉၁၊ ပုဒ်မခွဲ (ခ) အရ အလုပ်ရှင်က အယူခံနိုင်သည့်ကာလကုန်ဆုံးခြင်း၊

(ဂ) ပုဒ်မ ၉၁၊ ပုဒ်မခွဲ (ခ) အရ အလုပ်ရှင်က အယူခံမှုတွင် လူမှုဖူလုံရေးအယူခံခုံအဖွဲ့က ကြားနာပြီး ထည့်ဝင်ကြေးငွေနှင့် ပျက်ကွက်ကြေးများ ပေးသွင်းရန် ဆုံးဖြတ်ချက်ချမှတ်သော်လည်း အလုပ်ရှင်က ပေးသွင်းရန် ပျက်ကွက်ခြင်း။

# အခန်း (၁၁)

# ပြစ်မှုနှင့်ပြစ်ဒဏ်များ

၉၃။ ပုဒ်မ ၉၂ အရ တရားစွဲဆိုခြင်းခံရသော မည်သည့်အလုပ်ရှင်မဆို ထည့်ဝင်ကြေးငွေနှင့် ပျက်ကွက်ကြေးများကို ပေးသွင်းရန် တမင်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၄။ (က) မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၄၈၊ ပုဒ်မခွဲ (က) တို့ပါ မှတ်ပုံတင်၍ အာမခံထားရန် တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈၊ ပုဒ်မခွဲ (ဂ) တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဂ) မည်သူမဆို ပုဒ်မ ၇၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဃ) မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၅၄၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၇၄ နှင့် ပုဒ်မ ၇၅ တို့ပါ လိုက်နာရမည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

(င) မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၁၂)
## အထွေထွေ

၉၅။ (က) သက်ဆိုင်ရာမြို့နယ်လူမှုဖူလုံရေးရုံးသည် ပုဒ်မ ၉၃ နှင့် ပုဒ်မ ၉၄ တို့အရ ပြစ်မှုများကို လူမှုဖူလုံရေးအဖွဲ့၏ တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုချက်ရရှိမှသာ တရားစွဲဆိုရမည်။

(ခ) ပေးရန်ရှိသည့် ထည့်ဝင်ကြေးငွေနှင့် ပျက်ကွက်ကြေးများအားလုံးကို ပုဒ်မခွဲ (က) အရ တရားစွဲဆိုခြင်းခံရသူက တရားစွဲဆိုခံရပြီးနောက် အပြီးသတ်အမိန့်ချမှတ်ခြင်းမပြုမီ သက်ဆိုင်ရာ ရန်ပုံငွေသို့ ပေးသွင်းသည့်အခါ သက်ဆိုင်ရာလူမှုဖူလုံရေးရုံးက လူမှုဖူလုံရေးအဖွဲ့၏ခွင့်ပြုချက် ရယူပြီး ထိုအမှုကို ရုပ်သိမ်းပေးရန် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားရမည်။

၉၆။ ဤဥပဒေအရ ပေးအပ်သောလုပ်ငန်းတာဝန်များကို သဘောရိုးဖြင့်ဆောင်ရွက်သော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော် လည်းကောင်း တရားစွဲဆိုခွင့် မရှိစေရ။

၉၇။ အစိုးရဝန်ထမ်းမဟုတ်သော လူမှုဖူလုံရေးအဖွဲ့၏ အဖွဲ့ဝင်၊ အလုပ်အမှုဆောင်ကော်မတီဝင်၊ လူမှု ဖူလုံရေးအယူခံခုံအဖွဲ့၏ အဖွဲ့ဝင်၊ ဆေးဘက်ဆိုင်ရာအကြံပေးအဖွဲ့၏ အဖွဲ့ဝင်နှင့် ဤဥပဒေအရ တာဝန် ပေးအပ်သည့် အခြားအဖွဲ့ဝင်တစ်ဦးဦး သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေအရ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေချိန်တွင် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၉၈။ ဤဥပဒေအရ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ ထည့်ဝင်ကြေး ငွေနှင့် ပျက်ကွက်ကြေးများ ပေးသွင်းခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပေးသော အကျိုး

ခံစားခွင့်များနှင့်စပ်လျဉ်း၍လည်းကောင်း တံဆိပ်ခေါင်းခွန်နှင့် ဝင်ငွေခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ရှိစေရမည်။

၉၉။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏အကျိုးငှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်အရ လတ်တလောဆောင်ရွက်ရန် မလိုအပ်သေးသောဒေသများကိုသော်လည်းကောင်း၊ ဤဥပဒေနှင့်သက်ဆိုင်သည့် လုပ်ငန်းဌာနတစ်ခုခုကိုသော်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမားအမျိုးအစားကိုသော်လည်းကောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၁၀၀။ အလုပ်သမားဝန်ကြီးဌာနသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဘဏ္ဍာရန်ပုံငွေဖူလုံမှုနှင့် လုပ်ငန်းဌာနများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့ကိုလည်းကောင်း၊ ပြောင်းလဲလာသည့် လူမှုရေးလိုအပ်ချက်များကိုလည်းကောင်း၊ နယ်မြေဒေသအလိုက် ဇုန်အလိုက် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကိုလည်းကောင်း အခြေပြု၍ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေအတွက် သတ်မှတ်ထားသည့် ထည့်ဝင်ကြေးနှုန်းထားများနှင့် အကျိုးခံစားခွင့်များကို ပြင်ဆင်ခြင်းနှင့် အာမခံစနစ်များအဆင့်ဆင့် အကောင်အထည်ဖော်ခြင်းကို လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဆောင်ရွက်နိုင်သည်။

၁၀၁။ (က) ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေအရ သတ်မှတ်ထားသော အာမခံစနစ်အတွက် ထည့်ဝင်ကြေးငွေ ပေးသွင်းခဲ့သည့် အလုပ်ရှင်နှင့် အလုပ်သမားတို့သည် ဤဥပဒေနှင့်အညီ တည်ထောင်ထားသော လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေသို့ ထည့်ဝင်ကြေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ဆက်လက်ပေးသွင်းရမည်။

(ခ) ဤဥပဒေအာဏာတည်ပြီးနောက် တောင်းဆိုခွင့်ရှိသော အကျိုးခံစားခွင့်အားလုံးနှင့်စပ်လျဉ်း၍ ဤဥပဒေအရ သတ်မှတ်ထားသည့် ထည့်ဝင်ကြေးကာလပြည့်မီမှသာလျှင် ဤဥပဒေအရ ခွင့်ပြုထားသော အကျိုးခံစားခွင့်များကို သတ်မှတ်ချက်များနှင့်အညီ ခံစားခွင့်ရှိစေရမည်။

(ဂ) ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေအရ ပေးရန်ရှိသည့် အထွေထွေအရပ်ရပ်အာမခံစနစ်အတွက် အကျိုးခံစားခွင့်များကို ဤဥပဒေပါ ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

(ဃ) ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေအရ ပေးရန်ရှိသည့် အလုပ်တွင် ထိခိုက်မှုအာမခံစနစ်အတွက် အကျိုးခံစားခွင့်များကို ဤဥပဒေပါ အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၁၀၂။ အာမခံထားသူသည် လုပ်ခကို နိုင်ငံခြားသုံးငွေဖြင့် ရရှိပါက လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့သို့ ထည့်ဝင်ကြေးငွေများကို သတ်မှတ်ထားသောနှုန်းထားများအတိုင်း နိုင်ငံခြားသုံးငွေဖြင့် ပေးသွင်းရမည်ဖြစ်ပြီး လူမှုဖူလုံရေးနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်အသီးသီးကိုလည်း သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားသုံးငွေဖြင့် ခံစားခွင့်ရှိစေရမည်။

၁၀၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အလုပ်သမားဝန်ကြီးဌာနသည် လူမှုဖူလုံရေးအဖွဲ့နှင့် ညှိနှိုင်း၍ လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀၄။ ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေသည် အာဏာတည်ခြင်းမှ ရပ်စဲစေရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ထားသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၅၊ နည်းဥပဒေခွဲ (က) အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
လွှတ်တော်ရုံး။

# ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း
# ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )

၁၃၇၄ ခုနှစ်၊ လ ရက်

( ၂၀၁၃ ခုနှစ်၊ လ ရက် )

## နိဒါန်း

၁။ နိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအင်းကိန်းဂဏန်းများ တိကျမှန်ကန်ရေး စသည့် စီးပွားရေးမူဝါဒလေးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဆင်းရဲချမ်းသာကွာဟမှုလျော့နည်းရေး၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေး စသည့် လူမှုစီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးမျှော်မှန်းချက်များကို ဖော်ပြပါ စီးပွားရေးမူဝါဒများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၂။ ဤဥပဒေကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်စီမံကိန်း၏ တတိယနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေပါ အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း မည်၍မည်မျှတိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်သည်။ ယင်းစီမံကိန်းများ၌ အနှစ် ၃၀ နှစ်ရှည်စီမံကိန်း၊ ငါးနှစ်ကာလတိုစီမံကိန်းနှင့် ယင်းစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါရှိသည်။ ယင်းအမျိုးသားစီမံကိန်းများ၌ ကာလအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့် စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်၍မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များ ဖြစ်သည်။

(ဂ) **အခြေခံနှစ်**ဆိုသည်မှာ တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။ (ပဉ္စမကာလတိုငါးနှစ်စီမံကိန်းတွင် အခြေခံနှစ်သည် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဖြစ်သည်။)

(ဃ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ဈေးနှုန်း ဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

## အခန်း (၂)
## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စီမံကိန်း၏ အရေးကြီးသည့်ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းအရ ၈.၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၂.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၆.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ယခင်နှစ်ဖြင့် နှိုင်းယှဉ်ပါက ၆.၁ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၅.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၁၉.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၉.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၈.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၂၂.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၄.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၅၇.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၉၂.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၂၇.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၃.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၆.၂ ရာခိုင်နှုန်းတိုးတက်ရန်။

(ဂ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၃.၆ ရာခိုင်နှုန်းမှ ၃၂.၁ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၇.၆ ရာခိုင်နှုန်းမှ ၂၈.၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၈ ရာခိုင်နှုန်းမှ ၃၉.၅ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်စေရန်၊

(ဃ) နှစ်အလိုက် ဈေးနှုန်းအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၇.၃ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၂.၇ ရာခိုင်နှုန်း အသီးသီးရင်းနှီးမြှုပ်နှံရန်၊

(င) နှစ်အလိုက်ဈေးနှုန်းအရ ပြည်တွင်းထွက်ကုန်ပစ္စည်းများ၏ ပြည်ပပို့ကုန်ကို ကျပ် ၁၀၈၉၉.၈ ဘီလီယံတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၈၈၈၇.၉ ဘီလီယံ တင်သွင်းရန်၊

(စ) လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တရားဝင်လူဦးရေစာရင်းအင်းဖြင့် တွက်ချက်ထားသော လူတစ်ဦးစီ၏ ပျမ်းမျှပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Per capita GDP) မှာ ကျပ် ၈၃၉၇၉၉ မှ ကျပ် ၉၅၉၀၅၁ သို့ ဖြစ်ပေါ်လာစေရန်။

## အခန်း (၃)

## အထွေထွေ

၅။ စီမံကိန်းရည်မှန်းချက်များကို ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) များဖြင့် ဖော်ပြထားရာ ယင်းရည်မှန်းချက်များကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့က အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန်ဖြစ်သည်။ ဌာနအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲချမှတ်ဆောင်ရွက်နိုင်သည်။

၆။ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံနှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက် အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသောစီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်းရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့အပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း ထည့်သွင်းစီမံ ဆောင်ရွက်ရမည်။

၈။ နိုင်ငံနှင့်နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေသော နိုင်ငံနှင့်နိုင်ငံသားများ အတွက် ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှ သာလျှင် ခွင့်ပြုဆောင်ရွက်ရမည်။

၁၀။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သောစီမံကိန်းများ ပါဝင်ရမည်။

၁၁။ အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်း ပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲ ရမည်။

၁၂။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ ဖြစ်မြောက် နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူ ပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆောင်ရွက်ရန် သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် လက်အောက်ခံ အဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစည်းအသီးသီး တို့သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ နောက်ဆက်တွဲ (၂) တွင် ဖော်ပြထားသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ နိုင်ငံပိုင်အခန်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက် ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ ဤဥပဒေသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှ စတင်အာဏာ တည်သည်ဟု မှတ်ယူရမည်။

**ပူးတွဲ-၁**

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ**
**ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **လယ်ယာကဏ္ဍကြီး** | ၁၅၃၅၉၉၁၄.၇ | ၃၃.၆ | ၃.၀ | ၁၅၉၂၇၈၆၇.၃ | ၃၂.၁ | ၃.၇ |
| | ၁ | လယ်ယာ | ၁၁၃၇၄၅၂၆.၉ | ၂၄.၈ | ၁.၉ | ၁၁၆၉၇၀၂၇.၅ | ၂၃.၆ | ၂.၈ |
| | ၂ | သားငါး | ၃၈၂၆၄၂၅.၄ | ၈.၄ | ၆.၈ | ၄၀၈၁၅၁၆.၀ | ၈.၂ | ၆.၇ |
| | ၃ | သစ်တော | ၁၅၈၉၆၂.၄ | ၀.၄ | ၀.၄ | ၁၄၉၃၂၃.၈ | ၀.၃ | -၆.၁ |
| ၂ | | **စက်မှုကဏ္ဍကြီး** | ၁၂၆၅၈၈၈၂.၆ | ၂၇.၆ | ၉.၀ | ၁၄၁၃၁၉၆၄.၆ | ၂၈.၄ | ၁၁.၆ |
| | ၁ | စွမ်းအင် | ၆၇၂၇၈.၂ | ၀.၁ | ၂.၀ | ၇၀၉၉၈.၉ | ၀.၁ | ၅.၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၃၃၂၄၀.၉ | ၀.၇ | ၂.၅ | ၃၉၈၁၉၆.၇ | ၀.၈ | ၁၉.၅ |
| | ၃ | စက်မှုလက်မှု | ၉၇၁၆၈၂၆.၁ | ၂၁.၂ | ၁၁.၂ | ၁၀၆၂၆၅၁၉.၃ | ၂၁.၄ | ၉.၄ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၅၀၄၂၆၈.၇ | ၁.၁ | ၆.၁ | ၅၄၇၅၂၀.၄ | ၁.၁ | ၈.၆ |
| | ၅ | ဆောက်လုပ်မှု | ၂၀၃၇၂၆၈.၇ | ၄.၅ | ၁.၅ | ၂၄၈၈၇၂၉.၃ | ၅.၀ | ၂၂.၂ |
| ၃ | | **ဝန်ဆောင်မှုကဏ္ဍကြီး** | ၁၇၇၆၀၃၈၂.၅ | ၃၈.၈ | ၈.၃ | ၁၉၅၇၂၅၉၉.၀ | ၃၉.၅ | ၁၀.၂ |
| | ၁ | ပို့ဆောင်ရေး | ၅၉၀၂၃၅၅.၀ | ၁၂.၉ | ၄.၅ | ၆၁၇၂၀၄၈.၅ | ၁၂.၅ | ၄.၆ |
| | ၂ | ဆက်သွယ်ရေး | ၉၈၄၃၄၉.၂ | ၂.၁ | ၁၅၀.၄ | ၁၅၄၇၇၂၅.၁ | ၃.၁ | ၅၇.၂ |
| | ၃ | ငွေရေးကြေးရေး | ၅၃၄၇၆.၈ | ၀.၁ | ၈.၁ | ၁၀၃၀၇၁.၄ | ၀.၂ | ၉၂.၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၉၅၀၇၁.၅ | ၂.၀ | ၃.၂ | ၁၁၄၄၂၉၆.၀ | ၂.၃ | ၂၇.၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၉၆၈၀၈၀.၇ | ၂.၁ | ၁၄.၆ | ၁၀၉၅၀၄၀.၉ | ၂.၂ | ၁၃.၁ |
| | ၆ | ကုန်သွယ်မှု | ၈၉၅၇၀၄၉.၃ | ၁၉.၆ | ၄.၁ | ၉၅၁၀၄၁၇.၁ | ၁၉.၂ | ၆.၂ |
| ၄ | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | ၄၅၇၇၉၁၇၉.၈ | ၁၀၀.၀ | ၆.၇ | ၄၉၆၃၂၄၃၀.၉ | ၁၀၀.၀ | ၈.၄ |

ပူးတွဲ-၂

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၂၈၀၁၈၇၉၇. ၃** | **၆၁. ၂** | **၅. ၇** | **၃၀၀၅၉၈၃၁. ၉** | **၆၀. ၅** | **၇. ၃** |
| | ၁ | လယ်ယာ | ၁၁၃၇၄၅၂၆. ၉ | ၂၄. ၈ | ၁. ၉ | ၁၁၆၉၇၀၂၇. ၅ | ၂၃. ၆ | ၂. ၈ |
| | ၂ | သားငါး | ၃၈၂၆၄၂၅. ၄ | ၈. ၄ | ၆. ၈ | ၄၀၈၁၅၁၆. ၀ | ၈. ၂ | ၆. ၇ |
| | ၃ | သစ်တော | ၁၅၈၉၆၂. ၄ | ၀. ၄ | ၀. ၄ | ၁၄၉၃၂၃. ၈ | ၀. ၃ | -၆. ၁ |
| | ၄ | စွမ်းအင် | ၆၇၂၇၈. ၂ | ၀. ၁ | ၂. ၀ | ၇၀၉၉၈. ၉ | ၀. ၁ | ၅. ၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၃၃၂၄၀. ၉ | ၀. ၇ | ၂. ၅ | ၃၉၈၁၉၆. ၇ | ၀. ၈ | ၁၉. ၅ |
| | ၆ | စက်မှုလက်မှု | ၉၇၁၆၈၂၆. ၁ | ၂၁. ၂ | ၁၁. ၂ | ၁၀၆၂၆၅၁၉. ၃ | ၂၁. ၄ | ၉. ၄ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၅၀၄၂၆၈. ၇ | ၁. ၁ | ၆. ၁ | ၅၄၇၅၂၀. ၄ | ၁. ၁ | ၈. ၆ |
| | ၈ | ဆောက်လုပ်မှု | ၂၀၃၇၂၆၈. ၇ | ၄. ၅ | ၁. ၅ | ၂၄၈၈၇၂၉. ၃ | ၅. ၀ | ၂၂. ၂ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၈၈၀၃၃၃၃. ၂** | **၁၉. ၂** | **၁၂. ၈** | **၁၀၀၆၂၁၈၁. ၉** | **၂၀. ၃** | **၁၄. ၃** |
| | ၁ | ပို့ဆောင်ရေး | ၅၉၀၂၃၅၅. ၀ | ၁၂. ၉ | ၄. ၅ | ၆၁၇၂၀၄၈. ၅ | ၁၂. ၅ | ၄. ၆ |
| | ၂ | ဆက်သွယ်ရေး | ၉၈၄၃၄၉. ၂ | ၂. ၁ | ၁၅၀. ၄ | ၁၅၄၇၇၂၅. ၁ | ၃. ၁ | ၅၇. ၂ |
| | ၃ | ငွေရေးကြေးရေး | ၅၃၄၇၆. ၈ | ၀. ၁ | ၈. ၁ | ၁၀၃၀၇၁. ၄ | ၀. ၂ | ၉၂. ၇ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၈၉၅၀၇၁. ၅ | ၂. ၀ | ၃. ၂ | ၁၁၄၄၂၉၆. ၀ | ၂. ၃ | ၂၇. ၈ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၉၆၈၀၈၀. ၇ | ၂. ၁ | ၁၄. ၆ | ၁၀၉၅၀၄၀. ၉ | ၂. ၂ | ၁၃. ၁ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၈၉၅၇၀၄၉. ၃** | **၁၉. ၆** | **၄. ၁** | **၉၅၁၀၄၁၇. ၁** | **၁၉. ၂** | **၆. ၂** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၄၅၇၇၉၁၇၉. ၈** | **၁၀၀. ၀** | **၆. ၇** | **၄၉၆၃၂၄၃၀. ၉** | **၁၀၀. ၀** | **၈. ၄** |

**ပူးတွဲ-၃**

**တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏**
**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းအရ**
**အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၂-၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၃-၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၁၄၁,၇၂၃. ၂ | ၂. ၅ | ၅. ၇ | ၁,၂၁၈,၆၈၈. ၂ | ၂. ၄ | ၆. ၇ |
| ၂ | ကယားပြည်နယ် | ၁၆၅,၀၂၂. ၉ | ၀. ၄ | ၄. ၄ | ၁၇၀,၈၁၃. ၈ | ၀. ၃ | ၃. ၅ |
| ၃ | ကရင်ပြည်နယ် | ၈၀၀,၀၇၂. ၃ | ၁. ၇ | ၈. ၀ | ၈၆၉,၂၀၃. ၈ | ၁. ၇ | ၈. ၆ |
| ၄ | ချင်းပြည်နယ် | ၁၆၀,၄၅၆. ၂ | ၀. ၃ | ၇. ၄ | ၁၇၄,၄၉၇. ၆ | ၀. ၄ | ၈. ၈ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၅,၂၇၅,၉၃၄. ၉ | ၁၁. ၅ | ၈. ၂ | ၅,၇၇၅,၀၈၂. ၈ | ၁၁. ၆ | ၉. ၅ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၅၈၅,၆၄၈. ၈ | ၃. ၅ | ၆. ၉ | ၁,၇၀၀,၅၆၈. ၀ | ၃. ၄ | ၇. ၂ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၃,၉၅၄,၆၀၇. ၇ | ၈. ၆ | ၆. ၈ | ၄,၂၉၇,၄၆၃. ၃ | ၈. ၆ | ၈. ၇ |
| ၈ | မကွေးတိုင်းဒေသကြီး | ၄,၄၂၄,၉၁၆. ၁ | ၉. ၆ | ၇. ၇ | ၄,၇၈၄,၆၂၉. ၄ | ၉. ၆ | ၈. ၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅,၁၆၈,၈၄၆. ၃ | ၁၁. ၃ | ၆. ၇ | ၅,၅၂၉,၀၀၄. ၅ | ၁၁. ၁ | ၇. ၀ |
| ၁၀ | မွန်ပြည်နယ် | ၁,၉၅၆,၃၀၅. ၀ | ၄. ၃ | ၈. ၄ | ၂,၁၅၇,၅၈၇. ၄ | ၄. ၃ | ၁၀. ၃ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၈၀၂,၇၈၄. ၅ | ၃. ၉ | ၄. ၆ | ၁,၉၁၃,၉၂၂. ၉ | ၃. ၈ | ၆. ၂ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၀,၂၅၅,၅၄၅. ၄ | ၂၂. ၃ | ၇. ၉ | ၁၁,၀၉၆,၂၉၁. ၉ | ၂၂. ၂ | ၈. ၂ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၃၂၂,၀၈၇. ၉ | ၇. ၂ | ၆. ၁ | ၃,၄၈၁,၃၈၆. ၄ | ၇. ၀ | ၄. ၈ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅,၃၅၈,၃၀၀. ၆ | ၁၁. ၇ | ၅. ၀ | ၅,၆၆၂,၁၂၃. ၉ | ၁၁. ၄ | ၅. ၇ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၅၇၂,၉၁၇. ၈ | ၁. ၂ | ၁၂. ၅ | ၁,၀၈၅,၇၄၀. ၁ | ၂. ၂ | ၈၉. ၅ |

**ပူးတွဲ-၄**

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ထုတ်လုပ်သူများ၏ဈေးနှုန်းများအရဖြစ်ပါသည်)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | | | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၆၅၅၁၅၂၄. ၅** | **၁၇၈၃၀၆၃၇. ၀** | **၇. ၇** |
| | ၁ | လယ်ယာ | ၁၂၃၀၇၁၃၉. ၄ | ၁၃၁၆၁၄၁၄. ၅ | ၆. ၉ |
| | ၂ | သားငါး | ၄၀၇၈၉၇၈. ၉ | ၄၅၀၈၀၆၁. ၄ | ၁၀. ၅ |
| | ၃ | သစ်တော | ၁၆၅၄၀၆. ၂ | ၁၆၁၁၆၁. ၁ | -၂. ၆ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၅၄၉၅၅၁၅. ၅** | **၁၉၇၅၇၈၁၄. ၁** | **၂၇. ၅** |
| | ၁ | စွမ်းအင် | ၁၈၀၀၃၉၇. ၈ | ၃၇၆၇၀၉၆. ၂ | ၁၀၉. ၂ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၄၄၇၀၆. ၉ | ၆၆၀၀၇၀. ၃ | ၂၁. ၂ |
| | ၃ | စက်မှုလက်မှု | ၁၀၃၉၈၈၁၃. ၄ | ၁၁၉၅၀၅၈၃. ၆ | ၁၄. ၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၂၂၂၈၀. ၅ | ၆၉၅၄၃၉. ၉ | ၁၁. ၈ |
| | ၅ | ဆောက်လုပ်မှု | ၂၁၂၉၃၁၆. ၉ | ၂၆၈၄၆၂၄. ၁ | ၂၆. ၁ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၉၁၆၀၅၃၆. ၉** | **၂၁၄၆၄၁၂၄. ၉** | **၁၂. ၀** |
| | ၁ | ပို့ဆောင်ရေး | ၆၄၂၂၆၅၅. ၇ | ၆၉၃၉၇၃၇. ၀ | ၈. ၁ |
| | ၂ | ဆက်သွယ်ရေး | ၇၆၄၇၀၂. ၀ | ၅၆၀၇၂၆. ၂ | -၂၆. ၇ |
| | ၃ | ငွေရေးကြေးရေး | ၄၈၇၁၂. ၈ | ၇၉၈၆၈. ၂ | ၆၄. ၀ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၈၉၅၀၇၁. ၅ | ၁၃၅၅၆၁၀. ၁ | ၅၁. ၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁၀၂၆၇၇၃. ၃ | ၁၁၉၈၀၉၇. ၆ | ၁၆. ၇ |
| | ၆ | ကုန်သွယ်မှု | ၁၀၀၀၂၆၂၁. ၆ | ၁၁၃၃၀၀၈၅. ၈ | ၁၃. ၃ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၅၁၂၀၇၅၇၆. ၉** | **၅၉၀၅၂၅၇၆. ၀** | **၁၅. ၃** |

**ပူးတွဲ-၅**

**၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ထုတ်လုပ်သူများ၏ဈေးနှုန်းများအရဖြစ်ပါသည်)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | | | တန်ဖိုး | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၂၀၄၇၀၄၀. ၀** | **၃၇၅၈၈၄၅၁. ၁** | **၁၇. ၃** |
| | ၁ | လယ်ယာ | ၁၂၃၀၇၁၃၉. ၄ | ၁၃၁၆၁၄၁၄. ၅ | ၆. ၉ |
| | ၂ | သားငါး | ၄၀၇၈၉၇၈. ၉ | ၄၅၀၈၀၆၁. ၄ | ၁၀. ၅ |
| | ၃ | သစ်တော | ၁၆၅၄၀၆. ၂ | ၁၆၁၁၆၁. ၁ | -၂. ၆ |
| | ၄ | စွမ်းအင် | ၁၈၀၀၃၉၇. ၈ | ၃၇၆၇၀၉၆. ၂ | ၁၀၉. ၂ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅၄၄၇၀၆. ၉ | ၆၆၀၀၇၀. ၃ | ၂၁. ၂ |
| | ၆ | စက်မှုလက်မှု | ၁၀၃၉၈၈၁၃. ၄ | ၁၁၉၅၀၅၈၃. ၆ | ၁၄. ၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၂၂၂၈၀. ၅ | ၆၉၅၄၃၉. ၉ | ၁၁. ၈ |
| | ၈ | ဆောက်လုပ်မှု | ၂၁၂၉၃၁၆. ၉ | ၂၆၈၄၆၂၄. ၁ | ၂၆. ၁ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၉၁၅၇၉၁၅. ၃** | **၁၀၁၃၄၀၃၉. ၁** | **၁၀. ၇** |
| | ၁ | ပို့ဆောင်ရေး | ၆၄၂၂၆၅၅. ၇ | ၆၉၃၉၇၃၇. ၀ | ၈. ၁ |
| | ၂ | ဆက်သွယ်ရေး | ၇၆၄၇၀၂. ၀ | ၅၆၀၇၂၆. ၂ | -၂၆. ၇ |
| | ၃ | ငွေရေးကြေးရေး | ၄၈၇၁၂. ၈ | ၇၉၈၆၈. ၂ | ၆၄. ၀ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၈၉၅၀၇၁. ၅ | ၁၃၅၅၆၁၀. ၁ | ၅၁. ၅ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၁၀၂၆၇၇၃. ၃ | ၁၁၉၈၀၉၇. ၆ | ၁၆. ၇ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၀၀၀၂၆၂၁. ၆** | **၁၁၃၃၀၀၈၅. ၈** | **၁၃. ၃** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး** | **၅၁၂၀၇၅၇၆. ၉** | **၅၉၀၅၂၅၇၆. ၀** | **၁၅. ၃** |

**ပူးတွဲ-၆**

## ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၄၂၃၈၄၅၁. ၅* | ၂၇. ၃ | ၅၁၁၄၅၇၆. ၉* | ၂၇. ၃ |
| ၂ | သမဝါယမပိုင် | ၁၅၄၆. ၉ | ၀. ၀၁ | ၁၆၇၃. ၇ | ၀. ၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၁၁၂၆၀၇၁၂. ၁ | ၇၂. ၇ | ၁၃၆၂၈၃၉၈. ၀ | ၇၂. ၇ |
| | **စုစုပေါင်း** | **၁၅၅၀၀၇၁၀. ၅** | **၁၀၀. ၀** | **၁၈၇၄၄၆၄၈. ၆** | **၁၀၀. ၀** |

* **နိုင်ငံခြားချေးငွေနှင့် ထောက်ပံ့ငွေ အပါအဝင်ဖြစ်ပါသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

**အမျိုးသားလွှတ်တော်ဌာန**

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် )

**၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့တွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂) ဦး မေးမြန်းသည့်မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဖြေကြားချက်များ**

**(၄) ကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသ (The 4th GMS) ၏ ချမှတ်ထားသော အစီအစဉ်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် မည်ရွေ့မည်မျှ လုပ်ငန်းအဆင့်ဆင့်ကို အကောင်အထည်ဖော်ထားသည်ကို သိရှိလိုသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာတင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးအနေဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ အစပြု၍ အကြီးအကဲကွပ်ကဲမှုဖြင့် အေးချမ်းသာယာစွာ ယနေ့ ဆဋ္ဌမပုံမှန်အစည်းအဝေးအထိ ကျင်းပပေးလာနိုင်မှုကို လေးစားစွာဂုဏ်ပြုအပ်ပါတယ်။ အလားတူ ယနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတင်ကျင်းပတဲ့နေ့မှာ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို ကျန်းကျန်းမာမာ၊ ရွှင်ရွှင်လန်းလန်းနဲ့ တွေ့ဆုံရတဲ့အတွက် ဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်စကား တင်ပြပန်ကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းရဲ့ ရည်ရွယ်ချက်ကတော့ ဖူးပွင့်လာမယ့် အသီးအပွင့်တွေဟာ နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားအပေါင်းတို့ ခံစားစေနိုင်ဖို့အတွက် ရည်ရွယ်ထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒါကြောင့် အုပ်ချုပ်ရေးမြို့တော်ဖြစ်တဲ့ နေပြည်တော်မှာ ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလမှာ GMS လို့ခေါ်တဲ့ Greater Mekong Sub-Region မဲခေါင်မြစ်ဝှမ်းဒေသဆွေးနွေးပွဲ (၄) ကြိမ်မြောက်ကို ခမ်းခမ်းနားနားကျင်းပခဲ့တာကို တွေ့ရှိခဲ့ရပါတယ်။ ထိုမဲခေါင်မြစ်ဝှမ်းဒေသရဲ့ အစီအစဉ်မှာ မဲခေါင်မြစ်ဖြတ်သန်းစီးဆင်းရာဖြစ်တဲ့ ကမ္ဘောဒီးယား၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံနှင့်တကွ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့ ပါဝင်ပါတယ်။

အဓိကရည်ရွယ်ချက်ကတော့ စိုက်ပျိုးရေးကိုအဓိကထားပြီးတော့ မဟာဗျူဟာစီမံကိန်း (၃) ချက်နဲ့ ဆောင်ရွက်ချမှတ်ထားတဲ့ ဒီကော်မရှင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နံပါတ် (၁) အနေနဲ့ကြည့်ရင် နိုင်ငံအချင်းချင်း ဝိုင်းဝန်းပံ့ပိုးကူညီရန်၊ ဒုတိယအချက်အနေနဲ့ကြည့်လို့ရှိရင် ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေးကို Implement လုပ်ရန်အတွက် ဖြစ်ပါတယ်။ တတိယအချက်အနေကတော့ Social Living Standard ကို Promote လုပ်ဖို့အတွက် တည်ထောင်ထားတဲ့ ကော်မရှင်ဖြစ်ပါတယ်။ နောက် သူရဲ့ရည်ရွယ်ချက်ဟာ စိုက်ပျိုးရေးကို အဓိကရည်ရွယ်ချက်ဖြစ်တဲ့အတွက် C.A.S.P လို့ခေါ်တဲ့ Co-Agriculture Support

Programme ဒါလေးကိုတော့ ကျွန်တော့်ကို ပြောခွင့်ပြုပါခင်ဗျား။ ဒီလို မိုငြမ်းပြီးပြောမှလည်း မဲခေါင်မြစ်ဝှမ်း ဒေသရဲ့မေးခွန်းဟာ ပြည့်စုံမှာဖြစ်ပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ C.A.S.P ခေါ်တဲ့ Co-Agriculture Support Programme ကို သူတို့ ချမှတ်ခဲ့ပါတယ်။

အဲဒီကနေပြီးတော့မှ Working Group of Agriculture ဆိုပြီးတော့ တစ်ခါ ချမှတ်ခဲ့ပါတယ်။ ချမှတ်ခဲ့ပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ အဆင့် (၃) ဆင့်နဲ့ သွားမယ်ဆိုပြီးတော့ စီမံကိန်းတွေဆွဲထားပါတယ်။ စီမံကိန်းအဆင့် (၃) ဆင့်မှာကတော့ ဒီစိုက်ပျိုးရေးကိုအခြေခံပြီး ဆောင်ရွက်မယ်ဆိုပြီးတော့ ဆုံးဖြတ်ထားခြင်းဖြစ်ပါတယ်။ ဒုတိယအဆင့်မှာတော့ ဒီစိုက်ပျိုးရေးကနေရရှိလာတဲ့ ဒီအသီးအနှံစားသုံးမှု၊ ဆန်ရေစပါး အပေါင်းတို့ကို ကာလဒေသရဲ့ လိုက်လျောညီစွာ ဆောင်ရွက်နိုင်ဖို့အတွက်ကို ဘေးအန္တရာယ်ကြုံကြိုက်တဲ့ အခါမှာ Crisis တွေ ဝင်တဲ့အခါမှာ ပြောင်းလဲပြီး ဆောင်ရွက်နိုင်ဖို့ဆိုတဲ့ ခြွင်းချက်တွေကိုထားပြီး ဆောင်ရွက်နေခြင်းဖြစ်တယ်ဆိုတာ သိရပါတယ်။ ဒါကြောင့်မို့လို့ အရေးအကြီးဆုံးကတော့ Food Security ဖြစ်မယ်။ Food Security ဖြစ်လို့ ပိုလျှံလာမယ်ဆိုရင် ကျွန်တော်တို့ဒေသတွင်း (Plat form) ကနေပြီးတော့ ကမ္ဘာ့ဈေးကွက်ကို လှမ်းနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်ထားရှိပါတယ်။ နောက်အဲဒီမှာပဲ ကျွန်တော်တို့ Agriculture Research တွေ လုပ်ရမယ်။ နောက်တစ်ခါ ကျွန်တော်တို့ Institutional Meganism For Reginal Co-Operation ဆိုတဲ့ လုပ်ငန်းကိုင်ငန်းတွေနဲ့ ထပ်တူညီမျှနိုင်တဲ့နိုင်ငံတွေကို ပေါင်းစပ်ရမယ်ဆိုပြီး အဆင့် (၂) မှာ သတ်မှတ်ထားပါတယ်။ ဒါကြောင့်မို့လို့ ဂျပန်-မဲခေါင်ဆွေးနွေးပွဲတွေ၊ အိန္ဒိယ-မဲခေါင်ဆွေးနွေးပွဲတွေ ဆောင်ရွက်လာတာကို တွေ့ရပါတယ်။

အထူးသဖြင့် ဂျပန်ရဲ့ဆောင်ရွက်မှုဟာ ၂၀၀၉ ခုနှစ်လောက်ကတည်းက ဒီမဲခေါင်ကော်မရှင်ကလည်းပဲ ကျွန်တော်တို့ ယခုမှဆောင်ရွက်နေတဲ့ အဖွဲ့အစည်းမဟုတ်ဘဲနဲ့ ဒီနိုင်ငံတော်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးကောင်စီလက်ထက်လောက်ကတည်းကကို ဖွဲ့စည်းပြီးတော့ ဒီကော်မရှင်ဟာ ရှိနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပေါင်းစပ်တဲ့ (Institutional Meganism For Regional Co-Operation) တွေကိုလုပ်ရမယ်ဆိုတဲ့အတိုင်း ခုနနှစ်နိုင်ငံက လုပ်ဆောင်သွားတာကိုလည်း တွေ့ရပါတယ်။ နောက်တတိယအဆင့်အနေနဲ့ကတော့ လေထုညစ်ညမ်းမှုမရှိရေးဖြစ်ပါတယ်။ ဒီလေထုညစ်ညမ်းမှုမရှိရေးမှာလည်း အထူးသဖြင့် ကျေးလက်ဒေသတွေမှာ သန့်စင်တဲ့ (Renewable Energy) လို့ခေါ်တဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို တည်ထောင်နိုင်ဖို့လိုပါတယ်ဆိုတဲ့အကြောင်း၊ ဒီလိုတည်ထောင်နိုင်တဲ့ စွမ်းအင်ကြောင့်သာလျှင် စိုက်ပျိုးရေးကဏ္ဍကို တိုးချဲ့မယ်ဆိုတဲ့အကြောင်း ဒီအချက်တွေ ပါပါတယ်။

နောက်တစ်ခါ အခုနောက်ဆုံးကတော့ ကျွန်တော်တို့ (၂၉) ရက်၊ နိုဝင်ဘာ ဒီ ၂၀၁၂ အထဲမှာပဲ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံရဲ့ သမ္မတကြီးနဲ့ ဒီကျွန်တော်တို့ ပြည်ထောင်စုသမ္မတနိုင်ငံရဲ့ သမ္မတကြီးတို့ ပူးတွဲကြေညာချက်ထုတ်တဲ့အခါမှာလည်း ဒီမဲခေါင်မြစ်ကော်မရှင်ကို လက်ခံကြောင်း၊ မဲခေါင်မြစ်၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနဲ့ ကျွန်တော်တို့ စဉ်ဆက်မပြတ်သုံးစွဲမှုကို မဲခေါင်မြစ်ကော်မရှင်ကနေ ဆုံးဖြတ်ချက်တွေကို သဘောတူတဲ့အကြောင်းတွေ ပါရှိပါတယ်။ ဒီလိုအချက်တွေကို ဘာကြောင့် ကျွန်တော်တင်ပြခဲ့ရသလဲဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုသမ္မတနိုင်ငံတော်ရဲ့ နိုင်ငံတော်သမ္မတကြီးရဲ့ မျှော်မှန်းထားတဲ့အတိုင်း ၂၀၁၅ ခုနှစ်မှာ ကျွန်တော်တို့ Reducing of Poverty ဆင်းရဲမှုလျှော့ချရေး (၂၆) ရာခိုင်နှုန်းကနေ (၁၆) ရာခိုင်နှုန်းကျရေးအတွက်ကို ဒီရရှိလာမယ့် မဲခေါင်မြစ်ဝှမ်းရဲ့ အသီးအပွင့်တွေကနေ ရှိနေကြတဲ့ တိုင်းရင်းသားပြည်သူတွေ၊ ဒီမြစ်နဲ့ဆက်စပ်ပြီး ဆောင်ရွက်နေကြတဲ့ပြည်သူတွေမှာ အသီးအပွင့်ခံစားပြီးတော့ စီးပွားရေးအလုပ်အကိုင်များ ဖွံ့ဖြိုးအောင်၊ မဲခေါင်မြစ်ရဲ့ ချမှတ်ထားတဲ့ မဟာဗျူဟာနဲ့လည်း ကိုက်ညီအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မျှော်မှန်းပြီးတော့ ဆင်းရဲမှုလျှော့ချနိုင်ရေးကို အကျိုးပြုစေနိုင်မယ့် မေးခွန်းတစ်ခုဖြစ်တဲ့အတွက် ကျွန်တော် လေးစားစွာဖြင့် လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးဌာနသို့ လေးစားစွာမေးမြန်းရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အထည်ချုပ်လုပ်ငန်းများတွင် တိုင်းရင်းသားအမည်ခံ နိုင်ငံခြားသားလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်နေသည့် စီးပွားရေးမသမာမှုများကို ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကော်မရှင်အဖွဲ့ဝင်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့ရဲ့နိုင်ငံတော်ဟာ ဈေးကွက်စီးပွားရေးစနစ်ကို ပီပီပြင်ပြင် ကျင့်သုံးနေပြီဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့အထည်ချုပ်လုပ်ငန်းတွေမှာ နိုင်ငံခြားသားလုပ်ငန်းရှင်တွေရော၊ တိုင်းရင်းသားလုပ်ငန်းရှင်တွေရော အများအပြားထူထောင်ပြီးတော့ အထည်ချုပ်လုပ်ငန်းတွေကို လုပ်ကိုင်နေပါတယ်။ ဒီလိုလုပ်ကိုင်နေတဲ့အခါမှာ ဒီအထည်ချုပ်လုပ်ငန်းတွေမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်များပြားလာတဲ့အခါမှာ နိုင်ငံရဲ့စီးပွားရေးကိုလည်း အထောက်အကူပြုနေတာကို တွေ့ရှိရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကနေပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေကိုလည်း ကျွန်တော်တို့ ပြဋ္ဌာန်းဖို့၊ ပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်နေပြီဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလို ပြောင်းလဲလာတဲ့ ခေတ်စနစ်တွေနဲ့အညီ စီးပွားရေးလုပ်ငန်းရှင်တွေဘက်ကလည်း တာဝန်ယူမှု၊ တာဝန်ခံမှုနဲ့ ရိုးသားဖြောင့်မတ်မှုရှိဖို့ အလွန်အင်မတန်မှပဲ အရေးကြီးလာပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားသားလုပ်ငန်းရှင်တွေဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့အညီ ဆောင်ရွက်ဖို့လိုပါတယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေမှာ နိုင်ငံသားတွေအတွက် ပြဋ္ဌာန်းပေးထားတဲ့ အခွင့်အရေးတွေကို မသမာတဲ့နည်းတွေနဲ့ တိုင်းရင်းသားတွေကို အမည်ခံခိုင်းပြီးတော့ ရယူဆောင်ရွက်နေတယ်ဆိုရင် ဒါဟာ အင်မတန်မှမသင့်လျော်ပါဘူး ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ အထည်ချုပ်လုပ်ငန်းတွေမှာဆိုရင် အဓိကအားဖြင့် လုပ်ငန်းနှစ်မျိုးနှစ်စားရှိပါတယ်။ တစ်ခုကတော့ အထည်ချုပ်လုပ်တဲ့ လုပ်ငန်းပါ။ နောက်တစ်ခုကတော့ အထည်တွေရဲ့အရည်အသွေးကိုစစ်ဆေးရတဲ့ Inspection လုပ်ရတဲ့ လုပ်ငန်းပါ။ အဲဒီတော့ ကျွန်တော်တို့တိုင်းရင်းသားလုပ်ငန်းရှင်လို့ အမည်ခံထားပေမယ့် တကယ့်တကယ်တော့ နောက်ကွယ်မှာ နိုင်ငံခြားသားတွေကနေပြီးတော့ ဆောင်ရွက်နေတဲ့လုပ်ငန်းတွေကို လေ့လာကြည့်တဲ့အခါမှာ ကျွန်တော်တို့အထည်ချုပ်လုပ်ငန်းတွေမှာဆိုလည်း အထည်ချုပ်အလုပ်သမား ထောင်နဲ့ချီတဲ့လုပ်ငန်းကြီးတွေပါ ပါဝင်နေတာကိုတွေ့ရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် ဒီအထည်စစ်ဆေးတဲ့ လုပ်ငန်းတွေဆိုရင်လည်း လုပ်သားဦးရေ (၁၀၀)၊ (၂၀၀) လောက်ပဲရှိတယ်ဆိုပေမယ့် အင်မတန်မှ ဒါဟာ ဝင်ငွေရလမ်း အခွင့်အရေးများတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ နိုင်ငံခြားသားတွေကတော့ အမျိုးမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့ များသောအားဖြင့်တော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တရုတ် (တိုင်ပေ)၊ ကိုရီးယား၊ ဂျပန် စတဲ့ လုပ်ငန်းရှင်တွေဟာ ဒီမှာအုပ်ချုပ်မှုဒါရိုက်တာဆိုပြီးတော့ မြန်မာတိုင်းရင်းသား အမျိုးသား၊ အမျိုးသမီးတွေကို အမည်ခံခိုင်းပြီးတော့ ဒီလို ဆောင်ရွက်နေတာဖြစ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီအခါမှာ နိုင်ငံတော်က ရသင့်ရထိုက်တဲ့ အခွန်အခတွေလည်း အများကြီးနစ်နာပါတယ်။

နောက်တစ်ခါ တိုင်းရင်းသားလုပ်ငန်းရှင်စစ်စစ်တွေရဲ့ အခွင့်အရေးတွေကိုလည်း ထိပါးဆုံးရှုံးနေတာကို တွေ့ရပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကို လှည့်ဖြားပြီးတော့ ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီးတော့ မသမာတဲ့နည်းလမ်းတွေနဲ့ ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒါတွေကိုတော့ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူဖို့ လိုအပ်ပါပြီလို့ တင်ပြလိုပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းလိုတဲ့မေးခွန်းကတော့ အထည်ချုပ်လုပ်ငန်းများတွင် တိုင်းရင်းသားအမည်ခံ နိုင်ငံခြားသားလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်နေတဲ့ စီးပွားရေးမသမာမှုများကို ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိနဲ့ ရှိပါကလည်း မည်သို့အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုပါတဲ့အတွက်ကြောင့်မို့လို့ အများပြည်သူအကျိုးငှာ အပြုသဘောတင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဒေါက်တာကံဇော် (ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ မေးမြန်းသည့် (၄) ကြိမ်မြောက် မဟာမဲခေါင်မြစ်ဝှမ်းဒေသ (The 4th GMS) ၏ ချမှတ်ထားသော အစီအစဉ်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် မည်ရွေ့၊ မည်မျှ လုပ်ငန်းအဆင့်ကို အကောင်အထည်ဖော်ထားသည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့် ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလမှာ နေပြည်တော်မှာ လက်ခံကျင်းပခဲ့ပြီး မဟာဗျူဟာမူဘောင်သစ်ကို ချမှတ်နိုင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ၊ နေပြည်တော်တွင် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပသည့် စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးတွင် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လမ်းညွှန်အဖြစ် မဲခေါင်ဒေသခွဲမဟာဗျူဟာမူဘောင်သစ် (၂၀၁၂-၂၀၂၂) ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ မဟာဗျူဟာမူဘောင်သစ်အရ GMS အစီအစဉ်အနေဖြင့် အနာဂတ်တွင် ကြုံတွေ့ရမည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ဆောင်ရွက်မည့် ဦးတည်ချက်ကို အဖွဲ့ဝင်နိုင်ငံများမှ ချမှတ်ခဲ့ကြခြင်းဖြစ်ပါတယ်။

ထိုသို့ ချမှတ်ထားရာတွင် အဓိကအားဖြင့် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ Hardware Infrastructure တွင် ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်အလေးပေးဆောင်ရွက်သွားရန်နှင့် ယင်းကို ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ဒေသအဆင့်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မူဝါဒ၊ ဖွဲ့စည်းမှု၊ အသိပညာနှင့် နိုင်ငံများအကြား ပေါင်းစည်းညှိနှိုင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရေးဆိုင်ရာကိစ္စရပ်များ (Software) များကို ပိုမိုစူးစိုက်ဆောင်ရွက်ရန်တို့ ပါရှိပါတယ်။

ထို့ပြင် မဟာဗျူဟာမူဘောင်သစ်တွင် ဒေသခွဲဖွံ့ဖြိုးတိုးတက်မှုအတွက် စီးပွားရေးစင်္ကြံလမ်းကြောင်းများချဉ်းကပ်မှု (Corridor Approach) နည်းလမ်းကိုလည်း အဓိကအခန်းကဏ္ဍတစ်ရပ်အဖြစ် လမ်းညွှန်ထားပါတယ်။

မဲခေါင်ဒေသခွဲ မဟာဗျူဟာမူဘောင်သစ် (၂၀၁၂-၂၀၂၂) အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသတွင်းရင်းနှီးမြှုပ်နှံမှု မူဘောင် (မူကြမ်း) ကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ ၁၁-၁၂-၂၀၁၂ ရက်နေ့နှင့် ၁၂-၁၂-၂၀၁၂ ရက်နေ့တို့တွင် တရုတ်နိုင်ငံ၊ နန်းနင်းမြို့၌ ကျင်းပသည့် (၁၈) ကြိမ်မြောက် GMS ဝန်ကြီးများ အစည်းအဝေးသို့ တင်ပြအစီရင်ခံခဲ့ပါတယ်။

စတုတ္ထအကြိမ် GMS ထိပ်သီးအစည်းအဝေးတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် MOU on the Joint Cooperation in Further Accelerating the Construction of the Information Superhighway and its Application in the GMS (MOU) ကို နားလည်မှုစာချွန်လွှာအဖြစ်

လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် MOU for Joint Action to Reduce HIV Vulnerability Related to Population Movement ကို MOU အဖြစ်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် The Establishment of GMS Freight Transporters Association (FRETA) ကို MOA အဖြစ်လည်းကောင်း လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

MOU on the Joint Cooperation in Further Accelerating the Construction of the Information Superhighway and its Application in the GMS နှင့် စပ်လျဉ်း၍ မြန်မာ-တရုတ် Cross Border Link အရ ကျွန်တော်တို့ Voice Internet ကို (30 x E1) လိုင်းအဖြစ်လည်းကောင်း၊ Internet ကို 2.035 Gb သို့ လည်းကောင်း တိုးမြှင့်ခဲ့ပြီး၊ မြန်မာ-ထိုင်း Cross Border Link အရ Internet ကို 2.81 Gb သို့ တိုးတက်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

MOU for Joint Action to Reduce HIV Vulnerability Related to Population Movement နှင့် စပ်လျဉ်း၍ မဟာမဲခေါင်ဒေသခွဲနိုင်ငံများတွင် ရွှေ့ပြောင်းသွားလာနေကြသူများအကြား ဆောင်ရွက်လျက်ရှိတဲ့ HIV ရောဂါကာကွယ်တားဆီးရေး၊ လုပ်ငန်းတိုက်ဖျက်ရေးများမှာ (က) ပြည်သူလူထုတို့အား အသိပေးဆွေးနွေးတင်ပြခြင်း၊ (ခ) ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (ဂ) လိင်ဆက်ဆံမှုမှတစ်ဆင့် HIV ပိုး ကူးစက်ပြန့်ပွားမှုကာကွယ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (ဃ) မူးယစ်ဆေးဝါးသုံးစွဲမှုမှတစ်ဆင့် HIV ပိုး ကူးစက်ပြန့်ပွားမှုကာကွယ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ (င) မိခင်မှကလေးသို့ HIV ပိုး ကူးစက်ပြန့်ပွားမှုကာကွယ်သည့်လုပ်ငန်းများဆောင်ရွက်ခြင်း၊ (စ) ပိုးမွှားကင်းစင်သောသွေးများရရှိစေရန် ဆောင်ရွက်ခြင်း၊ (ဆ) ဝေဒနာရှင်နှင့်မိသားစုများအား ကုသမှုပေးခြင်းနှင့် သင့်လျော်သည့် ပြုစုစောင့်ရှောက်မှုများပေးခြင်း၊ (ဇ) ကဏ္ဍစုံ၊ ဘက်စုံပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ဆောင်ခြင်း၊ (ဈ) အထူးစီမံချက်လုပ်ငန်းဆောင်ရွက်ခြင်း (နယ်စပ်ဒေသရောဂါတိုက်ဖျက်ရေး အစီအစဉ်များ) (ည) လုပ်ငန်းဆောင်ရွက်မှုများ ဆန်းစစ်ဆွေးနွေးသုံးသပ်ခြင်းတို့ ဖြစ်ပါတယ်။

မဟာမဲခေါင်ဒေသခွဲနိုင်ငံများတွင် အစည်းအဝေးများကိုလည်း နှစ်စဉ်ပြုလုပ်လျက်ရှိပါတယ်။ မြန်မာ-ထိုင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသကျန်းမာရေးဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲများကိုလည်း နှစ်စဉ်ပြုလုပ်လျက်ရှိပြီး၊ ရွှေ့ပြောင်းလုပ်သားများ အပြန်အလှန်လွှဲပြောင်းပေးပို့ကုသခြင်းများ (Cross Referral System) ပြုလုပ်ခြင်း၊ နယ်စပ်ဒေသဂိတ်များတွင် နိုင်ငံတကာ ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်နည်းလမ်းများ (International Health Regulation) အတိုင်း လိုက်နာဆောင်ရွက်ခြင်းများကိုလည်း ပြုလုပ်ပေးလျက်ရှိပါသဖြင့် ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများသာမက ပြည်သူလူထုအတွင်း အသိပညာများ မြင့်တက်လာကာ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာတာကို တွေ့ရှိရပါတယ်။ အသက် (၁၅) နှစ်အထက် HIV ပိုးတွေ့ရှိနှုန်းမှာ ၂၀၀၉ ခုနှစ်တွင် (၀. ၆၁) ရာခိုင်နှုန်းရှိရာမှ ၂၀၁၁ ခုနှစ်တွင် (၀. ၅၃) ရာခိုင်နှုန်းအထိ ကျဆင်းလာတာကို တွေ့ရှိရပါသဖြင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများတွင် ရွှေ့ပြောင်းလုပ်သားများအတွင်း ရောဂါကာကွယ်ရေး၊ ကုသရေးနှင့်ပညာပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီး MOU for Joint Action to Reduce HIV VulnerabilityRelated to Population Movement in the GMS ကို အကောင်အထည်ဖော် ဆောင်ရွက်ရေးဆိုင်ရာပူးတွဲလုပ်ငန်းအစီအစဉ်ကို ၁၁-၁၂-၂၀၁၂ ရက်နေ့နဲ့ ၁၂-၁၂-၂၀၁၂ ရက်နေ့များမှာ ကျင်းပခဲ့တဲ့ (၁၈) ကြိမ်မြောက် GMS ဝန်ကြီးများအစည်းအဝေးတွင်လည်း အတည်ပြုနိုင်ခဲ့ကြပါတယ်။

MOA on the Establishment of GMS Freight Transporters Association (FRETA) နှင့် စပ်လျဉ်း၍ (၄) ကြိမ်မြောက် မဟာမဲခေါင်ထိပ်သီးဆွေးနွေးပွဲ GMS စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံရေးကွန်ဖရင့် (GMS BIC) ကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉-၂၀ ရက်နေ့များတွင် နေပြည်တော်၌ ပူးတွဲကျင်းပနိုင်ခဲ့

ပါတယ်။ အဆိုပါ ထိပ်သီးဆွေးနွေးပွဲသို့ မဲခေါင်ဒေသ (၆) နိုင်ငံမှ နိုင်ငံ့အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပါတယ်။

GMS BIC ၏ GMS FRETA and Multimodal Transport Development in GMS Session တွင် GMS နိုင်ငံများမှ ကုန်စည်ပို့ဆောင်ရေးနှင့်ဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာစာတမ်းများ၊ ကုန်စည်ပို့ဆောင်ရေးကဏ္ဍဘက်စုံဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဆိုင်ရာစာတမ်းများ တင်ပြဆွေးနွေးခဲ့ကြပါတယ်။

GMS အသေးစား၊ အလတ်စား SME Credit Guarantee Scheme နဲ့ Promotion of Mutual Investment in GMS Session မှာ မဲခေါင်ဒေသတွင်း အသေးစားနှင့် အလတ်စားချေးငွေအာမခံအစီအစဉ်များ၊ စီးပွားရေးစင်္ကြံတစ်လျှောက် စက်မှုလုပ်ငန်းများဖွံ့ဖြိုးရေးဆိုင်ရာစာတမ်းများနှင့် ဆွေးနွေးချက်များကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

စတုတ္ထအကြိမ် GMS Summit မှာ Reporting to GMS Leaders from GMS Business and Investment Conference အဓိကထောက်ခံတင်ပြချက်များကို အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်မှ လည်းကောင်း၊ GMS-Business Forum (BF) ၏ လုပ်ငန်းဆောင်ရွက်တိုးတက်မှုအခြေအနေများကို GMS - Business Forum ဥက္ကဋ္ဌ Mr. Sun Anmin မှလည်းကောင်း တင်ပြခဲ့ပါတယ်။

GMS နိုင်ငံ့ခေါင်းဆောင်ကြီးများရှေ့မှောက်တွင် GMS - Business Forum ဥက္ကဋ္ဌရာထူး (၂၀၁၂-၂၀၁၃) အား All China Federation of Industry & Commerce မှ Vice-President Mr. Sun Anmin မှ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ဦးဝင်းအောင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

GMS (၆) နိုင်ငံအကြား Freight & Transport Association ဖွဲ့စည်းရေးဆိုင်ရာနားလည်မှုစာချွန်လွှာကိုလည်း လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်။

မဲခေါင်ဒေသအတွင်း ကုန်စည်ပို့ဆောင်ရေးအသင်းဖွဲ့စည်းရန် (၄) ကြိမ်မြောက် မဲခေါင်ညီလာခံတွင် GMS နိုင်ငံများရှိ GMS - Business Forum ဥက္ကဋ္ဌများမှ သဘောတူညီချက်အား ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီးလည်းဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ကုန်သည်နှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပခဲ့သည့် GMS - FRETA Lanch Meeting တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင် (၅) ဦး အမည်စာရင်းတောင်းခံထားခြင်းအား GMS-Business Forum ရုံးသို့ ပေးပို့ပြီးလည်းဖြစ်ပါတယ်။

GMS - FRETA နယ်စပ်ဖြတ်ကျော်ကုန်စည်ပို့ဆောင်ရေး၊ လွယ်ကူချောမွေ့ရေး၊ ကွင်းဆင်းလေ့လာရေးခရီးကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့မှစပြီး မန္တလေးမှ မူဆယ်မြို့များသို့ အသင်းချုပ်ဥက္ကဋ္ဌနှင့် MIFFA ဥက္ကဋ္ဌ ဦးအောင်ခင်မြင့်နှင့် GMS - Business Forum, Board of Director, Mr.John Quarmby တို့ သွားရောက်ခဲ့ကြပါတယ်။

GMS FRETA Meeting ကို လာအိုနိုင်ငံ၊ ဗီယန်ကျင်းမြို့တွင် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျင်းပခဲ့ရာ GMS - Business Forum ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံကုန်သည်နှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲစီးပွားရေးစင်္ကြံ Forum နှင့် GMS အဆင့်မြင့်အရာရှိများ အစည်းအဝေး လက်ခံကျင်းပခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှ ၂၉

ရက်နေ့အထိ မန္တလေးမြို့၊ SEDONA Hotel တွင် စတုတ္ထအကြိမ် မဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံများ Forum နှင့် GMS အဆင့်မြင့်အရာရှိများအစည်းအဝေးနှင့် ဒေသဆိုင်ရာရင်းနှီးမြှုပ်နှံမှုမူဘောင် ဦးဆောင်အစည်းအဝေးကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ (၁၆) ကြိမ်မြောက် မဲခေါင်ဒေသခွဲ သယ်ယူပို့ဆောင်ရေး Forum ကိုလည်းကောင်း ကျင်းပနိုင်ခဲ့ပါတယ်။

(၁၆) ကြိမ်မြောက် မဲခေါင်ဒေသခွဲ သယ်ယူပို့ဆောင်ရေး Forum တွင် မြန်မာနိုင်ငံအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ လေ့လာပြုစုသည့် Myanmar Transport Sector Initial Assessment ကို အတည်ပြုနိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ ရန်ကုန်မြို့တွင် (၁၁) ကြိမ်မြောက် မဲခေါင်ဒေသခွဲ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ကျင်းပနိုင်ခဲ့ပြီး မဲခေါင်ဒေသခွဲ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမူဘောင်နှင့် ရှေ့လုပ်ငန်းအစီအစဉ် ၂၀၁၃၊ ၂၀၁၇ ကိုလည်းကောင်း MoU for the Joint Action to Reduce HIV Vulnerability Related to Population Movement in the GMS အကောင်အထည်ဖော်နိုင်ရေးအတွက် Draft Action Plan (၂၀၁၂၊ ၂၀၁၄) ကို လည်းကောင်း အတည်ပြုနိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့၊ ၂၇ ရက်နေ့များမှာလည်း ရန်ကုန်မြို့တွင် GMS Joint Working Group (WG) နှင့် 13th Meeting of the Regional Power Trade Coordination Committee (RPTCD-13) အစည်းအဝေးကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။ မဲခေါင်ဒေသခွဲ ရထားအသင်းထူထောင်ရေး (Establishment of GMS Railways Association - GMRA) ကို ကနဦးတွင် Non-Legal Body အဖြစ် ဆောင်ရွက်ရန် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်မှ ၁၂ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နန်နင်းမြို့တွင် ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် မဲခေါင်ဒေသခွဲ ဝန်ကြီးများ အစည်းအဝေးတွင် သဘောတူညီမှုရရှိခဲ့ကြပါကြောင်း ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ရွှေ၏မေးခွန်းကို ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး မေးမြန်းသည့် အထည်ချုပ်လုပ်ငန်းများတွင် တိုင်းရင်းသားအမည်ခံ နိုင်ငံခြားလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်နေသည့် စီးပွားရေးမသမာမှုများကို ဖော်ထုတ်အရေးယူရန် အစီအစဉ်ရှိ/မရှိ မေးမြန်းချက်နှင့်ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ၁၉၈၈ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ အထည်ချုပ်လုပ်ငန်းများနှင့်ပတ်သက်၍ အချို့လုပ်ငန်းများက မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံကာ နိုင်ငံခြားသားများက ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည်ကို ၂၀၁၁ ခုနှစ်၊ မေလတွင် ကော်မရှင်အနေဖြင့် စိစစ်တွေ့ရှိခဲ့ပါတယ်။ ဤသို့ဖြစ်ရခြင်း၏အကြောင်းရင်းတွင် ယခင်က လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးများပြားခြင်း၊ ဥပဒေအရ နိုင်ငံခြားသားများသည် နိုင်ငံပိုင်မြေကို ငှားရမ်းလုပ်ကိုင်ခွင့်မရှိခြင်း စသည့် အခြေအနေများကြောင့် နိုင်ငံသားအမည်ခံဆောင်ရွက်မှုများ ဖြစ်ပေါ်ခဲ့ရကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

သို့ဖြစ်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အထည်ချုပ်လုပ်ငန်းများအနက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဖြစ် အမည်ခံဆောင်ရွက်လျက်ရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပြောင်းလဲနိုင်ရေးဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံသားလုပ်သားများ မူလအခြေမပျက် ဆက်လက်လုပ်ကိုင်နိုင်ရေး ရည်ရွယ်ကာ နိုင်ငံသားအမည်ခံ ရင်းနှီးမြှုပ်နှံမှုများအား နိုင်ငံခြားသားပိုင်မြှုပ်နှံမှုများအဖြစ် စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြောင်းလဲဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ကို ၂၇-၂-၂၀၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ပြန်လည်တည့်မတ်ဆောင်ရွက်ပေးခဲ့ပါတယ်။ ယင်းအမိန့်ကြော်ငြာစာအရ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလကုန်

အထိ မြန်မာနိုင်ငံသားအမည်ခံ ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားသားများက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းအဖြစ် လုပ်ငန်းပေါင်း (၂၅) ခုအား ပြောင်းလဲဆောင်ရွက်ပေး ခဲ့ပြီး လုပ်ငန်း (၁) ခုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးဆဲဖြစ်ပါတယ်။ ၎င်းအမိန့် ကြော်ငြာစာအရ ပြောင်းလဲရမည့်အချိန်ကာလမှာ အမိန့်ထုတ်ပြန်ပြီး ရက်ပေါင်း (၉၀) အတွင်း ၂၇-၂-၂၀၁၂ နေ့မှ ၂၇-၅-၂၀၁၂နေ့အပြီး ဆောင်ရွက်ရမည်ဖြစ်သော်လည်း အချို့သောနိုင်ငံခြားသား လုပ်ငန်းရှင်များ လုပ်ထုံးလုပ်နည်းနှင့် လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ရန် အချိန်လိုအပ်ခြင်း ထိုသို့ ပြောင်းလဲဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများရပ်တန့်မှုဖြစ်ပေါ်ပါက နိုင်ငံသားအလုပ်သမား ထိခိုက်နစ်နာဖွယ်ရှိခြင်းကြောင့် မူလအခြေမပျက် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ရည်ရွယ်ပြီး ၃၀-၉-၂၀၁၂ နေ့အထိ တစ်လချင်း သက်တမ်းတိုးဆောင်ရွက်ပေးခဲ့ပါတယ်။

ဤသို့ နည်းလမ်းတကျ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးပြီးဖြစ်သည့်အတွက် အထည်ချုပ် လုပ်ငန်းများ အပါအဝင် ကော်မရှင်က ဆောင်ရွက်ထားသည့်၊ ခွင့်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးပြီး မမှန်မကန်ဆောင်ရွက်မှုများကို တွေ့ရှိပါက လိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ ပြန်လည်ဖြေကြားအပ် ပါတယ် ခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၄၉/၂၀၁၂)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် )

### မကွေးတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၁ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ ကြေညာချက်အမှတ် (၁၃/၂၀၁၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် မကွေးတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နေရာတွင် မကွေးတိုင်းဒေသကြီးကော်မရှင်အဖွဲ့ခွဲ၏ တင်ပြချက်အရ ဦးလှဝင်းဦး အစား ဦးခင်မောင်မြင့်အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

ဝင်းကို
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက် )

အမှတ် ၈၄ ။ ။ ၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄၇/၂၀၁၀) မှ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ဖွဲ့စည်းပုံအား အရာထမ်းရာထူး (၇၆) နေရာ၊ အမှုထမ်းရာထူး (၁၂၄) နေရာ စုစုပေါင်းရာထူး (၂၀၀) နေရာဖြင့် ဖွဲ့စည်းခဲ့ပါသည်။

အမှတ် ၈၅ ။ ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုတစ်ဝန်းလုံးတွင် လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲများကို အောင်မြင်စွာကြီးကြပ်ကျင်းပနိုင်ရေးနှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်နိုင်ရေးတို့အတွက် လုပ်ငန်းလိုအပ်ချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးလက်အောက်ခံ ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်ကို တိုင်းဒေသကြီး/ပြည်နယ် (၁၄) ရုံး၊ နေပြည်တော်နှင့် ခရိုင် (၆၇) ရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၆) ရုံး၊ မြို့နယ် (၃၃၀) ရုံးတို့၏ ဖွဲ့စည်းပုံကို အရာထမ်းရာထူး (၅၁၈) နေရာ၊ အမှုထမ်းရာထူး (၁၆၉၆) နေရာ စုစုပေါင်းရာထူး (၂၂၁၄) နေရာဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်းရန် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၀/၂၀၁၂) မှ သဘောတူခွင့်ပြုပြီးဖြစ်ပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ဖွဲ့စည်းပုံအား အရာထမ်းရာထူး (၅၉၄) နေရာ၊ အမှုထမ်းရာထူး (၁၈၂၀) နေရာ စုစုပေါင်းရာထူး (၂၄၁၄) နေရာဖြင့် တိုးချဲ့ဖွဲ့စည်းလိုက်သည်။

တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## ပြည်ထောင်စုဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် )

အမှတ် ၃၄ ။ ။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ၃၄၀၃/၂-၂/နပတ (ကော်မတီ) နှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်စွဲပါ စာအမှတ်၊ ၁၄၀/၂-၂၁/အစိုးရအဖွဲ့ (ကချင်) တို့အရ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ဦးသိန်းနိုင်အား တာဝန်ဝတ္တရားများ စွန့်လွှတ်သည့်နေ့မှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နယ်စပ်ရေးရာဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် ( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**စစ်ရာထူးခန့်ချုပ်ရုံး**

**(ရေတပ်ဌာနခွဲ)**

၁၃၇၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်

( ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက် )

အမှတ်စဉ် ၄/၂၀၁၂။ ။ အောက်ဖော်ပြပါ စတသ (၅၅) မှ ဗိုလ်လောင်းများအား တပ်မတော် (ရေ) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ရေ)**

**စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုဌာနခွဲ**

| | | | |
|---|---|---|---|
| (၁) | စိန်မင်းညွန့် | ရေ | ၄၉၉၅ |
| (၂) | ကျော်ဇောဟိန်း | ရေ | ၄၉၉၆ |
| (၃) | ရဲသန့်ဦး | ရေ | ၄၉၉၇ |
| (၄) | ငြိမ်းမင်းထွန်း | ရေ | ၄၉၉၈ |
| (၅) | ရဲမင်းအောင် | ရေ | ၄၉၉၉ |
| (၆) | ဇော်လင်းထက် | ရေ | ၅၀၀၀ |
| (၇) | ချမ်းငြိမ်းကို | ရေ | ၅၀၀၁ |
| (၈) | ထက်သူရိန်အောင် | ရေ | ၅၀၀၂ |
| (၉) | ဖြိုးမင်းပိုင် | ရေ | ၅၀၀၃ |
| (၁၀) | သန်းထက်အောင် | ရေ | ၅၀၀၄ |
| (၁၁) | ရဲမင်းထွန်း | ရေ | ၅၀၀၅ |
| (၁၂) | ဘုန်းမြင့်အောင် | ရေ | ၅၀၀၆ |

## (လေတပ်ဌာနခွဲ)

အမှတ်စဉ် ၁၃/၂၀၁၂။ ။ အောက်ပါ ဗိုလ်လောင်းများအား တပ်မတော် (လေ) တွင် ပြန်တမ်းဝင် အရာရှိ (ဒုတိယဗိုလ်) များအဖြစ် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (လေ)**

**အထွေထွေဌာနခွဲ (လေသူရဲ)**

| | | | |
|---|---|---|---|
| (၁) | ကျော်ကျော်လင်း | လေ | ၃၉၃၄ |
| (၂) | ထွန်းမြင့်နိုင် | လေ | ၃၉၃၅ |
| (၃) | ပိုင်ဖြိုးဦး | လေ | ၃၉၃၆ |
| (၄) | ဖြိုးကိုကိုဦး | လေ | ၃၉၃၇ |
| (၅) | စစ်ရဲနိုင် | လေ | ၃၉၃၈ |
| (၆) | ဝေယံကျော် | လေ | ၃၉၃၉ |
| (၇) | ရဲလင်းအောင် | လေ | ၃၉၄၀ |
| (၈) | ထက်နိုင်အောင် | လေ | ၃၉၄၁ |
| (၉) | ကျော်စိုးဦး | လေ | ၃၉၄၂ |
| (၁၀) | မြတ်ကောင်းစံ | လေ | ၃၉၄၃ |
| (၁၁) | ရှိုင်းအောင်လတ် | လေ | ၃၉၄၄ |
| (၁၂) | ရန်လင်း | လေ | ၃၉၄၅ |
| (၁၃) | အေးချမ်းအောင် | လေ | ၃၉၄၆ |
| (၁၄) | အာကာဖြိုးကျော် | လေ | ၃၉၄၇ |
| (၁၅) | အောင်ခန့်ကို | လေ | ၃၉၄၈ |
| (၁၆) | ရဲဝဏ္ဏအောင် | လေ | ၃၉၄၉ |
| (၁၇) | ရဲရင့်အောင် | လေ | ၃၉၅၀ |
| (၁၈) | အောင်မျိုးထက် | လေ | ၃၉၅၁ |
| (၁၉) | အောင်ရဲကျော် | လေ | ၃၉၅၂ |
| (၂၀) | ပိုင်ဖြိုးမင်း | လေ | ၃၉၅၃ |
| (၂၁) | တက်တိုး | လေ | ၃၉၅၄ |
| (၂၂) | ဝင်းမင်းကျော် | လေ | ၃၉၅၅ |
| (၂၃) | ဖြိုးဟိန်းစံ | လေ | ၃၉၅၆ |
| (၂၄) | အောင်ရဲဇော် | လေ | ၃၉၅၇ |
| (၂၅) | သော်ဇင်အောင် | လေ | ၃၉၅၈ |
| (၂၆) | သက်ပိုင်ဦး | လေ | ၃၉၅၉ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

# အဆင့်မြင့်ပညာဦးစီးဌာန
# (အောက်မြန်မာပြည်)

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

( ၂၀၁၂ ခုနှစ်၊ ဇွန်လ ၄ ရက် )

အမှတ် ၂၈၂။ ။ အောက်ဖော်ပြပါ တက္ကသိုလ်၊ ဌာနများမှ ရုံးအုပ်/ရုပ်သံကျွမ်းကျင် (၁)/အသံလွှင့်ကျွမ်းကျင် (၁) လစာနှုန်း (၆၅,၀၀၀-၁,၀၀၀-၇၀,၀၀၀) များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ တက္ကသိုလ်၊ ကောလိပ်၊ ဌာနများတွင် ဌာနစုမှူး/ဌာနခွဲမှူး (စီမံ) လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) များအဖြစ် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ ဌာန/တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး ဌာန/တက္ကသိုလ်/ကောလိပ် |
|---|---|---|---|
| ၁။ | ဦးစောအောင် | ရုပ်သံကျွမ်းကျင် (၁)<br>ရန်ကုန်အဝေးသင်တက္ကသိုလ် | ဌာနစုမှူး (ရုပ်/သံ)<br>ရန်ကုန်အဝေးသင်တက္ကသိုလ် |
| ၂။ | ဒေါ်ရီရီသန်း | ရုပ်သံကျွမ်းကျင် (၁)<br>ရန်ကုန်အဝေးသင်တက္ကသိုလ် | ဌာနစုမှူး (စီမံ)<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>(ပုသိမ်ဌာနခွဲ) |
| ၃။ | ဦးမြင့်ဦး | ရုပ်သံကျွမ်းကျင် (၁)<br>ရန်ကုန်အဝေးသင်တက္ကသိုလ် | ဌာနစုမှူး (ပြန်/ကြား)<br>ရန်ကုန်အဝေးသင်တက္ကသိုလ် |
| ၄။ | ဦးသန့်ဇင်ဦး | ရုံးအုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>(နေပြည်တော်ရုံးခွဲ)<br>(ရန်ကုန်အဝေးသင်တက္ကသိုလ်မှ<br>ရာထူးကို ရယူလျက်) | ဌာနခွဲမှူး (စီမံ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်)<br>(နေပြည်တော်ရုံးခွဲ)<br>(ရန်ကုန်အဝေးသင်တက္ကသိုလ်မှ<br>ရာထူးကို ရယူလျက်) |
| ၅။ | ဒေါ်ငွေးငွေးမော် | ရုပ်သံကျွမ်းကျင် (၁)<br>ရန်ကုန်အဝေးသင်တက္ကသိုလ် | ဌာနစုမှူး (စီမံ)<br>ဒဂုံတက္ကသိုလ် |
| ၆။ | ဒေါ်ညိုစီ | ရုံးအုပ်<br>ဘားအံတက္ကသိုလ် | ဌာနစုမှူး (စီမံ)<br>မြိတ်တက္ကသိုလ် |
| ၇။ | ဒေါ်တင်မေရီ | ရုပ်သံကျွမ်းကျင် (၁)<br>ရန်ကုန်အဝေးသင်တက္ကသိုလ် | ဌာနစုမှူး (စီမံ)<br>ရန်ကုန်အဝေးသင်တက္ကသိုလ် |
| ၈။ | ဦးတင်သိန်း | ရုံးအုပ်<br>ဟသ္သာတတက္ကသိုလ် | ဌာနခွဲမှူး (နယ်မြေ)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်) |
| ၉။ | ဒေါ်မာမာခိုင် | ရုံးအုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်) | ဌာနခွဲမှူး (စီမံ-၁)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်) |
| ၁၀။ | ဒေါ်ခင်ဆွေသိုက် | ရုံးအုပ်<br>ရန်ကုန်တက္ကသိုလ် | ဌာနစုမှူး (စီမံ)<br>ရန်ကုန်တက္ကသိုလ် |

| **စဉ်** | **အမည်** | **လက်ရှိရာထူး၊ ဌာန/တက္ကသိုလ်** | **တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး ဌာန/တက္ကသိုလ်/ကောလိပ်** |
|---|---|---|---|
| ၁၁။ | ဦးတင်မြင့် | ရုံးအုပ် ရန်ကုန်အဝေးသင်တက္ကသိုလ် (ဒဂုံဌာနခွဲ) | ဌာနစုမှူး (စီမံ) စစ်တွေတက္ကသိုလ် |
| ၁၂။ | ဒေါ်သင်းသင်းဌေး | ရုံးအုပ် ဟသ်ာတတက္ကသိုလ် | ဌာနစုမှူး (စီမံ) မအူပင်တက္ကသိုလ် |
| ၁၃။ | ဒေါ်ခင်မာဝင်း | ရုံးအုပ် ရန်ကုန်တက္ကသိုလ် (အဆင့်မြင့်ပညာဦးစီးဌာန၊ အောက်မြန်မာပြည်တွဲဖက်) | ဌာနစုမှူး (စီမံ) ရန်ကုန်တက္ကသိုလ် |
| ၁၄။ | ဒေါ်မြမြရီ | ရုံးအုပ် ထားဝယ်တက္ကသိုလ် | ဌာနစုမှူး (စီမံ) ထားဝယ်တက္ကသိုလ် |
| ၁၅။ | ဦးမြင့်သန်းဦး | ရုံးအုပ် ပုသိမ်တက္ကသိုလ် | ဌာနစုမှူး (စီမံ) ပုသိမ်တက္ကသိုလ် |
| ၁၆။ | ဒေါ်ရီရီမြင့် | ရုံးအုပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) | ဌာနခွဲမှူး (စီမံ-၁) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) |
| ၁၇။ | ဒေါ်စန်းစန်းဝင်း | ရုံးအုပ် ပဲခူးတက္ကသိုလ် | ဌာနစုမှူး (စီမံ) ပဲခူးတက္ကသိုလ် |
| ၁၈။ | ဒေါ်အေးအေးစိုး | ရုံးအုပ် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | ဌာနစုမှူး (စီမံ) ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် |
| ၁၉။ | ဦးသောင်းမြင့် | ရုံးအုပ် ရန်ကုန်စီးပွားရေးတက္ကသိုလ် | ဌာနစုမှူး (စီမံ) ရန်ကုန်စီးပွားရေးတက္ကသိုလ် |
| ၂၀။ | ဒေါ်ခင်အေးငြိမ်း | ရုံးအုပ် ရန်ကုန်အဝေးသင်တက္ကသိုလ် | ဌာနခွဲမှူး (ကျောင်းသားရေးရာ) အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) |
| ၂၁။ | ဦးကျော်လှမောင် | ရုံးအုပ် စစ်တွေတက္ကသိုလ် | ဌာနစုမှူး (စီမံ) ဒဂုံတက္ကသိုလ် |
| ၂၂။ | ဒေါ်စုစုခိုင် | ရုံးအုပ် ရန်ကုန်အဝေးသင်တက္ကသိုလ် (ပဲခူးဌာနခွဲ) | ဌာနစုမှူး ရန်ကုန်အဝေးသင်တက္ကသိုလ် (ပဲခူးဌာနခွဲ) |
| ၂၃။ | ဒေါ်မူမူစိုး | ရုံးအုပ် ရန်ကုန်အဝေးသင်တက္ကသိုလ် (ဟသ်ာတဌာနခွဲ) | ဌာနစုမှူး (စီမံ) ဟသ်ာတတက္ကသိုလ် |
| ၂၄။ | ဦးဝင်းသိန်း | ရုံးအုပ် ဒဂုံတက္ကသိုလ် | ဌာနစုမှူး (စီမံ) ဒဂုံတက္ကသိုလ် |

| စဉ် အမည် | လက်ရှိရာထူး၊ ဌာန/တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး ဌာန/တက္ကသိုလ်/ကောလိပ် |
|---|---|---|
| ၂၅။ ဒေါ်မြင့်မြင့်ဌေး | ရုံးအုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>(ဒဂုံဌာနခွဲ) | ဌာနစုမှူး<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>(ဒဂုံဌာနခွဲ) |
| ၂၆။ ဦးကျော်မြင့်ဆွေ | ရုံးအုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>(ဟသ်ာတဌာနခွဲ) | ဌာနခွဲမှူး<br>တောင်ကုတ်ကောလိပ်<br>[အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်) ရုံးချုပ်တွင်<br>ရာထူးနှင့်အတူ ယာယီတွဲဖက်တာဝန်ချ<br>ထားသည်။] |
| ၂၇။ ဒေါ်တင်တင်ရီ | ရုံးအုပ်<br>ရန်ကုန်တက္ကသိုလ် | ဌာနစုမှူး (စီမံ)<br>ဒဂုံတက္ကသိုလ် |
| ၂၈။ ဦးမြင့်နွယ် | ရုံးအုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>(ပြည်ဌာနခွဲ) | ဌာနစုမှူး (စီမံ)<br>ပြည်တက္ကသိုလ် |
| ၂၉။ ဒေါ်သင်းသင်းဦး | ရုံးအုပ်<br>ရန်ကုန်နိုင်ငံခြားဘာသာ<br>တက္ကသိုလ် | ဌာနစုမှူး (စီမံ)<br>ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် |
| ၃၀။ ဒေါ်နွယ်နွယ်ဝင်း | ရုံးအုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>(မြိတ်ဌာနခွဲ) | ဌာနစုမှူး (စီမံ)<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>(ထားဝယ်ဌာနခွဲ) |
| ၃၁။ ဒေါ်နန်ဘောက် | ရုံးအုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>(ဒဂုံဌာနခွဲ) | ဌာနစုမှူး (စီမံ)<br>ဗန်းမော်တက္ကသိုလ် |
| ၃၂။ ဦးစိုးနိုင်ဦး | ရုံးအုပ်<br>ပြည်တက္ကသိုလ် | ဌာနခွဲမှူး (စီမံ-၁)<br>အဆင့်မြင့်ပညာဦးစီးဌာန<br>(အောက်မြန်မာပြည်) |
| ၃၃။ ဒေါ်စောစောမာ | ရုံးအုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ် | ဌာနစုမှူး (စီမံ)<br>ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် |
| ၃၄။ ဒေါ်တင်တင်မေ | ရုံးအုပ်<br>ပြည်တက္ကသိုလ် | ဌာနစုမှူး<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>(ပြည်ဌာနခွဲ) |
| ၃၅။ ဒေါ်စိုးစိုးမြင့် | ရုံးအုပ်<br>ရန်ကုန်တက္ကသိုလ် | ဌာနစုမှူး (စီမံ)<br>ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် |
| ၃၆။ ဒေါ်မြမြဝင်း | ရုပ်သံကျွမ်းကျင် (၁)<br>ရန်ကုန်အဝေးသင်တက္ကသိုလ် | ဌာနစုမှူး (စီမံ)<br>တောင်ငူတက္ကသိုလ် |

| စဉ် အမည် | လက်ရှိရာထူး၊ ဌာန/တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့်ရာထူး ဌာန/တက္ကသိုလ်/ကောလိပ် |
|---|---|---|
| ၃၇။ ဒေါ်စပယ်ထွန်း | အသံလွှင့်ကျွမ်းကျင် (၁) ရန်ကုန်အဝေးသင်တက္ကသိုလ် | ဌာနစုမှူး (စီမံ) ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် |

အမိန့်အရ

ဇော်ငွေး၊
ညွှန်ကြားရေးမှူးချုပ်၊
အဆင့်မြင့်ပညာဦးစီးဌာန၊
(အောက်မြန်မာပြည်)။

# မြန်မာနိုင်ငံဆေးကောင်စီ

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်

( ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁ ရက် )

အမှတ် ၅ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်၊ သုဓမ္မာလမ်း၊ ရွှေလမင်းပုဂ္ဂလိကဆေးရုံမှ ပြင်ပသားဖွားမီးယပ်ဆရာဝန် ဒေါက်တာမီမီသိန်း (ဆမ-၁၀၄၃၉) သည် လူနာ မသဲဖြူဖြူအောင်အား ကိုယ်ဝန်စောင့်ရှောက်စဉ် ခန့်မှန်းမွေးဖွားရက်တွက်ချက်ရာတွင် မှားယွင်းခြင်း၊ ခွဲစိတ်မွေးဖွားရန်ဆုံးဖြတ်စဉ် ကလေး၏ကိုယ်ဝန်သက် အတွက်မှားခြင်း၊ ခွဲစိတ်ရန် ဆုံးဖြတ်ချက်မှားခြင်း (Decision Error)၊ ခွဲစိတ်ခြင်းမပြုမီ လူနာအား လုံလောက်သောရှင်းပြမှုမရှိခြင်းနှင့် ခွဲစိတ်မွေးဖွား ပေးပြီးနောက် ကလေးနုနေမှန်းသိပြီး လုံလောက်သောကုသမှုများ လုပ်ဆောင်ခဲ့သော်လည်း လူနာရှင်နှင့် ဆက်ဆံရာတွင် လိုအပ်ချက်များရှိနေခြင်း (Communication Gap) များရှိနေကြောင်း စစ်ဆေးတွေ့ရှိရပါ သဖြင့် မြန်မာနိုင်ငံဆေးကောင်စီ ဥပဒေအခန်း (၁၁)၊ ပုဒ်မ ၃၀ (စ) အရ ဤအမိန့်စာ ထုတ်ပြန်သည့်နေ့မှ စ၍ ဆေးဝါးကုသခွင့်လိုင်စင် (ဆမ) အား (၅) နှစ် ပိတ်သိမ်းလိုက်သည်။

ပါမောက္ခဒေါက်တာမျိုးမြင့်၊
ဥက္ကဋ္ဌ၊
မြန်မာနိုင်ငံဆေးကောင်စီ။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် ( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## <u>အပိုင်း ၄</u>

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈ (E) အရ
**(Shwe Lat Saung Gems Co., Ltd)** အား
(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**Shwe Lat Saung Gems Co., Ltd** ၏ နောက်ဆုံးအစည်းအဝေးကို (၁၈-၂-၂၀၁၃) ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် အမှတ် ၁၁ (အေ/ဘီ)၊ ဟံသာဝတီလမ်း၊ အခွန်လွတ်ဈေးရှေ့၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးကျော်ညွန့်
[B.A, D.S, C.P.A, (R.A)]
အမှတ် ၁၁ (အေ/ဘီ)၊ ဟံသာဝတီလမ်း၊
အခွန်လွတ်ဈေးရှေ့၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

## ထူးခြားကောင်းမွန်သောရွေ့လျားမှုဝန်ဆောင်မှု ကုမ္ပဏီလီမိတက်

## Great Mobile Service Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်းကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ထူးခြားကောင်းမွန်သောရွေ့လျားမှုဝန်ဆောင်မှုကုမ္ပဏီလီမိတက်**အား (၁၆-၁-၂၀၁၃) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်ခင်စောယု [B.Com (Q), C.P.A] အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှရရန်နှင့်ပေးရန်ရှိသည်များကို (၁၆-၂-၂၀၁၃) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ကျော်ကိုကိုဝင်း
မန်နေးဂျင်းဒါရိုက်တာ
ထူးခြားကောင်းမွန်သောရွေ့လျားမှုဝန်ဆောင်မှု
ကုမ္ပဏီလီမိတက်၏ ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

ခင်စောယု
B.Com (Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၄၀၀/၁၈-၁-၂၀၁၃။